www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း


| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၁၃၉၈၁၁၀၇ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၁၄၀၄၁၁၀၇ |
| အဖုံး ပန်းချီ | - | ပန်းချီ ဖေညွန့်ဝေ |
| အဖုံး ဒီဇိုင်း | - | ဟိန်းမင်းဇော် (တော်ဝင်မြို့မ) |
| ထုတ်ဝေသူ | - | ဦးလှိုင်ဝင်းမိုး (မြ - ၀၃၉၀၀) |
| | | ၈၈၊ ဒုထပ်(ညာ)၊ ၃၈လမ်း၊ ကျောက်တံတား။ |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ | - | ဦးဝင်းကျော်ထွန်း (မုံရွေးပုံနှိပ်တိုက်) |
| | | ၈၀/၁၊ သံလွင်လမ်း၊ ဗဟန်း။ |
| အတွင်းဖလင် | - | ကိုဦးနှင့် ညီများ |
| စာအုပ်ချုပ် | - | ကြူကြူမွေး |
| ပုံနှိပ်ခြင်း | - | ပထမအကြိမ် |
| | | ၂၀၀၇ခုနှစ်၊ ဒီဇင်ဘာလ။ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၅၀၀ ကျပ် |


(၁၅) အုပ်မြောက် အထူးထုတ်

# ကြယ်တီးသံနှင့်ငှက်တောင်ရှင်းလင်းခဲ့သောရင်ဘတ်များ

ဖြူညိုင်မှူးအိမ်


တော်ဝင်မြို့မစာအုပ်တိုက်

အမှတ်(၈၈)၊ ဒုထပ်(ယာ)၊ ၃၈-လမ်း၊

ဖုန်း - ၂၄၅၂၈၄၊ ၃၇၉၄၈၇


www.burmeseclassic.com

www.burmeseclassic.com


လူငယ်စာရေးဆရာ ပြည့်ပိုင်မှူးအိမ်




www.burmeseclassic.com

www.burmeseclassic.com

# နေ့လွှတ်မီးပုံးများ









BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# ညမီးကြီးများ







စိန်နားပန်မီးပုံး

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com







## Special Thanks To

၁၅အုပ်မြောက်အထိ တောက်လျှောက်အားပေးလာသော ကျွန်တော်၏ ပရိသတ်များ . . .

ဤစာအုပ်ဖြစ်မြောက်ရေးအတွက် ဓာတ်ပုံနှင့်မီးပုံးပျံဆိုင်ရာ Data များ ချီးမြှင့်ပေးသော ဘကြီးဦးရဲမြင့်နှင့် တောင်ပိုင်း မီးပုံးပျံအဖွဲ့သားများ . . .

မီးပုံးပျံပွဲတော်ကြီးကို ချစ်မြတ်နိုးကြသော တောင်ကြီးသူ၊ တောင်ကြီးသားများနှင့် အနယ်နယ်အရပ်ရပ်မှ မီးပုံးပျံချစ်သူ ပရိသတ်များ . . .

ကျွန်တော့်အား တောက်လျှောက် အားပေးခဲ့သော ကျွန်တော်၏ ထုတ်ဝေသူ ကိုမိုး၊ ကျွန်တော့်အစ်ကိုကြီး ဆရာမျိုးကိုမျိုးနှင့် ဆရာထူးဆွေအောင်၊ ဘော်ဒါကြီးနိုးစက် (ခေါ်) မိုးဆက်နှင့် ကျွန်တော်၏ ဘော်ဒါများအားလုံး။

ဝတ္ထုဇာတ်ကောင်နေရာတွင် သူမ၏အမည်ကို ဇွတ်သုံးခိုင်းသော (အဲလေ . . ယောင်လို့) သုံးခွင့်ပြုသော ကျွန်တော့်သူငယ်ချင်း ခင်ဖြူပုလဲ။

ကျွန်တော့်ကလောင်နာမည်ကို မှားခေါ်သလိုခေါ်၊ တစ်ခါတလေ လုံးလုံးမေ့နေတတ်သော ဘော်ဒါများအားလုံး . . .။

ကျေးဇူးတင်ရန်ကျန်ရှိနေသူများအားလုံး. . . အားလုံး သို့ သိုက်လိုက်လှဲလှဲ ကျေးဇူးတင်ရှိပါသည်။

မြည့်ပိုင်မှူးခိုင်

www.burmeseclassic.com

www.burmeseclassic.com



ဤစာအုပ်တွင် ပါဝင်သော အကြောင်းအရာများ မှားယွင်း စွာပါဝင်ခဲ့သည်ရှိသော် ခွင့်လွှတ်နားလည်ပေးပါရန်နှင့် မှားယွင်းမှု အားလုံးသည် ကျွန်တော်၏ လေ့လာမှုချို့ယွင်းခြင်းကြောင့်သာလျှင် ဖြစ်ပါကြောင်း။ ။

**ပြည့်မိုင်မှူးဆော်**



"မင်း ကိုတောင် ပုလဲက မေးနေသေးတယ်"

မေးနေသေးတယ်တဲ့လား။ ဘာရယ်မဟုတ်။ ဖျတ်ခနဲ ကျွန်တော့်ရင်တို့ ခုန်သည်။ 'ခင်ဖြူပုလဲ' ဆိုသော သူမသည် နာမည်ကြားရရုံဖြင့်ပင် ရင်ခုန်စေအောင်ပင် နှလုံးသားကို လှုပ်ခါစေသူဖြစ်သည်။

မိုးသည်းသည်းကြောင့် ချမ်းစိမ့်နေသည့်ကြားက ရင်မှာနွေးခနဲ ခံစားလိုက်ရသည်။ သူမသည်ကား ထိုသို့ ကျွန်တော့်ရင်ကို နွေးစေသူ။

"ဘာမေးတာလဲ . ."

"ဪ . . မသေသေးဘူးလားတဲ့ . ."

"ဟာကွာ . . ငါက အကောင်းမှတ်လို့ . ."

မျက်နှာကြီးနီရင်း ရှက်အမ်းအမ်းဖြစ်သွားသော ကျွန်တော့်ကိုကြည့်လျက် အာကာဟိန်းက 'တခွီးခွီး' ဖြင့် သဘောတကျရယ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မင်းဆက်နိုင်ကပါ 'တဟီးဟီး' လိုက်ရယ်သည်။ အားရအောင် အတန်ကြာကြာ ရယ်ပြီးကာမှ အာကာဟိန်းက . . .

"အလကား နောက်တာပါကွာ . . သူမေးတာက ဒီနှစ် မင်းဦးဆောင်လုပ်တဲ့ မီးပုံးပျံဝင်ပြိုင်ဦးမှာလားတဲ့ . ."

"ကြည့်စမ်း . . သူ့ငါကို တော်တော်စိတ်ဝင်တစားရှိတာပဲ ကွ . ."

ရုက်အမ်းအမ်းဖြစ်နေရာက အရှက်ပြေဆိုသော ကျွန်တော့်စကားပင် ဆုံးရုံရှိသေး မင်းဆက်နိုင်က . . .

"စိတ်ဝင်စားမှာပေါ့ . . မင်းလုပ်လိုက်ရင် အထူးအဆန်းတွေချည်းပဲ ဥစ္စာ . ."

"မင်း တိုးတက်လာပြီ . . မင်းမင်း . ."

"စကားကို ဆုံးအောင်နားထောင် ဖြတ်မပြောနဲ့ . . အရင်နှစ်က မင်းဦးဆောင်လုပ်တဲ့ မီးပုံးပျံမီးလောင်သွားလို့ ဒီနှစ်ရော လောင်ဦးမလားလို့ စိတ်ဝင်စားတာနေမှာပေါ့လို့ ပြောမလို့ . ."

"ဖွ . . ဖွ . . လွဲပါစေ . . ဖယ်ပါစေဗျား . . ခွေးကောင် မဦးမချွတ်နဲ့ ဘာတွေလျှောက်ပြောမှန်းလဲ မသိဘူး . ."

ကွက်ခနဲမျက်နှာပျက်သွားရင်းဆိုသော ကျွန်တော့်ကိုကြည့်ကာ သကောင့်သားများက 'တခွီးခွီး' ရယ်နေပြန်သည်။

ဟုတ်တော့လည်း ဟုတ်သည်။ ယခင်နှစ်ကပြိုင်ပွဲမှာ ကျွန်တော်ခေါင်းဆောင်ကာ လွှတ်တင်ခဲ့သော မီးပုံးပျံမှာ မီးပန်းများ၏ လှပဆန်းသစ်မှုများနှင့် မိုးပေါ်မှာထိုးတက်နေတုန်း ဖြုန်းဆို တိုက်ခတ်လိုက်သော လေပြင်းနှင့်အတူ မီးလောင်ကာ သွားခဲ့ရသည်။ ပရိသတ်များ အားပေးသောလက်ခုပ်သံကို နားထောင်ကာ ပီတိဖြာနေတုန်း မိုးပေါ်တက်သွားတာမှ မကြာသေးသော မီးပုံးပျံပွဲမှာ ဆတ်





ခနဲ လောင်ကျွမ်းကာ မြေခသွားခဲ့သည်မို့ ကျွန်တော် ယောကျ်ားကြီး တန်မဲ့နှင့် မျက်ရည်စိုခဲ့သေးသည်။

မီးပုံးပျံကွင်းထဲမှာ မျက်ရည်စို့ရုံစို့ခဲ့သော်လည်း ကွင်းပြင်ရောက်သောအခါ နှင်းများစိုစွတ်နေသော မြက်ခင်းပေါ် ထိုင်ချရင်း လက်သီးကိုကျစ်နေအောင် ဆုတ်ကာ အံကိုကြိတ်လျက် လူမသိအောင် ငိုခဲ့မိသေးသည်ပဲ။

တန်ဆောင်တိုင်မီးပုံးပျံပွဲတော်ကြီးပြီးလို့ တစ်လနှစ်လလောက်ထိ စိတ်ဝယ်တအုံနွေးနွေးကြီးရှိခဲ့သည်။ 'နောက်နှစ်ပေါ့ကွာ' ဟု အားခဲရင်း အခုတော့လည်း ပြိုင်ပွဲကြီးကျင်းပရန်မှာ နှစ်လခန့်သာလိုတော့သည်။ ယခုပဲ September လက ဆန်း၍နေပြီဖြစ်သည်။

"ဒီ September နောက်ဆုံးပတ်ဆိုရင်ပဲ ငါတို့ပြိုင်ပွဲဝင်စာရင်းတွေ ပေးရတော့မယ် . ."

မင်းဆက်နိုင်(ခေါ်) မင်းမင်းက နာရီမှ Date ကိုကြည့်ရင်း အချိန်ကိုတွက်၍ဆိုသည်။ အာကာဟိန်းက ခေါင်းညိတ်ကာ ထောက်ခံလိုက်ရင်း . . .

"ဟုတ်တယ်လေ . . ပြိုင်ပွဲဝင်စာရင်းပိတ်ပြီးတာနဲ့ ကိုယ်လွှတ်ရမယ့် နေ့တွေ၊ အချိန်တွေကို မဲတစ်ခါတည်းနှိုက်ရမှာပဲလေ"

"ပြိုင်ပွဲစာရင်းတွေတောင် သွင်းရတော့မှာပါလား" ဟု တွေးရင်း ကျွန်တော့်ရင်မှာ တလှပ်လှပ်ဖြင့် ရင်ခုန်သံတို့ မြန်ကာလာသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



ဝေါခနဲ ထိုးဆိုက်လာသော ဆိုင်ကယ်က ကျွန်တော့် ဆိုင်ကယ်ဘေးမှ ပွတ်ကာသီကာ ကပ်မောင်းသွားသည်မို့ ထိုဆိုင်ကယ်ဆီ ဒေါသဖြင့် ကျွန်တော် လှမ်းကြည့်ဖြစ်သည်။

ဆိုင်ကယ်ကို ဒေါက်ထောက်ကာလာနေသော သကောင့်သားက ဆိုင်ကယ်ဦးထုပ်ကိုချွတ်လိုက်သည့်စတိုင်လ်က ဘယ်လိုမှ ထောင့်မကျိုး။

သိပ်စကားမပြောချင်သည်မို့ မမြင်သလိုပင် တစ်ဖက်လှည့်ကာ မင်းမင်းတို့ လာမည့်ဘက်ကို မျှော်ကြည့်ဖြစ်သည်။

"ဟေ့ကောင် . . မင်းဒီနှစ် ဝင်မပြိုင်ဘူးလား . ."

ရှေ့တည့်တည့်မှာ ခြေစုံရပ်ကာ မခိုးမခန့်ပုံစံဖြင့် အမေးရှိသော သကောင့်သားကို ကျွန်တော် ခပ်တည်တည်ပင် စိုက်ကြည့်ဖြစ်သည်။

"အဲဒါ မင်းကိစ္စလား . ."

တမင်ပင် ဘုတောဖြေဖြေသော ကျွန်တော့်အဖြေကြောင့် ဆရာသမားက ခနဲ့တဲ့တဲ့ပြုံးသည်။ ပြီး . . .





"လမ်းကြုံလို့ မေးတာပါ။ မေးတော့လည်း မမေးသင့်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ မင်းက ငါ့ပြိုင်ဘက်မှ မဟုတ်တာ။ ငါကပြိုင်ရင် First, Second, Third အမြဲချိတ်တဲ့ကောင်လေ။ မင်းက နှစ်သိမ့်ဆုတောင်မချိတ်တဲ့ သာမန်ပြိုင်ပွဲဝင်ဆိုတော့ ကိုယ်နဲ့လက်ရည် မတူတဲ့လူကို ဒီလိုမေးရတာ နှိမ်သလိုကြီးဖြစ်နေမှာပေါ့ . . နော့ကွာ . ."

"သတိုးနိုင် မင်း ငါ့ကိုလာရစ်နေတာလား . ."

ဆိုင်ကယ်ပေါ် ထိုင်နေရာက ဆတ်ခနဲ ကျွန်တော်ဆင်းရင်း ဂျင်းဘောင်းဘီအိတ်ကပ်ထဲ လက်ကိုဆောင့်ကြွားကြွားထိုးရင်း ကျွန်တော် ခပ်ဆတ်ဆတ်မေးဖြစ်သည်။

"အရင်နှစ်က ငါ နိုင်ငံခြားရောက်နေလို့ ဝင်မပြိုင်ဖြစ်တဲ့ပွဲမှာ မင်းရဲ့မီးပုံးပျံမီးလောင်သွားတယ်ကြားလို့ စိတ်တောင်မကောင်းဘူး . . ပထမဆုံး ခေါင်းဆောင်ပြီး လွှတ်တဲ့မီးပုံးပျံကျမှ လောင်ရတယ်လို့ကွာ . ."

"ရာသီဥတုကြောင့် လောင်သွားတဲ့မီးပုံးပျံက ကိုယ်စီမံတာ ညံ့လို့၊ ကိုယ့်ရဲ့ဖော်မြူလာတွေမှားလို့ လောင်သွားတာမဟုတ်တော့လည်း Feel မရှိတာတော့ အမှန်ပဲ။ ငါ့မီးပုံးပျံသာ လေတိုက်မီးလောင်မသွားရင် First သို့မဟုတ် Second တစ်ဆုဆုပဲ ဆိုတာ လူတိုင်းပြောနေကြတာ မင်းလည်းပြန်ကြားမှာပါ။ ငါက Third Prize နဲ့အောက်ကို သိပ်စိတ်ဝင်စားတာမဟုတ်ဘူး . ."

"မင်းက အလာကြီးပဲ စိုင်းပြည့်ဖြိုးရ . . အေးလေ . . မင်းရဲ့လက်ရည်ကို ကြည့်ရအောင် ဒီနှစ်ပွဲမှာ ဆုံကြသေးတာပေါ့"

ပြောရင်း ဆတ်ခနဲ လှည့်ထွက်သွားသော သတိုးနိုင်ကို ကြည့်ရင်း ကျွန်တော်ပြုံးဖြစ်သည်။ သတိုးက ငယ်စဉ်ကလေးဘဝကတည်းက တောက်လျှောက်လိုက်ပြိုင်နေသော ပြိုင်ဘက်တစ်ဦး



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ သတိုးနိုင်သည် တကယ်တော့ ကျွန်တော်နှင့် မျက်နှာချင်းဆိုင် အိမ်မှာနေသော တစ်လမ်းတည်းနေ တစ်ရပ်ကွက်သားဖြစ်သည်။

ကျွန်တော်တို့ထက် ပိုချမ်းသာသော အရာရာအတွက် ငွေထုတ်ကြေးကျခံနိုင်သော သူနှင့်ကျွန်တော်က သူငယ်တန်းမှစ၍ အဆင့်တစ်ကို သူတစ်လှည့် ငါတစ်လှည့် လုယူခဲ့ကြမြဲ။

ဆယ်တန်းစာမေးပွဲမှာ ကံဆိုးကာနှစ်ယောက်စလုံး နာမကျန်းဖြစ်ပြီး ရိုးရိုးသာအောင်ခဲ့ကြတော့လည်း အတူတူ။ သူနှင့်ကျွန်တော် စိတ်ဓာတ်ချင်းတူသည်က စာမေးပွဲကို နောက်နှစ်မှဖြေပြီး ဂုဏ်ထူးတွေတသီကြီးယူမည်။ ဒီနှစ်ခြစ်ချလိုက်မည်ဟူသော စိတ်ဓာတ်မရှိကြခြင်းပင်။ ထိုသို့သော စိတ်ဓာတ်တို့ကြောင့်ပင် နှစ်ယောက်စလုံး ရိုးရိုးမှတ်ဖြင့်သာ အောင်ခဲ့ကြသည်။ ပြီး . . တောင်ကြီးတက္ကသိုလ်တက်တာခြင်းလည်း အတူတူ။ မေဂျာမတူခဲ့ကြသော်လည်း သူက သူ့မေဂျာမှာ King ရခဲ့သလို ကျွန်တော်သည်လည်း ကျွန်တော့်မေဂျာမှာ King ရခဲ့သည်။

နောက်ဆုံး E.Major မှ Queen ဖြစ်သော ခင်ဖြူပုလဲကို ကြိုက်ရာမှာပင် နှစ်ဦးစလုံးအကြိုက်တူခဲ့ကြသည်။

ဒါတင်မကသေး။ နှစ်ယောက်အပြိုင် အသည်းအသန် Propose လုပ်ခဲ့ကြသလို ပုလဲ၏ ခေါင်းခါခြင်းကိုလည်း နှစ်ယောက်စလုံး အတူတူရရှိခဲ့ခြင်းဖြစ်သည်။

ဒါဆို . . ဒါမှဆိုသော စိတ်ရှိတာခြင်းလည်း တူနေပြန်ရာ ကျွန်တော်ရော သူပါ ကျောင်းပြီးလို့ ဘွဲ့ယူရန်စောင့်နေကြသော အခုချိန်ထိ ရည်းစားမထားဖြစ်ကြသေး။

ကျွန်တော်တို့ ရည်းစားမထားသလို ပုလဲသည်လည်း ခုထိ ရည်းစားမထားသေး။





ဤအချက်ကပင် ကျွန်တော်တို့နှစ်ယောက်ကို ပို၍သွေးခွဲထားခြင်းဖြစ်တန်သည်။ ထိုင်စောင့်နေရင်း အတန်ကြာလာသောအခါမှ မင်းမင်းတို့နှစ်ကောင်ရောက်ချလာသည်။

"လမ်းမှာ မင်းရဲ့ဘော်ဒါကြီးနဲ့တွေ့ခဲ့တယ်။ ဆိုင်ကယ်ကို ရိုးရိုးမစီးဘူး။ ဆောင့်ကြွားကြွားနဲ့ . . . "

"စီးတာလည်း မြန်လွန်းတယ်။ ကောင်းပါတယ် . . မြန်မြန်စီးလို့ အက်ဆီးဒင့် မြန်မြန်ဖြစ်ပြီး သေတော့လည်း အေးတာပဲ . . "

အာကာနှင့်မင်းမင်းက တစ်ယောက်တစ်ပေါက် ရွတ်ရင်းဆိုသည်။

"အဲဒီလောက်ထိတောင် မေတ္တာထားတယ်လား . . "

ပြောရင်း ကျွန်တော်ရယ်ဖြစ်သည်။ တကယ်တမ်းကျတော့လည်း လူတို့သည် တူရာတူရာပေါင်းသင်းဖြစ်ကြသော နိယာမအတိုင်း ကျွန်တော်နှင့်ပေါင်းဖြစ်သော မင်းမင်းတို့၊ အာကာတို့သည် လူပျော်များဖြစ်ကြသည်။

ထို့အတူ သတိုးနိုင်နှင့်ပေါင်းဖြစ်ကြသော ဘော်ဒါများမှာ ငွေရှိလျှင် အရာရာဖြစ်သည် ဟူသောဝါဒကို လက်ကိုင်ထားကြသူများ ဖြစ်သည်။

သတိုးရောက်လာကာ ဆိုသွားသော စကားတို့ကို ကျွန်တော်ပြန်ပြောလိုက်သည်။

"ဒီကောင်က ဟိုတစ်နှစ်က တတိယဆုလေးချိတ်ထားတာကို မာန်တက်လို့မဆုံး ဖြစ်နေတာကိုး။ ဒီလိုပြောကြကြေးဆို အဲဒီတစ်နှစ်က ငါတို့ ဝိုင်းကူထားတဲ့ ငါတို့ရပ်ကွက်မီးပုံးပျံလည်း ဒုတိယရခဲ့တာပဲ ဥစ္စာ . . "

"ဟုတ်တယ် မင်းမင်း . . မင်းပြောတာလည်း မှန်တယ် . . ဒါပေမယ့် သူက ရပ်ကွက်အနေနဲ့ရတာကို ပြောကြစတမ်းဆိုရင်



www.burmeseclassic.com

www.burmeseclassic.com



သူလည်း ဒီရုပ်တွက်သားပဲဆိုတော့ အဲဒီဒုတိယဆုလည်း သူနဲ့ဆိုင်သလိုကြီးဖြစ်နေတာကိုး။ ဒါကြောင့် သူခေါင်းဆောင်ပြီးရတဲ့ မီးပုံးပျံတိုဲ အဓိကထားပြောသွားတာနေမှာပေါ့ . . "

ကျွန်တော့် စကားအဆုံးမှာ အာကာက 'တော်စမ်းပါ' ဟုဆိုသည်။

"တော်စမ်းပါ . . အဲဒီရုပ်တွက် မီးပုံးပျံနဲ့ပြိုင်လို့ ရတဲ့ ဒုတိယဆုက ဘာကိစ္စသူနဲ့ဆိုင်ရမှာလဲ။ ငါတို့ ဒီမီးပုံးပျံအတွက် အလှူခံတော့ သူတို့အဖေက အန်ကယ်တို့လည်း တစ်လုံးဝင်ပြိုင်ထားတယ်ဆိုပြီးတော့ မျက်နှာပြောင်ကြီးနဲ့ အလှူငွေတစ်ပြားမှ မထည့်ခဲ့ဘူးလေ။ နောက် သတိုးကိုယ်တိုင်လည်း ရုပ်တွက်မမှာရုံမှာ လုပ်နေတဲ့ရုပ်တွက်မီးပုံးပျံလုပ်တဲ့နေရာကို တစ်ခါတောင် လာခဲ့ဖူးလို့လား။ လာကူဖို့ဆိုဝေးရော။ သူ့မီးပုံးပျံအတွက်ပဲ သူလုံးပမ်းခဲ့တာပဲ ဥစ္စာ။ ဘာမှမဆိုင်ပါဘူး။ ဒီဒုတိယဆုက သူတို့နဲ့ ဘာပတ်သက်မှုမှမရှိဘူး"

အာကာ၏စကားကို မင်းမင်းက 'ဒါလည်း ဟုတ်တာပဲ' ဟုဆိုရင်းထောက်ခံသည်။

"ငါကလည်း ပြန်ပြောလိုက်ပါတယ်။ ငါက First (သို့မဟုတ်) Second တစ်ခုခုပဲလိုချင်တဲ့အကြောင်း Third Prize နဲ့အောက်ဆိုရင် စိတ်မဝင်စားတဲ့အကြောင်း . . . "

"သူက ဘာပြန်ပြောလဲ . . "

အာကာက မေးဆတ်ရင်းမေးသည်။

"မင်းက အလာကြီးပဲတဲ့။ ဒီနှစ်ပွဲမှာ ဆုံမယ်တဲ့ . . "

"'သိပ်ဆုံတာပေါ့ကွာ'လို့ မင်းက ပြန်မပြောလိုက်ဘူးလား"

မင်းမင်းက တရှုးရှုးတရှဲရှဲဖြင့်ဆိုသည်။ ဘာမှပြန်မပြောဖြစ်သော်လည်း ကျွန်တော် ဟက်ခနဲရယ်ဖြစ်သည်။

"ဒါနဲ့ မင်းမီးပုံးပျံတိုင်းဖို့ စက္ကူကို ဘယ်ကမှာထားလဲ"





"အရင်နှစ်ကမှာတဲ့ ပင်လောင်းက အစ်မကြီးဆီပဲ အော်ဒါပေးလိုက်တယ်။ သူ့စက္ကူတွေက ကောင်းတယ်ကွ။ အနာအဆာနည်းတယ်။ နောက် အထူအပါးလည်း ကောင်းတယ်။ ဈေးလည်းသင့်တယ်ကွ။ ဒီတော့ သူ့ဆီပဲမှာပေးလိုက်တယ် . . "

"အေးပေါ့ကွာ . . ကြိုမှာထားတော့ သူတို့လည်း အချိန်မီစောစောသိပြီး စောစောကြိုလုပ်ပေးလို့ ရတာပေါ့။ နီးမှကပ်မှ ဖုတ်ပူမီးတိုက်မှာရင် သူတို့လည်း ကမောက်ကမနဲ့ ကသီတယ် . . "

အာကာက တွေးတွေးဆဆဖြင့် ဆိုသည်။ တကယ်တော့ မီးပုံးပျံတိုင်းတာပြုလုပ်ရခြင်းက သိပ်မကြာ။ မီးပုံးပျံအောက်တွင် ဆွဲမည့် မီးရှူး၊ မီးပန်း၊ လောက်ထုပ်၊ ပုလဲခိုင်၊ ခိုပျံ၊ ငါးရှဥ့်၊ ဂလိုက်ဒါ စသည်ဖြင့် တောင်ကြီး အခေါ်အဝေါ်ဖြင့် ယမ်းရိုက်ရခြင်းကသာ တစ်လပတ်ချာလည်လောက် အချိန်ယူရခြင်းဖြစ်သည်။

"ဒါနဲ့ မင်းမနက်ဖြန် ဟဲဟိုး သွားမလို့ဆို . . "

မင်းမင်းက စကားဖြတ်ကာ ကျွန်တော့်ကိုမေးသည်။

"အေး . . မနက်ဖြန်မနက်ပိုင်း လေယာဉ်နဲ့ပါလာမယ့် ဧည့်သည်ကို သွားကြိုမလို့ . . "

"ဘယ်က ဧည့်သည်လဲ . . "

"ရန်ကုန်က . . "

အာကာ၏ အမေးကို ကျွန်တော် ဖြေဖြစ်သည်။

"မင်းတို့ အမျိုးလား . . "

အာကာ၏ ထပ်ဆင့်မေးခွန်းကို ကျွန်တော် ခေါင်းခါပြဖြစ်သည်။ ပြီး . . .

"အမျိုးမဟုတ်ဘူးကွ . . ငါ့အမေရဲ့အချစ်ဆုံးသူငယ်ချင်းရဲ့သမီး။ သူက Italy Guide လုပ်နေတယ်။ ဒီနှစ် တန်ဆောင်တိုင်မှာ အရေးကြီးတဲ့ အထူးဧည့်သည်တစ်ဖွဲ့ကို သူတောင်ကြီးတန်ဆောင်



www.burmeseclassic.com

www.burmeseclassic.com



တိုင် မီးပုံးပျံပွဲကို လိုက်ပြရမယ်။ ဒီတော့ ဒီမီးပုံးပျံနဲ့ ပတ်သက်တဲ့ ပြုလုပ်ပုံအဆင့်ဆင့် စလယ်ဆုံးကို သူအသေးစိတ်လေ့လာထားမလို့တဲ့။ နောက် ပွဲတော်ရက်ရောက်ရင် သူ့ဧည့်သည်တွေကို သေသေချာချာရှင်းပြနိုင်အောင်ပေါ့"

"ဪ . . သူကအပေါ်ယံကြောလေ့လာရုံမဟုတ်ဘဲ လုံးဝအသေးစိတ်ကို လေ့လာမှာပေါ့။ ကြည့်ရတာ အဲဒီအထူးဧည့်သည်ဆိုတာ တော်တန်ရုံ ဧည့်သည်တော့ မဟုတ်ဘူးနဲ့တူတယ် . . "

မင်းမင်းက နဖူးမှဆံပင်ကို သပ်တင်ရင်းဆိုသည်။

"ခရီးသွားကုမ္ပဏီတစ်ခုရဲ့ ပိုင်ရှင်နဲ့ အုပ်ချုပ်ရေးပိုင်းက အရာရှိတွေလို့ ပြောတာပဲ။ အဲဒီလူတွေရဲ့ ခရီးစဉ်မှာကျေနပ်မှုရှိသွားရင် နောက်နှစ်ဧည့်သည်ကျတဲ့ရာသီမှာ မြန်မာနိုင်ငံရဲ့ ခရီးစဉ်တွေအတွက် သူတို့ရောင်းကြတဲ့အခါ သူတို့ကို ကျေနပ်လောက်အောင် Service ပေးထားတဲ့ မြန်မာနိုင်ငံက ကုမ္ပဏီကိုပဲ ဧည့်သည်ထည့်ပေးမှာပဲလေ။ ဒီတော့ ဒီလိုအပြိုင်အဆိုင်များတဲ့ ခေတ်ကြီးမှာ ကိုယ့်နိုင်ငံက သူများကုမ္ပဏီတွေထက် Service ကောင်းကောင်းပေးထားတော့ ဧည့်ပိုရတာပေါ့။ ဧည့်ပိုရရင် ဂုဏ်လည်းရှိမယ် . . ဝင်ငွေလည်းပိုရမယ် . . "

"ဪ . . . "

အာကာက 'ဪ' ဟုဆိုရင်း ခေါင်းကိုညိတ်သည်။ မင်းမင်းက ဖျောက်ခနဲ လက်ဖျစ်တီးရင်း . . .

"အစ်ကိုကိုမေးဖို့ မေ့သွားတယ် . . သူ့အသက်က ဘယ်နှနှစ်လဲ . . "

"ငါ့အစ်မနဲ့အတူတူဆိုတော့ ငါတို့ထက် နှစ်နှစ်ကြီးမှာပေါ့"

ကျွန်တော့်အဖြေကို အာကာက နားထောင်ရင်း . . .

"ငါတို့ထက် နှစ်နှစ်ကြီးတယ်ဆိုတော့ နှစ်ဆယ့်လေးထဲမှာ





ပေါ့။ အရေးကြီးတဲ့ ဧည့်သည်တွေကိုမှ ဒီလိုငယ်ငယ်ရွယ်ရွယ်ပဲ ရှိသေးတဲ့ Guide တစ်ယောက်ကို တာဝန်ပေးတယ်ဆိုကတည်းက ဒီအစ်မက တော်တော်လေး ထက်ထက်မြက်မြက်ရှိလို့ဖြစ်မယ် . . "

"ဒါပေါ့ကွာ . . ကြည့်ရတာ . . ထက်မြက်သွက်လက်ရုံတင်မကဘူး . . တော်တော်လည်း ချောမယ် ထင်တယ် . . "

မင်းမင်းက သူ့ဘာသာသူ ရေရွတ်သလိုလိုနှင့် ကျွန်တော့်ကိုမေးဆတ်ပြရင်း မေးသည်။ ကျွန်တော်က ပခုံးကိုတွန့်လိုက်ရင်း . .

"ငါလည်း မမြင်ဖူးသေးဘူး။ ငါ့အစ်မပဲ မြင်ဖူးတာ။ မနက်ဖြန်လေယာဉ်ကွင်းရောက်မှ သိရတော့မှာပဲ . . . "

"နာမည်ကော မသိဘူးလား . . "

အာကာက ပြောင်ချော်ချော် မျက်နှာပေးဖြင့် မေးသည်။

"သူသူညို တဲ့ကွ . . "

* * *

www.burmeseclassic.com

www.burmeseclassic.com



ပျင်းပျင်း ရှိသည်မို့ ကားထဲမှာပင် သီချင်းနားထောင်ရင်း ကျွန်တော် ကျန်နေရစ်သည်။ မမကတော့ လေယာဉ်ကွင်း၏ အဆောက်အဦထဲဝင်ကာ 'မသူသူညို' ကို သွားကြိုသည်။

လေယာဉ်က စောစောလေးကတင် ဆင်းထားသည်မို့ သိပ်မကြာခင် ရောက်လာကြမှာဖြစ်သည်။ သိပ်ကြာကြာမစောင့်လိုက်ရ။ ခရီးဆောင်အိတ်ကိုဆွဲရင်း မမနှင့်အတူ ရွယ်တူကောင်မလေးတစ်ယောက်ပါလာသည်။

'ရုပ်ရှင်မင်းသမီးပဲ လုပ်လိုက်ပါတော့' ဟု လွှတ်ခနဲ တွေးမိသည်အထိ လှပသော သက်ရှိနတ်သမီးကို ကျွန်တော်အတန်ကြာသည်အထိ ငေးဖြစ်သည်။

"ဟဲ့ . . ကားနောက်ဖုံးဖွင့်ပြီး ဒီအိတ်ထည့်ပေးဦးလေ"

မမက မှင်သက်မိနေသော ကျွန်တော့်ကိုလှမ်းဆိုရင်း ကျွန်တော့်ကို လက်ညှိုးထိုးကာ 'စိုင်းပြည့်ဖြိုးလေ၊ မောင်လေး သူသူညို ဆိုတာ သူပဲ' ဟု အပြန်အလှန် မိတ်ဆက်ပေးသည်။





ကားပေါ်မှ အယောင်ယောင်အမှားမှားဆင်းရင်း အတန်ကြာငေးမိသွားသော ကိုယ့်အဖြစ်ကို ကိုယ်ရှက်ကာ ပြုံးပြဖြစ်သည်။ မသူသူညို၏ ခရီးဆောင်အိတ်ကို ကားနောက်ဖုံးတွင် ထည့်လိုက်သည်။

"ပြည့်ဖြိုးရဲ့ မောင်လေးက လူချောပဲ . ."

အေးငြိမ်းစွာပြုံးရင်းဆိုသော မသူသူညို၏ စကားကြောင့် ကျွန်တော်မျက်နှာပူသွားရသည်။ အနည်းငယ်ရဲသွားမည်ဖြစ်သော ကျွန်တော့်ကို ကြည့်ရင်း သူမရယ်သည်။

"ကားပေါ်မှာ ရေသန့်သုံးဗူး ကျန်သေးတယ်။ 'မ' ကြိုက်သလောက်သောက် . ."

ပြောင်ချော်ချော်နှင့်ပင် ရှက်ဝဲဝဲကြီးဆိုသော ကျွန်တော့်စကားကြောင့် သူမရော၊ မမပါ ရယ်သည်။

"မင်းက မမကို ရေပဲ စေတနာရှိတာလား . . ."

"အာ . . မဟုတ်ပါဘူး . . ရှိတာလေးနဲ့ အရင်ပြုစုတဲ့သဘောပါ။ မနဲ့ မမအတူလျှောက်လာတော့ ကျွန်တော်က 'ဟာ . . ငါ့အစ်မတော့ ကိုယ့်ဇာတ်သည်နဲ့ ကိုရီးယားမင်းသမီးကို မှားခေါ်လာပြီထင်တယ်'လို့ တွေးနေတာ။ ကျွန်တော်တော့ ဘော်ဒါတွေကြားထဲမှာ မျက်နှာပွင့်ဦးတော့မှာပဲဗျာ . ."

"မ,ကလည်း လောလောဆယ် ရေပဲတိုက်စရာရှိတယ်နော်။ မပြောမရှိနဲ့ . . ."

ပြောရင်း ရယ်ဖြစ်ကြပြန်သည်။

"ကြွားရဦးမယ် သူသူရေ . . ငါ့မောင်က ကျောင်းမှာတုန်းက သူ့မေဂျာမှာ King ရထားတာ . . သိလား . ."

"ဟုတ်လား . . ဟာ . . ဒါဆို ကောင်မလေးတွေ ဝိုင်းနေမှာပေါ့။ 'မ' ကို မှန်မှန်ဖြေစမ်း။ ရည်းစားဘယ်နှယောက်ရှိပြီလဲ"

www.burmeseclassic.com

www.burmeseclassic.com



ကားကို လေယာဉ်ကွင်းမှ မောင်းထွက်လာရင်း ကျွန်တော် ရှက်ရယ်ရယ်ဖြစ်သည်။ ကျွန်တော်က ဘယ်မှပြန်မပြောမီမှာပင် မမ က . . .

"အမလေး . . သူက သစ္စာရှင် . . သူသူရဲ့ . . ကျောင်းတက်နေတုန်းတတည်းက ကောင်မလေးတစ်ယောက်တည်းကိုပဲ သဲကြီးမဲကြီး လိုက်ခဲ့တာ။ ဟိုကလည်း မာနခဲ။ သူ့ကို လုံးဝပြန်မကြိုက်ဘူး . . အခု ထိပဲ . ."

"ဟောတော် . . ငါ့မောင်လို လူချောကိုမှ ပြန်မကြိုက်တဲ့ ကောင်မလေးကို ကြုံရင်ပြစမ်းပါ . . သူက ဘာမို့လို့လဲ . . ပြန်မ ကြိုက်ရအောင် . ."

စိတ်တိုဟန် ပါးပါးလေး မျက်နှာပေါ် တင်ရင်းဆိုသော 'မသူ'ကို ကျွန်တော် ဘက်မှန်မှ မြင်နေရသည်။ စိတ်တိုနေတာတောင်မှ အတော်ကြီးလှသော 'မသူ'။

"မကြိုက်သေးတာပါဗျာ . . လောကကြီးမှာ မဖြစ်နိုင်တာ ဆိုတာ မရှိဘူး . ."

'မဖြစ်သေးတာပဲ ရှိတယ်' ဟု ဆိုရန်ပြင်သော ကျွန်တော့် စကားကို 'မသူ' ကဖြတ်ကာ 'မဖြစ်တော့တာပဲ ရှိတယ်' ဟု နောက် သည်။

"ပြောပြစမ်းပါဦး . . အဲဒီ ကလေးမ နာမည်က ဘာတဲ့လဲ"

ကျွန်တော်ဖြေရန် ရှယ်နေဆဲမှာပင် မမက ဝင်ကာဖြေ သည်။

"ခင်ဖြူပုလဲ တဲ့ သူသူရေ . ."

* * *



ဖုန်းလာလို့ကြည့်လိုက်တော့ အာကာ့ဖုန်းဖြစ်နေသည်။

"ပြော . . သူငယ်ချင်း . ."

"ငါ့ကောင် . . မနေ့က မင်းသွားကြိုတဲ့ ညည့်သည်"

"အေး . . ဘာဖြစ်လဲ . . ပြော . ."

"မိုက်လား . . ဟေ့ကောင် . . ချောလား . ."

"အေး . ."

"ဒါဆို ခု ငါလာခဲ့မယ် . ."

"အာ . . ဟေ့ကောင် . ."

ဘာမှ ပြန်မပြောခင်မှာပင် ဆရာသမားက ဖျတ်ခနဲဖုန်းချ သွားခဲ့သည်။ ဘယ်လိုကောင်မှန်းမသိ။ ဝရန်တာမှထွက်ကြည့်လိုက် သောအခါ မမနှင့်မသူက အိမ်ရှေ့ပန်းခြံထဲမှ ခုံပေါ်မှာထိုင်လျက် နှစ်ယောက်သား စကားတပြောပြောဖြင့် ရယ်မောနေကြသည်။ လာ ရင်တော့ အာကာက သူတစ်ယောက်တည်း လာမှာမဟုတ်။ မင်းမင်း တို့ပါ ဝင်ခေါ်လာမှာသေချာ၏။ ဘာရယ်မဟုတ်။ လောင်မီနှစ်



www.burmeseclassic.com

www.burmeseclassic.com



ကောင်ပေါင်းပြီး 'မသူ' ကို အီစီကလီလာလုပ်ကြမည့်အပေါ် ကျွန်တော် ဇာစ်မျိုးကြီးဖြစ်နေရသည်။

မနာလိုသည်များလား။

ထိုမေးခွန်းကို ကိုယ့်ကိုယ်ကိုယ် ပြန်မေးကြည့်တော့လည်း ထိုသို့မဟုတ်ပြန်။ ပုလဲကလွဲလို့ မိန်းကလေးများကို ရင်မခုန်သည်ကတော့ အမှန်။

တောင်တွေးမြောက်တွေး တွေးနေစဉ်မှာပင် သကောင့်သားနှစ်ကောင်ဆိုင်ကယ်ဖြင့် ဝင်လာသည်။ ဆိုင်ကယ်ကို အိမ်ရှေ့စီးလာသော်လည်း နှစ်ကောင်စလုံး၏ မျက်လုံးများက ပန်းခြံထဲရှိ ဒန်းမှမခွာ။ ဆိုင်ကယ်ကို ဒေါက်ထောက်ကာ ဆိုင်ကယ်စီးဦးထုပ်များကိုချွတ်၍ ကြုံရာချခဲ့ပြီး ကျွန်တော်ရှိရာ ဝရန်တာကို လက်လှမ်းပြရင်း ပြေးတက်လာကြသည်။

အပေါ်ထပ်ရောက်လာသောအခါ ဝရန်တာလက်ရန်းပေါ်လက်တင်ရင်း အာကာက . . .

"ဟူး . . မောတာကွာ . . ပြေးလိုက်လွှားလိုက်နဲ့ လျှာကိုထွက်လို့။ မှန်း မင်းဖယ်စမ်း . . အမောပြေအောင် နှစ်ယောက်စလုံးကို ရှုစားလိုက်မယ် . ."

မင်းမင်းက လည်ပင်းကို ဆန့်ရင်း . . .

"အမေပြောတဲ့ အမောပြေက လက်စသတ်တော့ သူတို့နှစ်ယောက်ကိုပြောတာကိုး။ အောင်မြတ်လေး . . အမောပြေလိုက်ထာနော် . . အမောပြေလိုက်ထာ . ."

'တ' နှင့် 'တာ' ရမည့်အစား Over လုပ်ကာ 'ထ' 'ထဆင်ထူး' ဖြင့် 'ထာ' ရင်း ကျွန်တော့်ကို နောက်နေသည်။ မင်းမင်းကိုကြည့်ရင်း ကျွန်တော်ရယ်ဖြစ်သည်။



"ဟကောင် . . ဟကောင် . . မင်းရယ်တာက နှမြောရယ်၊ မချိရယ်ကြီး အချိုးပြန်ပြင်စမ်း . ."

အရေးထဲ အာကာက လာကြွတ်နေသည်။ ကိုယ့်အစ်မကို ရိသဲ့သဲ့ဆိုနေခြင်းအပေါ် မည်ကဲ့သို့သော 'မောင်' က မည်ကဲ့သို့ အားပါးတရ Bravo လုပ်နိုင်ပါမည်တဲ့လဲ။ အချိုးပြင်ဆိုသော စကားကြောင့် ဟက်ခနဲ ရယ်ပြလိုက်သည်။

"အေး . . အဲဒီလိုမှပေါ့ . . ဝါးတားတားလုပ်လို့ကတော့ ပုလဲဆီကို ချွန်ပြီသာမှတ်ပေတော့ . . ."

ပုလဲနှင့်ကျွန်တော် သူငယ်ချင်းဆိုတာထက်မပိုသော်လည်း တစ်ခါတစ်ရံကျ ဆရာသမားများက နောက်သလိုလိုပြောင်သလိုလိုနှင့် လျှောက်ဖွတတ်သည်။

ပုလဲဆိုသော အသံကိုကြားတော့ ဘာရယ်ညာရယ်မဟုတ် ကျွန်တော့်ရင်မှာ ငလျင်တစ်ခုဖြတ်ကာသွားသည်။

တွေးကြည့်တော့ 'မသူ' နှင့် 'ပုလဲ' သည် အလှချင်းသိပ်မကွာလှ။ အမှန်အတိုင်းဝန်ခံရသော် 'မသူ' ကို ချောမောလှပသော မိန်းမတစ်ဦးအဖြစ် ကြည့်ရှုံ ရှုရုံမှအပ ရင်ခုန်မှုမရှိ။ ပုလဲကိုကျတော့ မတူ။ ပုလဲဟူသော အသံကိုကြားလိုက်ရုံမျှဖြင့် ကျွန်တော့်ရင်ခုန်သံတို့ ဝုန်းဒိုင်းကြမြဲ။

တကယ်တော့ အချစ်၏ ခံစားမှုသည် သိသာထင်ရှားစွာ ကွဲပြားမှုရှိသည်မှာ အမှန်ဖြစ်သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



“မ လည်း သိသင့်သလောက်တော့ သိထားတယ်။ မ လေ့လာထားတာကလည်း လေ့လာထားတာပေါ့။ မင်းတို့ကလည်း မင်းတို့ သိသလောက် ရှင်းပြဦး . . ”

ကျွန်တော်တို့သုံးယောက်သား ‘မသူ’ ကိုငေးကြည့်ကြရင်း ကိုယ်စီခေါင်းညိတ်ဖြစ်ကြသည်။ ဒိန်ချဉ်ကြိုက်သည်ဆိုသော ‘မသူ’ ကို ‘ပန်းအလက်ာ’ ကဖေးမှာ လိုက်ပို့ကြရင်း စကားဝိုင်းဖွဲ့နေကြခြင်း ဖြစ်သည်။

ဟိုနှစ်ကောင်ကဆိုင်ကယ်တစ်စီး၊ ‘မသူ’ နှင့်ကျွန်တော်နှင့် ကဆိုင်ကယ်တစ်စီးစီးကာ အိမ်မှထွက်လာစဉ်က လမ်းထိပ်မှာ ပုလဲ မောင်းလာသော ကားနှင့်ဆုံသည်။ ပုလဲ၏အကြည့်က ကျွန်တော့်ကို ကျော်ကာ ‘မသူ’ ထံမှာ ရောက်နေခဲ့သည်မို့ ‘အထင်လွဲသွားလေမလား . . ဟူသော စိုးရိမ်စိတ်က တစ်ဝက်၊ သဝန်တိုစိတ်များ ဖြစ်နေမလား’ ဆိုသော ကျေနပ်စိတ်က တစ်ဝက်။ ဘာပြောပြော ပုလဲ ကျွန်တော့်အပေါ်မှာ အာရုံစိုက်သွားခြင်းအပေါ်တော့ ကျေနပ်မိသလိုလိုရှိသည်။





“ကဲ . . . ရှင်းပြကြဦးလေ . . ”

အအေးပုလင်းကိုယ်စီကိုင်ကာ ငေါင်စီစီကြီးတွေဖြစ်နေကြသော ကျွန်တော်တို့သုံးကောင်ကိုကြည့်ရင်း မသူက တပ်လှန့်သည်။

“ပြည့်ဖြိုး . . မင်းရှင်းပြလိုက် . . ”

အာကာက ဆရာကြီးအထာဖြင့်ဆိုသည်။

“ဟိုဒင်းပေါ့ . . တန်ဆောင်တိုင်ပွဲတော်ဖြစ်ပေါ်လာတဲ့ အကြောင်းနဲ့ကျင်းပရတဲ့ ရည်ရွယ်ချက်တွေကို အကြမ်းဖျင်း ကျွန်တော်ပြောပြမယ် . . မီးပုံးပျံလုပ်ပုံလုပ်နည်း အဆင့်ဆင့်ကိုတော့ နောက်တော့လည်း မသူ မြင်ရဦးမှာပါ။ အဲဒီတော့မှ ကျွန်တော် ထပ်ရှင်းပြမယ် . . ”

စကားကိုဖြတ်ရင်း အအေးကိုတစ်ငုံငုံကာ မသူကိုကြည့်တော့ မသူက ကျွန်တော့်စကားကို နားစွင့်နေဆဲ။ မသိမသာဖြင့် အာကာ့ကို လှမ်းကြည့်သောအခါ ဆရာသမားက မသူကို အပီအပြင် ခိုးကြည့်ကာနေသည်။

“တကယ်တော့ မ,လည်းသိထားပြီးသား ဖြစ်မှာပါ။ တန်ဆောင်တိုင်ပွဲတော်ဆိုတာက သပ်သပ်။ မီးပုံးပျံလွှတ်တင်ပူဇော်တာက သပ်သပ်။ တန်ဆောင်တိုင်ပွဲ စဖြစ်လာပုံကို လူကြီးသူမတွေ ပြောလို့ မှတ်သားဖူးတာကတော့ ဗုဒ္ဓဘုရားရှင်လက်ထက်တော်က တန်ဆောင်မုန်းလပြည့်ညမှာ အဇာတသတ်မင်းနှင့်နောက်ပါတွေက ဘုရားရှင်ထံ သူ့ဘဝမှာပထမဆုံးဘုရားရှင်ကို ဖူးမြော်ဖို့ အလာမှာ မှောင်ရိပ်ကို ဖယ်ဖို့အတွက် မီးရှူးတိုင်တွေကို ထွန်းညှိပြီးတော့ ကိုယ်စီကိုင်ဆောင်လာကြတယ် . . တဲ့”

“နေဦး . . မ တစ်ခုဖြတ်မေးဦးမယ် . . လပြည့်ညကြီးမှာ ကွာ . . လထိန်ထိန်သာနေတဲ့ကိစ္စကို ဘာဖြစ်လို့ မီးရှူးတိုင်တွေနဲ့ မှောင်ရိပ်ဖယ်ကြတာလဲ . . ”



www.burmeseclassic.com

www.burmeseclassic.com



သော သူအလိုမကျသောအချက်ကို ကောက်ကာငင်ကာ ပြောသည်။ မေးလည်းမေးသင့်သော အချက်ဖြစ်သည်။

"ဒါကတော့ မရယ် . . တစ်လမ်းလုံးက မှောင်ရိပ်မရှိဘူး ဆိုတော့ ပြောနိုင်ဘူးလေ . . ဘုရင်ဆိုတော့လည်း မမြင်မကန်း စမ်းတဝါးကြီး ဘယ်သွားချင်ပါ့မလဲ။ ဒီတော့ ရှင်းသထက်ရှင်း၊ လင်းသထက်လင်းအောင် ထွန်းညှိခိုင်းတာနေမှာပေါ့။ ကျွန်တော် ကြားဖူးသလောက် မီးမျှောပွဲတွေဘာတွေဆိုရင်လည်း လပြည့်ညတွေပဲ လုပ်ကြတာ မဟုတ်လား။ သီတင်းကျွတ်လပြည့်ညဆိုရင်လည်း ဒီလိုပဲ မီးထွန်းညှိပူဇော်ကြတာပဲ မဟုတ်လား . ."

"အင်း . . ထားပါတော့ ဆက်ပါဦး . ."

ကျွန်တော့်အဖြေကို သိပ်စိတ်ကျေနပ်မှုရှိပုံမရသံကြီးဖြင့် မသူ ဆိုသည်။ ကျွန်တော်က ခေါင်းကို ခပ်ဖွဖွကုတ်ရင်း စကားကို ဆက်ဖြစ်သည်။

"အလကားနောက်တာပါဗျာ။ ဒီလိုဗျာ . . မသူ သိတဲ့အတိုင်း အဇာတသတ်မင်းက ဒေဝဒတ်ကိုပဲ ကိုးကွယ်ပြီးတော့ ဘုရားရှင်ကို လုံးလုံးမဆည်းကပ်ခဲ့ဘူးလေ။ ပညာရှိဘုရားရှင်ကို မဆည်းကပ်ဘဲနဲ့ သူ့ဆရာဒေဝဒတ်ကို မှားယွင်းကိုးကွယ်မိတဲ့အတွက် သူ့ဆရာဒေဝဒတ်ရဲ့အလိုကျ သူ့ဖခမည်းတော် ဗိမ္ဗိသာရမင်းကြီးကို လုပ်ကြံမိခဲ့တယ်။ အဲဒီလို ခြေဖဝါးခွဲ ဆားသိပ်ပြီးတော့မှ အဲဒီခြေဖဝါးကို မီးကင်ပြီးတော့ သတ်ခဲ့မိတဲ့အတွက် ဖခမည်းတော်က နတ်ရွာစံကံတော်ကုန်သွားပြီးမှ သူကြီးစွာသော နောင်တကိုရတယ်။ အဲဒီအချိန်မှာ သူ့ဆရာဒေဝဒတ်ကလည်း ဘုရားကို သွေးစိမ်းတည်အောင် လုပ်တဲ့ကံရယ်၊ သံဃာကို သင်းခွဲတဲ့ကံတွေကြောင့် မြေမျိုသွားလို့ သူ့မှာ တိုင်ပင်စရာ၊ အားထားစရာ အာစရိယ မရှိတော့ဘူး။ အဲဒီအချိန်မှာ တိုင်းသူပြည်သားတွေကလည်း ဖခမည်းတော်ကို ကိုယ်တိုင်သတ်ခဲ့တဲ့





အဇာတသတ်မင်းကို မကျေနပ်ကြလို့ ဆူပူဖို့ကြိုးပမ်းနေကြပြီ။ အဲဒီမှာ သွေးပျက်နေတဲ့ အဇာတသတ်က နန်းတွင်းမှူးမတ်တွေရဲ့ အကြံပေးမှုကြောင့် ကျော်ကြားနေတဲ့ ဒိဋ္ဌိဆရာကြီးတွေဆီကို သွားပြီးတော့ စိတ်အေးငြိမ်းမှု အစစ်အမှန်ရရှိအောင် ဘယ်လိုလုပ်ရမလဲ ဆိုပြီးတော့ သွားမေးတယ်။ ဒါပေမယ့် ဒိဋ္ဌိဆရာကြီးတွေပေးလိုက်တဲ့ အဖြေကို အဇာတသတ်မင်းက သဘောမတွေ့ဘူး။ နန်းတော်မှာကလည်း ဒေဝဒတ်ကိုပဲ နန်းတွင်းသူ၊ နန်းတွင်းသားအားလုံးက ကိုးကွယ်ကြတော့ ဘုရားကိုကိုးကွယ်တာဆိုလို့ သမားတော်ဇီဝကတစ်ယောက်ပဲ ရှိတာကိုး။

နောက်ဆုံးတော့ စိတ်ညစ်နေတဲ့ ဘုရင်အဇာတသတ်တသမားတော်ဇီဝကကို အကြံဉာဏ်တောင်းတယ်။ သမားတော်ဇီဝတကလည်း သူကိုးကွယ်ဆည်းကပ်တဲ့ ဗုဒ္ဓဘုရားရှင်ဆီသွားဖို့ ညွှန်းတယ်။ အဇာတသတ်မင်းက တကယ်တမ်းကျတော့ ဆရာဇီဝကကို မယုံဘူး။ ဒါပေမယ့် သူ့ရဲ့စိတ်ဆောက်တည်ရာ မရမှုအတွက် အားကိုးစရာကလည်း ဒီအချက်ပဲရှိတော့တာကိုး။ ဒါနဲ့ပဲ ဆရာဇီဝကကို ဘုရားကျောင်းတော်ဆီ သွားဖို့စီစဉ်ခိုင်းခဲ့တယ်။ စီစဉ်ခိုင်းသာစီစဉ်ခိုင်းရတယ်။ ဘုရားရှင်ရဲ့ တပည့်ဆရာဇီဝကများ ဒီခရီးစဉ်မှာ သူ့ကို လုပ်ကြံပြီးတော့ သူ့ထီးနန်းကိုလုယူလေမလားပဲ ဆိုတဲ့ သံသယရှိတယ်။ ဒါကိုသိနေတဲ့ ဆရာဇီဝကကလည်း ဘုရားရှင်ဆီသွားတဲ့နေရာမှာ ယောကျာ်းစစ်သားတစ်ဦးမှ မခေါ်ဘဲနဲ့ မိန်းမအယောက်ငါးရာကို အမျိုးသားလိုဝတ်ဆင်စေပြီးမှ မီးရှူးတွေကို ကိုင်ဆောင်စေပြီး ဘယ်လိုအမှောင်ရိပ်ကိုမှမရှိအောင် စီစဉ်ခဲ့တယ်။ စီးတော်ယာဉ်နှင့်တကွ ဆင်ငါးရာကို ခေါ်ဆောင်ရာမှာလည်းပဲ ဆင်အမတွေချည်းငါးရာကို ခေါ်ယူခဲ့တယ်။ သူ့ဘုရင်အဇာတသတ်မင်း အထိတ်တလန့် လုံးဝမရှိအောင်ပေါ့။ ဒါတောင်မှ ဘုရားရှင်ရဲ့ ဇေတဝန်



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းတော်ကို ရောက်သွားတော့ အဇာတသတ်မင်းက အကြီးအကျယ်ထိတ်လန့်သွားတယ်။ ငါတော့ ဇီဝကရဲ့လုပ်ကြံမှုကိုခံရပြီ ဆိုပြီးတော့။ သူလန့်ရတဲ့အကြောင်းအရင်းက သံဃာပေါင်းများစွာရှိတဲ့ ဇေတဝန်ကျောင်းတော်ကြီးတစ်ခုလုံးက အရမ်းကို တိတ်ဆိတ်နေလို့။

ဒါပေမယ့် ကျောင်းထဲရောက်တော့ သူ့ရဲ့အထင်နဲ့အမြင် တတ်တက်စင်အောင်လွဲသွားတယ်။ ဘာဖြစ်လို့လဲဆိုတော့ သံဃာတော်တွေအားလုံးက ဈာန်သမာပတ်ဝင်စားနေကြတာကိုး။ အဲဒီမှာပဲ အဇာတသတ်တစ်ယောက် ဘုရားရှင်ဆီက အေးငြိမ်းရာမှန်တဲ့ တရားစစ်၊ တရားမှန်ကို ရရှိသွားခဲ့တယ်။ နန်းတွင်းသူတွေ ကိုင်ခဲ့ကြတဲ့ အဲဒီမီးရှူးတိုင်တွေကို ရှေးက တန်ဆောင်တိုင်လို့ ခေါ်တယ်တဲ့။ အဲဒီကစပြီး ဗုဒ္ဓဘာသာဝင်တွေလည်း တန်ဆောင်မုန်းလ ရောက်တိုင်း မီးရှူးတန်ဆောင်တွေကို ဘုရားရှင်ကို ရည်စူးပြီး ပူဇော်ကြရာကနေ ဗုဒ္ဓဘာသာမြန်မာတိုင်းရင်းသားတွေရဲ့ အစဉ်အလာကြီးမားတဲ့ ပွဲတော်ဖြစ်လာပြီး အခုထိကျင်းပလာတာ စဉ်ဆက်မပြတ်ပါပဲတဲ့ . . "

"အင်း . . ဆက်ပါဦး . . "

မသူက ဆက်ပါဦးဆိုသော်လည်း အာခြောက်နေပြီမို့ အအေးကို ခပ်သွက်သွက်ငုံရင်း မျိုချဖြစ်သည်။

"မီးပုံးပျံလွှတ်တင်ပူဇော်တာကတော့ မသူလည်း သိသင့်သလောက် သိပြီးသားဖြစ်မှာပါ . . "

"ပြောပါ ဆရာရဲ့ . . သိပြီးသားဖြစ်မှာပါ ဆိုတာကြီးပဲ"

မသူက ဆတ်ခနဲ မျက်စောင်းထိုးရင်းဆိုသည်။ ဘာရယ်မဟုတ် ကောင်မလေးမျက်စောင်းထိုးတာမျိုး မခံဖူးသည်မို့ ရင်မှာ



ကတုန်ကရင်ကြီးဖြစ်သွားရသည်။ ပြောလက်စစကားကိုပင် မေ့တေ့တေ့ဖြစ်သွားသည်မို့ စကားကို အသည်းအသန်ပြန်တွေးယူရသည်။

"ဒီလိုဗျ . . တာသတိံသာနတ်ပြည်မှာ သိကြားမင်းတည်ထားကိုးကွယ်တဲ့ စူဠာမဏိစေတီတော်ကို ပူဇော်တဲ့အနေနဲ့ လွှတ်တင်ကြတာပါ။ လေ့လာတွေ့ရှိချက်တွေအရကတော့ မြန်မာတိုင်းရင်းသားတွေ မီးပုံးပျံလွှတ်တင်တဲ့ဓလေ့ကို ကျယ်ကျယ်ပြန့်ပြန့် စတင်လာတာကတော့ ၁၉၂၉ မတိုင်ခင်ကတည်းကလို့ ဆိုကြတယ်။ ကျွန်တော်တို့ မူလတန်းမှာတုန်းကလည်း သင်ခဲ့ကြရပါတယ်။ မြန်မာ့သမိုင်းမှာ ထင်ရှားခဲ့တဲ့ မီးပုံးပျံဦးကျော်ရင်ဆိုတဲ့ သူရဲကောင်းက ၁၉၂၉ခုနှစ်မှာပဲ မီးပုံးပျံလွှတ်ပြီး အဲဒီမီးပုံးပျံနဲ့အတူ ကောင်းကင်မှာလိုက်ပါ အစွမ်းပြခဲ့တယ်"

"အဲဒီကနေ မီးပုံးပျံလွှတ်တင်ပူဇော်တဲ့ အလေ့အထက ပိုများပြားလာပြီးတော့ မီးပုံးပျံမြှုလုပ်တဲ့နည်းစနစ်တွေ တီထွင်ကြ၊ တိုးချဲ့ကြနဲ့ပဲ တစ်ဦးနဲ့တစ်ဦး၊ တစ်ဖွဲ့နဲ့တစ်ဖွဲ့ ယှဉ်ပြိုင်မှုတွေရှိလာပြီးတော့ ဒီမီးပုံးပျံလွှတ်တင်ပူဇော်ပွဲတွေကို ကြီးကျယ်ခမ်းနားစွာ ကျင်းပလာခဲ့ကြတယ် . . ဒါပါပဲ . . "

ကျွန်တော့်စကားကို ဖြတ်ရင်း အာကာက ဝင်၍ဆိုသည်။ တစ်နည်းဆိုရသော် စကား၏အဆုံးသတ်ကို အာကာက ဝင်၍ဆိုပေးခြင်းဖြစ်သည်။ အာကာ၏ မျက်ဝန်းတို့နှင့် မသူတို့၏ မျက်ဝန်းက ဘာရယ်မဟုတ် မကြာခဏဆုံနေကြသည်ကို ကြည့်ရင်း ကျွန်တော်နှင့်မင်းမင်း တစ်ယောက်ကိုတစ်ယောက် ကြည့်ဖြစ်ကြသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



တစ်လမ်း တည်းနေ သူငယ်ချင်း နန်းဆမ်ဟွမ်၏မွေးနေ့ပွဲ မှာ ပုလဲနှင့်ဆုံသည်။ မွေးနေ့ပွဲကို နန်းဆမ်ဟွမ်၏ ခြံဝန်းကျယ်ထဲ မှာပင် ကျင်းပသည်မို့ မကျင်းပမီတစ်ရက်အလိုမှာ အကူအဖြစ် လိုအပ်သည်တို့ကို ကူညီကြရင်း သူငယ်ချင်းတွေဆုံဖြစ်ကြသည်။

တကယ်တမ်းကျတော့ အားလုံးက စီစဉ်ပြီးသားမို့ ဘာမှ တော့ ထူးထူးထွေထွေ လုပ်စရာမရှိ။ နောက်ဆုံးတော့ ဘော်ဒါတွေ ဟိုတစ်စု ဒီတစ်စုထိုင်ရင်း ထွေရာလေးပါးပြောဖြစ်ကြသည်။

မွေးနေ့ရှင်နန်းဆမ်ဟွမ်၏ဘေးမှာ ပုလဲတစ်ယောက် ဒူးနှစ် ဖက်ကို ပိုက်ရင်း ကျုံ့ကျုံ့လေးထိုင်ကာနေသည်။ တစ်ယောက်တစ် ပေါက်ဝိုင်းဖွဲ့ကာ စကားဆိုနေကြသည်မှာ ဆူညံပွက်လောကို ရိုက် နေသည်။

မင်းမင်းက ကျွန်တော့်ပခုံးကိုဖက်ကာ သူမတို့ရှိရာကို ဆွဲ ခေါ်ကာသွားသည်။ သူမတို့ဆီလျှောက်လာသော ကျွန်တော့်ကို ပုလဲ က ဖျတ်ခနဲမော့ကြည့်သည်။ စိုက်ကြည့်နေသော ကျွန်တော့်ကို ခဏ





မျှကြည့်ရင်း ဘာမှမဖြစ်သလို အေးအေးလူလူပင် အကြည့်လွှဲကာ သွားသည်။

"ဟေ့ နင်တို့ ကျန်းမာရေးနဲ့ညီညွတ်အောင် အတင်းပြောနေ ကြတယ်ပေါ့ ဟုတ်လား . ."

သူမတို့ ဝိုင်းထိုင်နေကြသော စကားဝိုင်း၏အလယ်ခေါင်မှ လက်ဖက်သုပ်ပန်းကန်ကို လှမ်းယူရင်းဆိုသည့် မင်းမင်းကို တစ်ဝိုင်း သုံးမှာရှိသော ကောင်မလေးများက မျက်စောင်းဝိုင်းထိုးသည်။

စိတ်မြန်လက်မြန်ရှိသော ပုလဲ၏သူငယ်ချင်း နန်းပိုခမ်းက လက်ဖက်သုပ်လွေးနေသော မင်းမင်း၏ လက်ပြင်ကို ခပ်ဆတ်ဆတ် ရိုက်ရင်း . . .

"သိရင်လည်း အသာနေလေ . . တို့မိန်းကလေးတွေဆိုတာ က အတင်းလေးနည်းနည်းမှ မပြောရရင် နေလို့ထိုင်လို့ မကောင်း ဘူးဟဲ့ . . ဒီတော့ နင်ဂိုးတော့။ ဒီမှာ ပြောလက်စတန်းလန်းတွေ ပြတ်ရဦးမယ် . ."

နန်းပိုခမ်း၏ ရွဲ့တဲ့တဲ့စကားကို အားလုံးကသဘောတကျ ပြုံးရယ်ကြသည်။ နှင်းဆီဖူးနှုတ်ခမ်းတို့ကို လက်ဖြင့်အုပ်ကာ ရယ် နေသော သူမကို မြတ်နိုးစွာကြည့်နေမိသောခဏ ဖျတ်ခနဲမျက်လုံး ချင်း လှန်ကြည့်သော သူမ၏မျက်လုံးနှင့်ဆုံသည်။ ကမန်းကတန်း မျက် လွှာပြန်ချသွားသော သူမကိုကြည့်ရင်း ရင်ထဲမှာဘာလိုလိုကြီး ခံစား နေရသည်။

"ဟဲ့ . ."

ဘယ်လောက်ထိငေးကာ တွေးနေမိသည်မသိ။ 'ဟဲ့' ဟုဆို ရင်း လက်မောင်းကို လာရိုက်သော နန်းပိုခမ်း၏ လက်သံပြောင်မှု ကြောင့် ကျွန်တော် တွေဝေနေရာက သတိဝင်ကာလာသည်။

"ငါမေးနေတာရော . . ကြားရဲ့လား . ."



www.burmeseclassic.com

www.burmeseclassic.com



"ဘာ . . ဘာမေးလိုက်တာလဲ . . "

"ရော် . . ထမင်းမေ့၊ ဟင်းမေ့ကြီး ဖြစ်နေတာကိုး . . "

နန်းဝိုခမ်း၏ ပြောင်ချော်ချော်နှင့်ကောက်ချက်ချမှုကြောင့် ကျွန်တော် သူမကို မလုံမလဲလှမ်းကြည့်ရင်း မျက်နှာပူသွားရသည်။

"နင်တို့အိမ်မှာ ရောက်နေတဲ့ အစ်မကြီးက ဘာလာလုပ်တာလဲလို့ မေးတာ . . ဥပမာဟာ . . သူက ကျောင်းဆရာမလား . . ဘာလား . . ဒါမျိုးကိုမေးတာ . . "

"Italy Guide တဲ့ဟ . . "

ကျွန်တော်က ဖြေရန်ပြင်ဆဲမှာပင် ဘယ်အချိန်က ရောက်လာမှန်းမသိသော ဆရာသမားအာကာက ဝင်၍ဖြေပေးသည်။

"သိလှချည်လား . . "

မွေးနေ့ပွဲကျင်းပမည့် နန်းဆမ်ဟွမ်က ရွှတ်နောက်နောက်ဖြင့်စသည်။ ပြီး . . .

"ဟိုတစ်နေ့က အဲဒီအစ်မနဲ့စိုင်းပြည့်ဖြိုးအစ်မ ပြည့်ဖူးတို့နှစ်ယောက် လမ်းလျှောက်ရင်း ငါ့အိမ်ရှေ့ရောက်လာကြတယ်။ သူက ငါ့ခြံထဲက သစ်ခွပန်းကို အပြင်ကနေစိတ်ဝင်တစားလှမ်းကြည့်နေတယ်။ ငါလည်း မပြည့်ဖူးနဲ့ နှုတ်ဆက်နေတော့ သူ့အထဲဝင်ကြည့်ချင်နေတယ်နဲ့တူပါတယ်။ 'ဝင်ကြည့်လို့ရမလား' တဲ့ . . ငါလည်း 'ဝင်ကြည့်ပါ' ပေါ့။ အထဲရောက်လာတော့မှ သေသေချာချာကြည့်ဖြစ်တယ်။ တော်တော်ချောတာပဲဟ။ ငါလည်း သူ့ကို စကားပြောကြည့်ရင်းနဲ့ ခင်သွားလို့ မွေးနေ့ပွဲဖိတ်လိုက်တယ်။ ဒါပေမယ့် သိပ်မစပ်စုလိုက်တော့ သူဘာလုပ်လဲတောင် မမေးလိုက်ရဘူး . . "

နန်းဆမ်ဟွမ်၏ဒိုင်ယာလော့ခ်အရှည်အကြီးကို နားထောင်ရင်း ကောင်မလေးများက ခေါင်းကိုညိတ်သည်။





"ရော့ . . နင်မောနေလောက်ပြီ။ ရေသောက်ပြီးမှ ဆက်ပြော"

မင်းမင်းက ရေမပါသော ရေနွေးခွက်ကို နန်းဆမ်ဟွမ်ဆီ လှမ်းပေးရင်း နောက်နေသည်မို့ နန်းဆမ်ဟွမ်က . . .

"ကိုယ်ပြောချင်တာပြောနေရရင် ငါတို့က တစ်နေကုန်ရေမသောက်ရလည်း နေနိုင်တယ်။ မှတ်ထား . . "

ဟုဆိုသည်။ ပြီး ချာခနဲ ဝိုင်းထဲပြန်လှည့်သွားကာ . . .

"ပြောရဦးမယ် . . ဒါနဲ့ ဟို ကိုးရီးယားမင်းသား Rain လေ။ သိလား . . × × × × × × × × × × × × × × × × × × × × × × × × × × × × × × × "

နောက်ဆုံးတော့ စကားဝိုင်းက ကိုရီးယားမင်းသားများဘက် လှည့်ကာသွားသည်။ ကျွန်တော်တို့လည်း ထိုင်နေရာမှ ဆက်နေရန် မသင့်တော့သည်မို့ သုံးကောင်သား အခြားဘော်ဒါများဆီ ဒိုးခဲ့ရတော့သည်။ မဟုတ်လို့ကတော့ 'နင်တို့နဲ့မျှား တခြားစီ' ဆိုတာမျိုးတွေ အပြောခံရတော့မည်ကိုး။

ကျောင်းသားဘဝတုန်းက ဟာသများကို ပြန်ပြောကြရင်း ရယ်မောလို့ကောင်းတုန်း ကျွန်တော့်ဘေးကို ဆတ်ခနဲ နန်းဝိုခမ်းရောက်လာရင်း . . 'ပြောစရာရှိတယ်' ဆိုသော အမူအရာကိုပြသည်။

စကားဝိုင်းထဲက ကျွန်တော်ထွက်လာသောအခါ နန်းဝိုခမ်း၏ ပြောင်ချော်ချော် မျက်နှာနှင့် . . .

"နင်ငါ့ကို အမြန်ကျေးဇူးတင် စိုင်းပြည့်ဖြိုး . . "

"ဟ . . ဘာလဲ . . ဆိုင်းမဆင့်ဗုံမဆင့်ကြီး . . နင့်မျက်နှာကြည့်ရတာလည်း ပြောင်ချော်ချော် ပြုံးစိစိနဲ့ မဟုတ်မှလွဲရော ငါ့ကို ခွန်စရာရှိနေတယ် ထင်တယ် . . "

"ကြည့် . . နင်လေ . . လူတစ်ဖက်သားကို အကောင်းကို



www.burmeseclassic.com

www.burmeseclassic.com



မမြင်ဘူး . . ငါမှာကတော့ သူနဲ့ပုလဲနဲ့ အပြင်အတူတူထွက်ရအောင်လို့ စီစဉ်ပေးတဲ့ဟာကို . . "

"ဘယ်လို . . ဘယ်လို . . "

"မသိဘူး . . မပြောပြတော့ဘူး . . "

Tempo အမြင့်ဆုံးထိ ဆွဲတင်ပြီးကာမှ လူကို Half Feel ဖြစ်အောင်လုပ်ကာ ဆတ်တောက်ဆတ်တောက်ဖြင့် ထွက်ကာသွားသည်မို့ . . .

"ဟ . . နန်းဝိုခမ်း . . သူငယ်ချင်း နေပါဦး သယ်ဂျင်းရာ"

"သွား . . ဘာမှ သယ်ဂျင်းတွေ၊ ဘာတွေ လာလုပ်မနေနဲ့ ငါအခု ပုလဲဆီသွားပြီး နင်က လိုက်မကူနိုင်ဘူးတဲ့လို့ ပြောပြလိုက်မယ် . . ဒါပဲ . . "

နန်းဝိုခမ်းက အပီအပြင်ခြိမ်းခြောက်ရင်း ခပ်သုတ်သုတ် လျှောက်သည်မို့ သူမကို ကျော်တက်ကာ ရှေ့မှ ပိတ်ရပ်လိုက်ရင်း . .

"မလုပ်ပါနဲ့ဟာ . . ဒါမျိုးက အတော်ကုသိုလ်ရတာမျိုးဟ . . ကူညီလက်စနဲ့ ကူညီပါဟာ . . နင်ကလည်း အွန်စောနဲ့တူရဲ့သားနဲ့ . . . "

"ဘာမှလာရှင်းပြမနေနဲ့ . . ငါစိတ်ကောင်းဝင်နေလို့ပေါ့ . . မဟုတ်လို့ကတော့ ဖျက်ပြီးသားပဲ . . သိတယ်မဟုတ်လား . . "

"အေးပါဟာ . . သိပါတယ် . . . "

လက်ပိုက်ကာ မိန့်မိန့်ကြီးလူကို ဟောက်စားလုပ်နေသော သူမကို ကျွန်တော် အစွမ်းကုန်ရိုကျိုးပြရသည်။ ထိုအခါမှ မယ်မင်းကြီးမက ခန့်ခန့်ကြီးပြုံးလိုက်ရင်း . . .

"ဒီလိုဟ . . မနက်ဖြန်ဆမ်ဟွမ်ရဲ့ မွေးနေ့ပွဲမှာဝတ်ဖို့ . . ရတနာတွေကို ပုလဲရဲ့အဒေါ်က သူ့ဆိုင်က ပစ္စည်းတွေနဲ့ ဆင်ရဲ့ချင်လို့။ ကြော်ငြာတဲ့သဘောပေါ့ဟာ . . အဲ . . အခုပစ္စည်းတွေက ဆိုင်ပိတ်လို့ အိမ်ရောက်နေပြီ . . သူ့အဒေါ်အိမ်ကလည်း နင်သိတဲ့အတိုင်း တောင်ပေါ်ကို မြွေလိမ်မြွေကောက် မောင်းရမှာ . . ပုလဲကမိန်းကလေးဆိုတော့ ဘယ်မောင်းရဲလဲမလဲ။ သူ့အဒေါ်အိမ်မှာကလည်း လူမရှိလို့ လာမပို့နိုင်ဆိုတော့ သွားယူမှရမှာ။ ပစ္စည်းကို မနက်ခင်းမှ သွားယူပြန်ရင်လည်း ကသီနေမှာစိုးလို့။ အဲဒါ ပုလဲမမောင်းရဲတဲ့ လမ်းကို နင်မောင်းပေးရမယ်။ ပုလဲမောင်းရဲတယ်ပဲထား၊ သူတို့အဒေါ်လမ်းက နည်းနည်းလှမ်းပြီးတော့ လူပြတ်တယ်မဟုတ်လား။ ခုတလော ပုလဲရဲ့ကားကလည်း ခဏခဏဖောက်နေတယ်ဆိုတော့။

"OK ငါ အားလုံးသဘောပေါက်ပြီ။ အခုသွားရမှာလား"

"အေး . . ဒါပေမယ့် နင်မသွားချင်ဘူး မဟုတ်လား။ မသွားနိုင်ဘူးလို့ ငါပြောပြလိုက်မယ် . . "

"သယ်ဂျင်း . . "

ညစ်ကျယ်ကျယ်ထပ်လုပ်နေသော နန်းဝိုခမ်းကို ကျွန်တော် ညောင်နာနာဖြင့် 'သယ်ဂျင်း' ဟု လက်ဝါးနှစ်ဖက်ကို ထပ်ကာဆုပ်ရင်း တောင်းပန်သည့် အမူအရာလုပ်ပြရသည်။

"ငါ ကိုရီးယားကားတွေထဲကလို ဒူးထောက်ပြီး တောင်းပန်ရမှာလား . . "

"မပိုနဲ့ . . "

"ဪ . . ဒါနဲ့ သူငယ်ချင်း သူ့ကားသိပ်မကောင်းရင် ငါ့အိမ်က ကားပြန်ယူလိုက်မယ်လေ . . နီးနီးလေးပဲဟာ . . "

"နင့်အိမ်က ကားကို ပုလဲက စီးမှာတဲ့လား . . သိရဲ့သားနဲ့"

"ဟုတ်သားပဲ . . "

မာနခဲ ပုလဲက တော်တန်ရုံသူများကားကို သိပ်လိုက်စီးတာမဟုတ်။ အထူးသဖြင့် သူမကို လူသိရှင်ကြား ရပ်ကျော်ရွာကျော်







www.burmeseclassic.com

www.burmeseclassic.com



Propose လုပ်ထားသော ကျွန်တော့်ကားကိုဆို ပိုလို့ပင် စီးမည်မဟုတ်။

"ငါ့အိမ်က ကားကို မစီးချင်ရင်လည်း ငါ့ဆိုင်ကယ်နဲ့သွားရင် မကောင်းဘူးလား . . ငါ့ခါးဖက်ပြီးလိုက်စီးရင်လည်း ငါက မတွန့်တိုတတ်ပါဘူးလို့ . ."

ပြောင်ချော်ချော်ဆိုသော ကျွန်တော့်ကို နန်းဝိုခမ်းက သဘောတကျဖြင့် ရယ်ရင်း . . 'လူပါး' ဟုဆိုသည်။ ပြီး . . .

"မလုပ်ပါနဲ့ဟာ . . သူ့ကားနဲ့ပဲ သွားပါ . ."

"သိပ်တော့ မထူးဘူးနော် . . ငါ့ကားပေါ်ပဲ သူပါပါ . . သူ့ကားပေါ်ပဲ ငါပါပါ အတူတူနဲ့ အနူနူပဲ မဟုတ်ဘူးလား . ."

"လျှာမရှည်နဲ့ . . နင်လေ တော်တော်ရှည်တယ်။ အမြန်သွား ဟိုကစောင့်နေပြီ။ မတော်လို့ သူ့အိမ်ကပဲဖြစ်ဖြစ် သိသွားရင် သူ့ကားနဲ့သူဆိုတော့ ဆင်ခြေပေးလို့ကောင်းတာပေါ့ဟဲ့ . . တုံးရဲ့"

မိန်းကလေးများ၏ စိတ်ကူးကို ကျွန်တော် လိုက်မမီတော့။ တစ်ခါတလေကျတော့လည်း မတွေးတာကောင်းသည်။

နန်းဝိုခမ်း၏ နောက်သို့ ကျွန်တော်လိုက်သွားရင်း ဘာရယ်မဟုတ် ရင်တို့က ခုန်ကာနေသည်။

သူမ ကားဆီ ကျွန်တော် ရောက်သွားတော့ သူမက ကားကိုမှီရင်း စောင့်နေသည်။ ကျွန်တော့်ကို မြင်သောအခါ မပွင့်တပွင့်လှမ်းပြုံးပြသည်။ ဝတ်ကျေတန်းကျေလား မသိရသော်လည်း ဘာကြောင့် ပြုံးပြုံး ကျွန်တော့်အတွက်မူ ချစ်စရာတွေချည်းဖြစ်သည်။

ယောင်နနဖြင့် ခေါင်းကုတ်နေသော ကျွန်တော့်ကိုကြည့်ကာ နန်းဆမ်ဟွမ်တို့အုပ်စုက 'ပဲမများနဲ့' . . ဟူသောသဘောဖြင့် မျက်စောင်းဝိုင်းထိုးသည်။

"ပုလဲ . . Driver ကို ကားသော့ပေးလိုက်လေဟာ . ."



နန်းဆမ်ဟွမ်က တစ်ယောက်ကိုတစ်ယောက် ခပ်တန်းတန်းကြီး ဖြစ်နေသော ကျွန်တော်တို့နှစ်ယောက်ကို ဟာသဖောက်ရင်း နီးကပ်အောင်လုပ်သည်။

စိတ်မြန်လက်မြန်ရှိသော နန်းဝိုခမ်းက . . .

"ပုလဲ ငါ့သူငယ်ချင်း ပြည့်ဖြိုးကို ရိုးရိုးအအလေးဆိုပြီး ကားတင်မပြေးနဲ့နော် . ."

နန်းဝိုခမ်း၏စကားကြောင့် သူမ၏မျက်နှာရဲခနဲ။ သို့သော် ဒိတ်ဆိုးဟန်မပြဘဲ ရှက်ဝဲဝဲဖြင့် ဟက်ခနဲရယ်သည်။

"ငါ့ကို သူပန်းကောင်းအညွန့်ချိုးလုပ်သွားရင်တော့ အဲဒါ နင်တို့တာဝန်နော် . ."

ကျွန်တော်က ညှောင်နာနာဖြင့် ဟာသဖောက်သောအခါ အားလုံးက 'အမလေး . . အဖြစ်သည်းနေလိုက်တာ' ဟုဆိုရင်း 'ဝါး' ခနဲ ဝိုင်းရယ်ကြသည်။

နီရဲနေသော မျက်နှာနှင့်သူမကတော့ 'လဲသေလိုက်' ဟု မပွင့်တပွင့်ထရွတ်သည်။ ပြီး . . ရှက်ရယ်ရယ်နေသည်မို့ 'စိတ်တော့ဆိုးမသွား . .' ဟု မရဲတရဲ ယူဆဖြစ်သည်။

"ကဲ . . ကဲ . . အချိန်ရှိတုန်း မြန်မြန်သွားကြ . . ."

ကောင်မလေးတစ်ယောက်၏ စကားအဆုံးမှာ သူမက ရှေ့ခန်းမှာဝင်ထိုင်သည်။ ကျွန်တော်က လွတ်နေသော Driver နေရာမှာ ခပ်သွက်သွက်ပင် ဝင်ထိုင်ဖြစ်သည်။ အာကာတို့ရှိရာဘက် အမှတ်မထင်လှည့်ကြည့်မိသောအခါ ပါးစပ်ကြီးတွေဟနေသည်အထိ အံ့အားသင့်နေသော ဘော်ဒါနှစ်ကောင်ကို တွေ့ရသည်မို့ ဘာရယ်မဟုတ်။ လူက အလိုလိုမြောက်လာသည်။

မချိမချဉ်ဖြင့် မျက်စိတစ်ဖက်လှမ်းမှိတ်ပြလိုက်ရင်း လက်

www.burmeseclassic.com

တစ်ချက်လှမ်းပြကာ ခပ်တည်တည်ပင် ကားကိုမောင်းထွက်ခဲ့သည်။ ရင်ထဲတွင်မတော့ ကြည်နူးမှုတို့က အပြည့်။

ကားမောင်းထွက်လာရင်း သူမကိုလှမ်းခိုးကြည့်ခိုက် သူမက တစ်စုံတစ်ခုကို ပြောရန် ကျွန်တော့်ဘက်အလှည့်နှင့် တည့်တည့်တိုးသည်။

"ဘာ . . ဘာ . . ပြောမလို့လဲ . ."

အထစ်ထစ်အငေါ့ငေါ့နှင့်ပင် သူမကို မကြည့်ဘဲ မေးဖြစ်သည်။

"ငါ့အဒေါ်အိမ်လမ်းကို ပြောပြမလို့။ ဒီကနေ ရှေ့တည့်တည့်သွားပြီးတော့ ညာဘက်ချိုး . ."

သူမပြောသောလမ်းကို ကျွန်တော်သိနေသည်။ ထို့ကြောင့်ပင် . . .

"အဲဒီလမ်းဆို ငါသိပြီ . . နင့်အဒေါ်ရဲ့အိမ်နံပါတ်က ဘယ်လောက်လဲ . . ."

"အိမ်နံပါတ် . . ၅၂၇ . ."

"အာ . . ဒါဆို ငါ့ခဏခဏ ရောက်ဖူးတာပေါ့။ ခေါင်မိုးအပြာရောင်နဲ့တိုက် . ."

"ဟုတ်တယ် . . ဟုတ်တယ် . . ခေါင်မိုးအပြာရောင်နဲ့ . ."

"နာမည်က အန်တီဝါ . ."

"ဟုတ်တယ် . . နင်ဘယ်လိုသိတာလဲ . ."

"ဩော် . . ငါ့အမေနဲ့အစ်မက သူ့ဆီ ရတနာအသစ်အဆန်းတွေရောက်ရင် သွားကြည့်နေကြလေ။ ငါဘာဖြစ်လို့ အန်တီဝါ့ကို နင့်အဒေါ်မှန်း မသိခဲ့ပါလိမ့် . ."

ဘာရယ်ညာရယ်မဟုတ်သော်လည်း ကျွန်တော့်စိတ်တွေ မြူးကြွကာနေသည်။ အရေးကောင်း ဒိန်းဒေါင်းဖျက်ဆိုသလို နှစ်





ယောက်သား စကားကောင်းနေတုန်း ကျွန်တော့်ဖုန်းက ထမြည်သည်။ ကျွန်တော်ကားကို အရှိန်လျှော့ရင်း ဖုန်းကိုထုတ်ကြည့်တော့ မင်းမင်း၏ ဖုန်းဖြစ်နေသည်။ ဒီကောင်တွေ ပြဿနာတော့ရှာနေပြီဟု တွေးရင်း ဖုန်းကို နားမထောင်ချင်ထောင်ချင်ဖြင့် နားထောင်ဖြစ်သည်။

"ဟဲလို . ."

"ဟဲလိုတွေ ဘာတွေလုပ်မနေနဲ့ . . ငါ့ကောင် . . ပုလဲရဲ့ကားစီးပြီး ဖင်လည်းဝဲပေါက်နေဦးမယ် . . ကြားလား . ."

"ဟဲလို . . ဖုန်းမှားနေတယ် ခင်ဗျ . ."

ဖုန်းကို ဖွတ်ချပစ်ရင်း သူမဆီမလုံမလဲကြည့်ဖြစ်သောအခါ တစ်ခုခုကို ရိပ်မိဟန်တူသော သူမက ရယ်ချင်ပက်ကျိဟန်ဖြင့် တစ်ဖက်လှည့်ကာပြုံးသည်။

သူမ၏ အပြုံးကိုကြည့်ရင်း ကျွန်တော်ပင် မလုံမလဲပြုံးဖြစ်သည်။ နှစ်ယောက်သား ရှက်ပြုံးကိုယ်စီဖြင့် ရှိနေခိုက်မှာပင် ဖုန်းက ထပ်မြည်လာပြန်သည်။

သူမဆီ ဖျတ်ခနဲလှမ်းကြည့်မိသောအခါ သူမကထုံးစံအတိုင်း ရယ်ချင်ပက်ကျိဟန်ဖြင့် ပြုံးရင်းတစ်ဖက်သို့ လှည့်သည်။

ဖုန်းကိုကြည့်လိုက်တော့ အာကာ့ဖုန်းဖြစ်နေသည်။ ဒေါသထွက်ထွက်ဖြင့် မကိုင်ဘဲထားလိုက်ဦးမလို့ တွေးသေးသည်။ နောက်တော့လည်း မကောင်းတတ်သည်မို့ ဖုန်းကိုကိုင်ကာ ကားကိုအရှိန်လျှော့လိုက်သည်။

"ဟဲလို . ."

"ဘာ ဟဲလိုလဲ . . ကိုယ့်သူငယ်ချင်းဖုန်းကိုတောင် ဖုန်းမှားနေတယ်ဆိုပြီး မင်းဖုန်းချပစ်ရက်တယ်နော် . ."

"ဟုတ်ကဲ့ . . အန်တီ . . ကျွန်တော် ပြန်ဆက်လိုက်ပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကွ . ."

ခပ်တည်တည်ပင် အန်တီပစ်လိုက်သည်မို့ အာကာ တစ်ယောက် တော်တော်ကြီးတင်းသွားဟန်တူသည်။ ဘာကွဟု အသံကျယ်ကြီးနှင့် ရေရွတ်သည်။

"မင်း . . မင်း . . တော်တော်ကြီး မိုက်ရိုင်းနေပြီပဲ . ."

"ဟုတ်တယ် . . ဟုတ်တယ် . . အန်တီနဲ့သွားတူနေတာပေါ့နော် . . အန်တီနော် . ."

"ခွေး . . ကောင် . ."

စိတ်ထဲ ချဉ်ချဉ်ရှိသည်မို့ ဖွတ်ပင် 'အန်တီ' သော ကျွန်တော့်ကို အာကာက ဒေါသထွက်ထွက်ဖြင့် ဆဲရေးသည်။

"သားကို အဲဒီလောက်ထိလည်း မချိုးမွမ်းပါနဲ့ အန်တီရာ . . အဟွန်းဟွန်း . . သား ပြန်ဆက်လိုက်မယ်လေ . . ဒါပဲနော် . . အန်တီ . . ."

ပြောပြီး ကမန်းကတန်းဖုန်းချကာ Power ကို ပိတ်ပစ်လိုက်သည်။ ဒီအချိန်ဆို အာကာနဲ့မင်းမင်းနှစ်ကောင်သား ဒေါသတွေ အလိပ်လိုက်၊ အလိပ်လိုက် ထွက်နေလောက်ပြီဖြစ်သည်။

ဖုန်း Power ကို ပိတ်လိုက်တာမြင်သွားသော သူမက ကျွန်တော့်ကို ဆတ်ခနဲလှမ်းကြည့်သည်။

"ကားမောင်းရင်းနဲ့ ဖုန်းမပြောတာ အကောင်းဆုံးပဲ. . အန္တရာယ်များတယ် . ."

တစ်ယောက်တည်းဆိုသလိုနှင့် သူမဘက်လှည့်ကာ ဖြီးဖြစ်သည်။ သူမကတော့ ပြုံးမဲ့ပြုံးလျက် . . .။

* * *



အန်တီဝါတို့အိမ်ထဲ ကွေ့ဝင်လိုက်သောအခါ အိမ်ရှေ့က သစ်ခွခြံထဲမှာ ကပ်ကြေးတစ်လက်ဖြင့် အလုပ်ရှုပ်နေသော အန်တီဝါကို တွေ့ရသည်။

ဝင်လာသော ကျွန်တော်တို့ကားရပ်ရာဆီကို လှမ်းလာသော အန်တီဝါ၏ ခြေလှမ်းတို့က Driver နေရာမှာ မောင်းလာသော ကျွန်တော့်ကို မြင်သောအခါ ရုတ်တရက်ရပ်သွားသည်။ ပြီးမှ ကျွန်တော်နှင့်ပုလဲကို တစ်လှည့်စီကြည့်ရင်း မည်သို့တွေးမိသည်မသိ။ ပြုံးစိစိဖြင့် ပြုံးရင်း . . .

"သမီး . . ပုလဲ . . ဘယ်လို မျက်စိလည်လမ်းမှားပြီး ရောက်လာတာလဲ . . သားပြည့်ဖြိုး မင်းအမေကို စောစောကပဲ အန်တီဖုန်းဆက်နေတာ . . ပန်းစည်းအဆန်းလေးတွေထပ်ရောက်လို့ . . သားအိမ်ရောက်ရင် ပြောပြလိုက်ပါဦး . ."

ပုလဲကို မေးရင်း တစ်လက်စတည်း ကျွန်တော့်ကိုစကားဆိုသော အန်တီဝါ၏ ပုံစံက ပြုံးစိစိကြီးဖြစ်ကာနေသည်။ ကျွန်တော် အန်တီဝါ့ကို ဟုတ်ကဲ့ဟုဆိုရင်း ခေါင်းကိုညိတ်ပြဖြစ်သည်။



www.burmeseclassic.com

"ဘယ်က မျက်စိလည်လမ်းမှားရမှာလဲ . . အန်တီပဲ မွေးနေ့ရှင်ကို ဆင်မယ့်ပစ္စည်းတွေ ညနေခင်းပဲ လာယူထားလိုက်။ မနက်ခင်းဆိုရင် ကမန်းကတန်း ကတိုက်ကရိုက်ဖြစ်နေမယ်ဆိုလို့လည်း လာရသေးတယ်။ သူများကို . . အကောင်းမပြောဘူး . ."

အဒေါ်နှင့်တွေ့သောအခါ ကလေးဆိုးတစ်ယောက်လို အဒေါ့်လက်မောင်းကို မှီနွဲ့ကာ ချွဲနေသော သူမကို ကျွန်တော်ပိုချစ်သွားမိသည်။

သူမ ဒီလိုချွဲနွဲ့တာမျိုးတစ်ခါမှ မကြုံဖူး။ မမြင်ဖူးသည်မို့ သူမကိုကြည့်ရင်း မဆီမဆိုင် ကျွန်တော် အသည်းယားနေမိသည်။ ဘယ်လောက်တောင် ချစ်စရာကောင်းသော ကောင်မလေးပါလိမ့်။

"လာ . . လာ . . သား အထဲဝင် . ."

အန်တီဝါက ကျွန်တော့်ကို လှည့်ခေါ်ရင်း သူ့တူမကို ဖက်ကာ အိမ်ထဲသို့ဝင်သည်။ အတန်ငယ်လှမ်းလှမ်းမှ လိုက်လာခဲ့သော ကျွန်တော့်ကို သူမက မလုံမလဲလှမ်းကြည့်သည်။ ရှက်ဝဲဝဲဖြင့် နီရဲနေသောမျက်နှာကိုလှမ်းကြည့်ရင်း အန်တီဝါက သူ့တူမကို တစ်ခုခုစနေပြီဟု ကျွန်တော်သိလိုက်သည်။

"အန်တီဝါနော် . . မဟုတ်ပါဘူးလို့ဆို . ."

တိုးတိုးလေးဆိုသော်လည်း သူမ၏ လေသံတိုးတိုးကို ကျွန်တော်ကြားသည်။ မလုံမလဲနှင့်လှည့်ကြည့်နေသော သူမကိုကြည့်ရင်း တစ်စုံတစ်ရာကို ကျွန်တော် သဘောပေါက်သလိုလိုရှိသည်မို့ ဘာရယ်မဟုတ် ရင်ထဲမှာ ကျေနပ်သလိုလိုဖြစ်မိသည်။

"မသိန်းရေ . . Sprite နှစ်ဘူးအေးအေးလေးယူခဲ့ဟေ့"

မီးဖိုဆောင်ဘက်လှည့်ကာဆိုသော အန်တီဝါ၏စကားသံ အဆုံးမှာ 'ဟုတ်ကဲ့' ဆိုသော အသံကို ချက်ချင်းကြားရသည်။





"အအေးလေးဘာလေး သောက်ကြဦး . . အချိန်ရတယ်မ ဟုတ်လား . ."

အန်တီဝါ၏ ရွတ်နောက်နောက်အဆိုကြောင့် သူမ အန်တီဝါကို ရှက်ဝဲဝဲဖြင့် လှမ်းကြည့်သည်။ အန်တီဝါကလည်း အန်တီဝါ၏ အရှက်သည်းနေသောသူမကို စ,နေရုံသာမက ရှက်အမ်းအမ်းကြီးဖြစ်နေသော ကျွန်တော့်ကိုပါ ပြုံးစိစိဖြင့် ကြည့်သည်မို့ ကျွန်တော် နေရထိုင်ရခက်ကာလာသည်။

ခဏကြာတော့ ဧည့်ခန်းထဲသို့ အအေးဗူးနှစ်ဗူးနှင့် ဖန်ခွက်နှစ်ခွက် ရောက်လာသည်။ အန်တီဝါက သောက်ကြဦး ပစ္စည်းသွားယူလိုက်ဦးမယ် ဟုဆိုကာ အပေါ်ထပ်သို့ တက်သွားသည်။ ဧည့်ခန်းထဲတွင် သူမနှင့်ကျွန်တော် နှစ်ယောက်တည်း အပ်ကျသံကြားရလောက်အောင်ပင် တိတ်ဆိတ်ကာ ကျန်နေရစ်သည်။

သိပ်မကြာလိုက်။

အန်တီဝါ။ ကတ္တီပါဗူးကြီးနှစ်ဗူးကို ကိုင်ရင်းဆင်းလာသည်။ ပြီး . . ပုလဲ၏ ဘေးမှာထိုင်ကာ . .

"ဒီမှာ . . ဒီပုလဲကိုစိန်ရံထားတာက ငါ့တူမဝတ်ဖို့ . . ဒါက မွေးနေ့ရှင်ဝတ်ဖို့ . ."

"အာ . . နေပါစေ . . သမီးက သမီးဝတ်ဖို့ အကုန်စီစဉ်ထားပြီးပြီ . ."

"ငါသိတယ် . . ညည်းအမေဆီ ငါဖုန်းဆက်ထားပြီးပြီ . . ငါ့ဆိုင်က ပစ္စည်းကို ကြော်ငြာသဘောနဲ့ဆင်မလို့လို့ ညည်းတို့ပစ္စည်းလောက် မကောင်းလို့ မဝတ်ချင်တာလား . ."

"အာ . . မဟုတ်ပါဘူး အန်တီကလဲ . ."

"ဒါဆို . . ယူသွား . ."

တူအရီးနှစ်ယောက် ပြောနေသည်ကို နားထောင်ရင်း ကျွန်



www.burmeseclassic.com

www.burmeseclassic.com



တော် အောင့်သက်သက်ပြုံးမိသည်။ ပိုက်ဆံရှိ လူတန်းစားများကျ တော့လည်း ရတနာကို ကလေးကစားစရာလို ဖြစ်နေကြသည်။ အန်တီဝါက ဆတ်ခနဲ ကျွန်တော့်ဘက်လှည့်လာရင်း . . .

"သား . . မမေနဲ့ဦးနော် . . သား အိမ်ရောက်ရင် သား မေမေကို ပြောပြလိုက်။ ဒီဗိုင်းအသစ်တွေ ရောက်နေတယ်လို့ . . ဘယ်သူမှမကြည့်ရသေးခင် ပြချင်လို့ လို့နော်။ ဆိုင်မှာကို လုံးလုံး မတင်သေးဘူး။ အန်တီလည်း ဖုန်းဆက်လိုက်ပါဦးမယ်။ စောစော ပိုင်းက ဆက်တာတော့ ဖုန်းက မအားသေးဘူး . ."

"ဟုတ်ကဲ့ . . အန်တီ သား ပြောလိုက်ပါ့မယ် . ."

"အေး . . အေး . . မင်းအကြောင်းတွေလည်း အန်တီ ကြား ပါတယ်။ မင်းက မသောက်မစားနဲ့ လိမ္မာတဲ့အကြောင်းပေါ့ကွယ်။ မိဘကို ကူလက်စနဲ့ကူဦး . . မိန်းမတွေဘာတွေက အေးအေး ဆေးဆေးမှယူ . ."

အန်တီဝါက ထိုသို့ဆိုရင်း သူ့တူမကိုတစ်ချက်လှမ်းကြည့် သည်။ ပုလဲ၏ မျက်နှာကတော့ မသိမသာရဲလျက် . . .။

"စိတ်ချ အန်တီ . . သားမှာ ရည်းစားကို မရှိတာ . ."

"ဟုတ်ပါ့မလားကွယ် . ."

အန်တီဝါက ကျွန်တော့်စကားကို ပြုံးစိစိဖြင့် 'ဟုတ်ပါ့မလား' ဟု ဆိုသည်။

"အတည်ပြောတာ အန်တီရေ . . သားကြိုက်တဲ့ကောင်မ လေးက သားဖုန်းဆက်ရင် တစ်ခါမှတောင် မကိုင်ဘူး။ ကြည့်ရတာ အန်တီ့တူတော့ လူပျိုကြီးလုပ်ရတော့မယ် ထင်တယ် . ."

"အမလေး . . သားလို ရုပ်ဖြောင့်တဲ့ကလေးက ရည်းစား မရှိဘူးဆိုတာ အန်တီဖြင့် ယုံတောင်မယုံဘူး . ."





"မယုံရင် ပုလဲကိုမေးကြည့် အန်တီ . . သား မစွံတာ သူသိ တယ် . . ."

သူမ၏ နာမည်ကို ဆွဲကာထည့်သည်မို့ အအေးသောက်နေ သော သူမ အအေးသောက်လက်စနှင့်ပင် မျက်လုံးကြီးပြူးရင်း လူကို ကြည့်သည်။ ပြီး . . .

"ဘယ်စွံပါ့မလဲဟဲ့ . . နင်တို့ယောကျ်ားတွေက ယုံရလို့လား။ အခုပဲ တစ်ယောက်ကို စလိုက်၊ ဟော . . အခုပဲ တစ်ယောက်ကို ဆိုင်ကယ်ပေါ် တင်စီးလိုက်နဲ့ . . အပြောင်းအလဲကို များတာကိုး"

"ဆိုင်ကယ်တင်စီးသည် ဆိုသော စကားက ကျွန်တော်နှင့် သူကို ဒဲ့ပြောတာမှန်း ကျွန်တော်သိသည်။

"ဆိုင်ကယ်အတူစီးတာနဲ့ပဲ တလွဲထင်လို့ရရောလား . ."

"အေး . ."

"ဟဲ့ . . ဟဲ့ . . . နင်တို့က အအေးမသောက်ဘဲ ရန်ဖြစ်ကြ တော့မှာလား . ."

အန်တီဝါက ကြားထဲမှနေ စကားစကို ဝင်ဖျောက်ပေး သည်။ သူမက အအေးကို ဆတ်ခနဲ ခပ်သွက်သွက်မော့သောက်ရင်း

"ပြန်တော့မယ် အန်တီ ."

ဟုဆိုသည်။ သူမက ထရပ်နေပြီမို့ လက်ကျန်အအေးကို မန်းကတန်း မော့သောက်ရင်း ကျွန်တော် ထရပ်ဖြစ်သည်။

ထိုအချိန်မှာ ဖုန်းလာသဖြင့် အန်တီဝါ ဖုန်းသွားကိုင်သည်။ ကျွန်တော်တို့ဘက်လှည့်ကာ . . 'အန်တီဝါ . . လိုက်မပို့တော့ဘူး နော်' ဟုဆိုသည်။

နှစ်ယောက်သား ကားပေါ်တက်ကာ မောင်းထွက်လာ သည်အထိ သူမက ကျွန်တော့်ကို ဘာစကားမှမဆို။

"ငါကြိုက်တဲ့ကောင်မလေးကို ဖုန်းဆက်တာ ဖုန်းမကိုင်သေး



www.burmeseclassic.com

www.burmeseclassic.com



ဘူးလို့ အန်တီဝါ့ကိုပြောပြတဲ့ဟာ အန်တီဝါက မယုံဘူးတဲ့။ နင်ကော ယုံလား . . ”

ကားမောင်းရင်းဆိုသော ကျွန်တော့်စကားကြောင့် သူမ မျက်နှာနီခနဲဖြစ်သွားရင်း လူကို မျက်စောင်းဖြင့်ကြည့်သည်။ ဘာစကားမှတော့ မဆို။

“ငါလည်း ဘယ်ရမလဲ။ ဖုန်းမကိုင်တဲ့ အဲဒီကောင်မလေးကို ညတိုင်းညတိုင်း Message ပို့တာပေါ့။ သူ ငါပို့တဲ့ Message ကို ဖတ်ရောဖတ်ရဲ့လား . . မသိဘူး ဟနော် . . ”

“ဘယ်သိမလဲ . . သိချင်ရင် သူ့ကိုတိုက်ရိုက်သွားမေးလေ။ ဘာကိစ္စ ငါ့ကိုလာမေးနေတာလဲ . . ”

သူမ၏ ဘုဂလန့်စကားကြောင့် ကျွန်တော်ရယ်ချင်သွားရသည်။ ကားကို လမ်းဘေးမှာ ထိုးရပ်လိုက်သောအခါ သူမက မျက်လုံးကြီးပြူးရင်း ‘ဘာလုပ်တာလဲ’ ဟုမေးသည်။

“ခဏလေးပါဟာ . . ငါနင့်ကို မေးစရာလေးရှိလို့ . . နင် ဘာဖြစ်လို့ ငါဖုန်းဆက်ရင် မကိုင်တာလဲ . . ”

“ဟိုမှာ . . ဟိုမှာ . . တွေ့လား ပန်းလေးတွေ အရမ်းလှတာပဲ . . ”

သူမက ညစ်ကျယ်ကျယ်ပြုံးရင်း ကျွန်တော့်စကားကို ဒေါ်တင်ကြီးမကြားယောင်ပြုကာ တောင်ကမ်းပါးရံမှာ ပေါက်နေသော အရိုင်းပန်းတချို့ကိုလှမ်းပြရင်း စကားလမ်းကြောင်းကို တမင်လွှဲသည်။

တကယ်တော့ သူမညစ်တာ လွန်လွန်းသည်။ တောင်ကြီးမြို့မှာ ဤကဲ့သို့သော အရိုင်းပန်းများနေရာအနှံ့တွေ့နိုင်သည်ကိုပဲ သူမက အဆန်းတကျယ်လုပ်လို့နေသည်။

“ငါနင့်ကို အရမ်းချစ်တယ် ပုလဲ . . ”





“ဟောတော် . . . ဟိုမှာ ကြက်တူရွေး မဟုတ်လား ကြက်တူရွေး . . ”

သူမက လမ်းဘေးသစ်ပင်ကြီးပေါ်မှ ငှက်တို့ကို ကချော်ကချွတ်ဖြင့် လက်ညှိုးထိုးရင်း ထအော်သည်။ Mood အပြည့်ဖြင့် ရည်းစားစကားကို အခြေအနေလေးပေးတုန်း ဆိုဖြစ်သော ဒီကကောင်က အရူးကြီးဖြစ်မှန်းမသိဖြစ်လို့နေသည်။

“ဒီလိုလား . . ” ဟူသော အတွေးဖြင့် ကျွန်တော် ရှက်ရှက်နှင့်တင်းသွားရသည်။ ဘာရယ်မဟုတ် ယောကျ်ားမာနက ဝုန်းခနဲဆောင့်တက်လာသည်မို့ ကားကိုစက်ပြန်နှိုးရင်း မောင်းထွက်ခဲ့သည်။ သူမကတော့ အရူးလုပ်လိုက်ရသည်ကိုကြိတ်၍ ပီတိဖြာနေသလားမသိ။ ပြုံးစိစိကြီးနှင့် ဘေးမှာပါလာသည်။

“ပြည့်ဖြိုး စောစောက ကြက်တူရွေးလား ဘာလားမသိဘူးနော် . . အသံလေးက ချစ်စရာလေး။ ငါက ငှက်တွေဆို အရမ်းချစ်တာ . . နင်ကော . . ”

တမင် ညစ်ကျယ်ကျယ်လာလုပ်နေသော သူမကို ကျွန်တော် ဘုည့်မကြည့်ဖြစ် . . ။

“ဟုတ်လား . . ငှက်တွေ၊ ဘာတွေ အဲသလောက်တောင် ချစ်နေရင်လည်း လင်းတတွေ၊ ဘာတွေ ရှာမွေးထားပါလား . . ”

ဘုဂလန့်ဖြစ်သော ကျွန်တော့်စကားကြောင့် သူမက ဟက်ခနဲ ရယ်သည်။ ပြီး . . .

“ငါက ငှက်ပိစိကွေးလေးတွေကိုပြောတာဟ။ ငါက ငှက်ပိစိကွေးလေးတွေဆို အရမ်းချစ်တာ . . ”

“ငါက ငှက်ပိစိကွေးတွေမြင်ရင် သွားတအားယားတာ”

“ဘာဖြစ်လို့ . . ”

“ဝါးချင်လို့ . . ”



www.burmeseclassic.com

www.burmeseclassic.com



"ဟောတော် . ."

ကျွန်တော်၏ ခပ်ရွဲ့ရွဲ့စကားကြောင့် သူမက 'ဟောတော်' ဟုဆိုရင်းရယ်သည်။

"နင် . . ငှက်တွေမွေးရင်လည်း မွေးထားစမ်းပါဟာ . ."

"ဘာလဲ ဝါးချင်လို့ပဲလား . ."

"ဟုတ်တယ် . . တစ်နေ့တစ်ကောင် ရိုက်ပြီးကြော်စားရအောင်လို့ . ."

ဘုပြောနေမှန်းသိသည်မို့ သူမ တခစ်ခစ်ဖြင့်ရယ်သည်။ ဒီလိုကျပြန်တော့လည်း သူမက အပြစ်ကင်းစင်သော ကလေးတစ်ယောက်လို ချစ်စရာကောင်းနေပြန်သည်။

"ပုလဲ . ."

"ဘာလဲ . ."

မြတ်နိုးစွာကြည့်ရင်းခေါ်သော ကျွန်တော့်ကို သူမက 'ဘာလဲ' ဟု ခပ်ဆောင့်ဆောင့်ထူးသည်။

"ဒီနေ့ည တစ်ညတော့ ဖုန်းကိုင်ဟာ . . ."

"မကိုင်ပါဘူး . . ."

ကျွန်တော့်စကားဆုံးသည်နှင့်တစ်ပြိုင်နက် . . ပက်ခနဲ သူမ ငြင်းသည်။

"ဘာဖြစ်လို့လဲ . ."

"နားပူလို့ . ."

"ဘာရယ် . ."

"နင်တို့ ယောကျ်ားလေးတွေက ဖုန်းကိုင်လိုက်တာနဲ့ ရည်းစားစကားပြောတာ။ တစ်ယောက်လာလည်း ဒါပဲ တစ်ယောက်လာလည်း ဒါပဲ။ ကြာတော့ နားပူလာတယ်။ ဟောအခု ဖုန်းမကိုင်မှန်းလည်းသိရော၊ ဘယ်သူမှ ဖုန်းမဆက်တော့ဘူး နားကိုအေးလို့"





သူမ၏ စကားကြောင့် ကျွန်တော် နင်တင်တင်ကြီးဖြစ်သွားရသည်။ သို့သော်လည်း 'ယောကျ်ားတို့၏လှံ့လ သေခါမှလျှော့မတဲ့' ဟု အားတင်းရင်း . . .

"နင် အပျိုကြီး လုပ်ဖို့ စိတ်ကူးထားလား . ."

"အဲဒါ နင့်အပူလား . ."

"နင် ဒီပုံစံအတိုင်းလုပ်လို့ကတော့ အပျိုကြီးဖြစ်လိမ့်မယ်"

"အောင်မာ ဖြစ်ပစေပေါ့၊ ပိုတောင်ကောင်းသေးတယ်"

သူမက ဆတ်ဆတ်ထိမခံပင် ပြန်ပက်သည်။ ကျွန်တော် သတိထားမိသလောက်ကတော့ မိန်းကလေးတော်တော်များများတ 'အပျိုကြီးဖြစ်လိမ့်မယ်' ဟု အပြောခံရလျှင် အနည်းနှင့်အများတော့ နာကြသည်ချည်း။

"ပိုကောင်းတယ်သာ ပြောနေတယ်။ နင့်အသံက မပြတ်သားဘဲနဲ့ ကတုန်ကရင်ကြီး ဖြစ်နေသလိုလိုပဲ . ."

"ကောင်စုတ် . ."

ကျွန်တော့်စကားကြောင့် သူမက ရှက်ရှက်ဖြင့် ရယ်သွမ်းရင်း ကောင်စုတ် ဟုဆိုကာ ကျွန်တော့်ဘယ်ဘက်ပခုံးကို ဖြန်းခနဲဆော်သည်။ အရမ်းအနာကြီးမဟုတ်သော်လည်း 'အားလားလား' ဟု ကျွန်တော် အော်ဖြစ်သည်။ သူမက 'မပိုနဲ့' ဟု ဆိုရင်း တစ်ဖက်သို့လှည့်ကာ မျက်နှာကြီးရှုံ့မဲ့ပြသော ကျွန်တော့်ကို ရယ်သည်။

"ပုလဲ . ."

"ဘာလဲ . ."

"ကားထဲက ဆီမကုန်မချင်း လျှောက်မောင်းနေရရင် ကောင်းမှာပဲနော် . ."

"အောင်မယ်မယ် . . သူ့ကားမဟုတ်တိုင်း သူ့ဆီမဟုတ်တိုင်း လျှောက်မောင်းချင်နေတယ် . . မောင်းစရာလား . . ."



www.burmeseclassic.com

www.burmeseclassic.com



"ငါ နင်နဲ့ ဒီလိုနှစ်ယောက်တည်း ရှိနေရတာ ပျော်လို့ဟ"

"လဲသေလိုက် . ."

"နင့်ကို ငါ အရမ်းချစ်တယ်ဟာ . ."

" . . . . . . . . . . ."

'လဲသေလိုက်' ဟု သူမ မဆိုတော့။ မျက်နှာကြီးနီရဲနေအောင် အရှက်သည်းပြီး အောက်နှုတ်ခမ်းတို့ကို ခပ်ဖွဖွကိုက်ကာ ခေါင်းငုံ့လို့သွားသည်။

ကားကမောင်းရင်း မောင်းရင်းနှင့်နန်းဆမ်ဟွမ်တို့ အိမ်ကို ရောက်မှန်းမသိ ရောက်လာသည်။

"တောက် . . . အချိန်ကလည်း ကုန်လွယ်လိုက်တာကွာ. . ဒီမှာ ကြည်နူးလို့တောင် မဝသေးဘူး . ."

" . . . . . . . . "

ကျွန်တော့်စကားကို သူမက မကြားယောင်ပြုသည်။ မျက်နှာကတော့ နီရဲရဲ။ ကားကို တုန့်ခနဲရပ်ပြီးသွားသောအခါ သူမက ကမန်းကတန်းပင် ဆင်းရန်ပြင်သည်။

"ပုလဲ . . ပုလဲ . ."

ခပ်သော့သော့ခေါ်သော ကျွန်တော့်ကို သူမက ဘာလဲ ဟူသော သဘောဖြင့် လှည့်ကြည့်သည်။ သူမစိတ်ထဲမှာ တစ်ခုခုကျန်နေလို့ ကျွန်တော်လှမ်းခေါ်သည်ဟု ထင်နေပုံရသည်။

"ငါ နင့်ကို အရမ်းချစ်တယ်လို့ ပြောမလို့ . ."

"သေနာ . ."

သူမက စိတ်ဆိုးဆိုးဖြင့် ထိုသို့ ထောပနာပြုရင်း ကားပေါ်ကဆင်းသွားသည်။ ကျွန်တော် ကားပေါ်က ဆင်းတော့ အာကာနှင့် မင်းမင်းအနားကို ရောက်ချလာသည်။ ပြီး. . မပြောမဆိုဖြင့် အာကာက ကျွန်တော့် နားရင်းကို 'အုန်း' ခနဲ ဆော်သည်။





"ဟ . . ဘာလဲကွ . ."

"ဘာလဲကွ" ဟုဆိုရင်း ရှေ့ငိုက်ကျသွားသော ကိုယ်ကို ပြန်မတ်ရုံရှိသေး မင်းမင်းက ကျွန်တော့်နားရင်းကိုပင် ဖုန်းခနဲ ဆော်လိုက်ပြန်သည်။

စောစောက ဖုန်းကိစ္စကြောင့် နှစ်ကောင်သား တင်းနေကြတာဖြစ်သည်။ သူတို့နှစ်ယောက် မည်မျှပင် နှိပ်ကွပ်စေကာမူ အပျော်တွေနှင့်ပြန်လာသော ကျွန်တော့်အဖို့ကတော့ နားရင်းနှစ်ချက်အဆော်ခံရလည်း ပြုံးနေဆဲဖြစ်သည်။

"ကြည့်စမ်း. . ကြည့်စမ်း . . ဘာသိဒ္ဓိတွေပေါ်နေလဲ မသိဘူး။ နားရင်းနှစ်ချက်ရိုက်တာတောင် ပြောင်သလိုလိုနဲ့သွားဖြီးပြနေသေးတယ်။ အပိုးကို မကျိုးဘူး . ."

"ဘာဖြစ်လဲ . . ဘာဖြစ်လဲ . ."

Rapper စတိုင်လ်ဖြင့် ကိုးရိုးကားရားလုပ်ရင်း 'ဘာဖြစ်လဲ ဘာဖြစ်လဲ' ဟု ဆိုသော ကျွန်တော့်ကိုကြည့်ကာ မင်းမင်းက . .

"အောင်မာမာ . . ကားသော့ကို ခပ်တည်တည်နဲ့ လက်ကမချလုပ်နေတယ်။ သွားပေးလိုက် . . သွား . . အနူလက်ကို ရွှေခွက်နဲ့ ကြည့်ရတာ အချိုးကို မကျဘူး . ."

မင်းမင်း၏ စကားက တကယ့်ကိုပိုးစိုးပက်စက်ကြီး။ နည်းနည်းလေးမှ ရစရာမရှိ။ သို့သော် ကျွန်တော် အပြုံးမပျက်ပင်။

"သူတစ်ချောင်း ကိုယ်တစ်ချောင်းကိုင်ထားတာလေ။ အင်း . . သူ့ဆီက သော့လည်းပြန်တောင်းထားဦးမှပဲ။ သူက ကားမောင်းကြမ်းတော့ ငါစိတ်မချဘူး . ."

"အမလေးကွာ . . တောက် . . ဒီနားလာရပ်မိတာတို့တငါ့ အမှား . ."

"မဟုတ်ဘူး အာကာရ . . ဒီနားနှစ်ဖက်စလုံးကောင်းနေ



www.burmeseclassic.com

www.burmeseclassic.com



တာတို့က ငါတို့အမှား . . မှားပါတယ် . . ကိုစိုင်းပြည့်ဖြိုးရယ်။ ကျွန်တော်တို့ မှားတာပါ ”

မင်းမင်းက ကျွန်တော့်ဘယ်ဘက်ပခုံးကို ကိုင်ရင်း ခပ်ရွှတ်ရွှတ်ဖြင့် တောင်းပန်သည်။ ကျွန်တော်က ခဏလေး . . ခဏလေး ထုဆိုရင်း မင်းမင်းလက်ကို ဖယ်ချတော့ ဆရာသမားနှစ်ယောက်က ဘာလဲ ဟူသော သဘောဖြင့် ကြောင်သွားကြသည်။

“ဒီဘယ်ဘက်ပခုံးကို စောစောက ပုလဲ ခပ်ဖွဖွလေး ချစ်စနိုးနဲ့ ရိုက်ထားတာကွ . . မင်းတို့ကိုင်ချင်ရင် ညာဘက်ပခုံးကိုကိုင်။ ဘယ်ဘက်ကိုတော့ လုံးဝမထိနဲ့ . . အသက်နဲ့လဲပြီး ကာကွယ်ပစ်လိုက်မယ် . . ဘာမှတ်လဲ . . ”

ဆောင့်ကြွားကြွားဖြင့်ဆိုသော ကျွန်တော့်စကား အဆုံးမှာ အာတာက မချိတင်ကဲကြီးရယ်ရင်း . . .

“မင်းမင်းရေ . . ငါတို့တော့ မှားပြီးရင်း မှားရင်းပဲကွ . . ”

အာကာ့အော်သံကြီးကြောင့် မင်းမင်းက တခွီးခွီးရယ်သည်။

“ရှူး . . တိုးတိုးပြောပါကွ . . မင်းအော်နေတာနဲ့ပဲ ငါလန့်ဖျပ်ပြီးတော့ ငါ့လက်ထဲက ကားသော့လေး လွတ်ကျသွားပါဦးမယ်”

မဆီမဆိုင်ကြီး ကြွားလုံးထုတ်နေသော ကျွန်တော့်စကားကြောင့် နှစ်ကောင်သား တဟားဟားဖြင့် သဘောတကျရယ်သည်။

သြော် . . ဘာရယ်မဟုတ်ပေမယ့် . . ပျော်ခဲ့ရတယ်ပေါ့ ချစ်သူ။

* * *



ညရောက်တော့ ကျွန်တော် သူမဆီ ဖုန်းဆက်သည်။ မကိုင်။ စိတ်ခါတ်ကျချင်ချင်ကြီး ဖြစ်လာသည်။ စိတ်မပါလက်မပါနှင့်ပင် သူမဆီ Message လှမ်းပို့ဖြစ်သည်။

“ဒီနေ့ ပျော်ရဲ့လား” ဟု . . ။

ပို့သာပို့နေရသော်လည်း တစ်ခါမှ သူမထံမှ Message ပြန်မရဖူးသည်မို့ ဖာသိဖာသာပင် အိပ်ရာပေါ် မှောက်နေတုန်း ဖုန်းမှ Message Tone သံကိုကြားရသည်။

ဘယ်သူမှလည်း တော်တန်ရုံ ကျွန်တော့်ထံ Message မပို့ဖူးသည်မို့ အမှတ်တမဲ့ပင် ဖွင့်အကြည့် 'No' ဆိုသော စာလုံးတွေ တွေ့ရသည်။ ဖုန်းနံပါတ်မှာက ပုလဲဟုပေါ်နေသည်။ ဝုန်းခနဲ ကျွန်တော် ပျော်သွားရသည်။

တစ်ခါမှ Message ပြန်မပို့ဖူးသော သူမက ထူးထူးခြားခြား Message တွေဘာတွေပင် ပြန်ပို့လို့။ ကမန်းကတန်း ကျွန်တော် သူမဖုန်းကို ခေါ်ဖြစ်သည်။ မကိုင်။



www.burmeseclassic.com

www.burmeseclassic.com



နောက်တော့ Message ကိုသာ ပို့ရတော့သည်။

'ငါဖုန်းဆက်ချင်တယ်' ဟု . . ။

ရင်တထိတ်ထိတ်ဖြင့်စောင့်နေသော ကျွန်တော့်ထံသို့ မကြာမီမှာပင် သူမ၏ Message ပြန်ရောက်လာသည်။

"ရည်းစားစကား မပြောဘူးလို့ ကတိပေးရင် ဖုန်းကိုင်မယ်"

ကျွန်တော် ခပ်သွက်သွက်ပင် 'Yes' ဟု ပြန်ပို့လိုက်သည်။ Yes ၏နောက်မှာ အခုဆက်လိုက်မယ် ဟု ရိုက်ထည့်လိုက်သည်။ မကြာမီမှာပင် သူမ၏ 'OK' ဟူသော Message ပြန်ရောက်လာသည်။

ဝမ်းသာအားရဖြင့် သူမဆီဖုန်းခေါ်သောအခါ ရင်ခုန်လွန်းလို့လားတော့ မသိ။ ဖုန်းကိုင်သောလက်တို့ပင် တုန်ရင်ကာနေသည်။

"ဟဲလို . ."

ဖုန်းဝင်သွားသောအခါ ထူးသော 'ဟဲလို' ဆိုသည့် ခပ်ဆောင့်ဆောင့် ထူးသံက ကမ္ဘာပေါ်မှာ ရှိရှိသမျှသော သာယာနာပျော်ဖွယ်အသံတို့တွင်အကြည်လင်၊ အပီပြင်ဆုံး ဆည်းလည်းသံတစ်ခုဖြစ်မှန်းမသိဖြစ်ကာနေသည်။

'ဟဲလို' တဲ့လား ချစ်သူ။

* * *



## 'ဟဲလို' တဲ့။

ကျွန်တော့်ရင်တို့ အတိုင်းအဆမရှိခုန်သည်။ ပျော်ရွှင်မှုတို့က ဘာခံစားမှုနဲ့မှ နှိုင်းယှဉ်လို့မရအောင်ပင်။

"ပုလဲ . ."

"ဘာလဲ . ."

သူမ ထူးသံက နည်းနည်းလေးသော်မှ မညင်သာ။ သို့သော် ကျွန်တော့်နားထဲတွင် သူမ၏ ခပ်ဆောင့်ဆောင့်ထူးသံသည်ပင်လျှင် တစ်မျိုးနားထောင်၍ကောင်းနေပြန်သည်။

"နင် ဒီနေ့ မပျော်ဘူးလား . ."

"ရည်းစား စကားမပြောကြေးလို့ ပြောထားတယ်နော်"

"အာ . . ငါပြောတဲ့အထဲမှာ ရည်းစားစကားတစ်ခွန်းမှ မပါသေးဘူးလေဟာ . ."

"ရှေ့ဆက်မယ့် စကားတွေကို ကျွံမလာအောင်လို့ သတိပေးထားတာ . ."

www.burmeseclassic.com

www.burmeseclassic.com



ညစ်ကျယ်ကျယ်ဆိုသော သူမစကားကြောင့် ကျွန်တော် အောင့်သက်သက်ကြီး ဖြစ်သွားရသည်။

"ပုလဲ နင် ငါ့သူငယ်ချင်း မင်းမင်းရဲ့သတင်း ကြားပြီးပြီလား၊ ဒီကောင် ဒီသီတင်းကျွတ်တာနဲ့ မိန်းမယူတော့မှာဟ .."

"အဲဒါ ဘာဖြစ်လဲ .."

"ငါ အားကျတယ်ဟာ .."

မဆီမဆိုင်ဆိုသော ကျွန်တော့်စကားကြောင့် သူမက ..

"နင် ပေါက်ကရတွေ လျှောက်ပြောနေရင် ငါ ဖုန်းချလိုက်မှာနော် .."

"အာ .. နေပါဦးဟ .. ငါ နင့်ကိုပေးထားတဲ့ ကတိကိုမှ မဖျက်သေးတဲ့ဥစ္စာ .. ငါအခုပြောခဲ့တဲ့ အထဲမှာ ချစ်ပါတယ်၊ ကြိုက်ပါတယ်၊ ပုလဲ ငါနင့်ကို အရမ်းချစ်တာပဲဟာ ဘာညာ၊ ဘာညာ ပြောလို့လား .. ငါမပြောဘူးနော် .."

"........."

လူလည်ကျတာ ဆန်ကွဲရော၊ ဖွဲရောဖြင့် ရောချသော ကျွန်တော့်စကားကို သူမ အောင့်သက်သက်ကြီး နားထောင်နေရမှာ တော့ သေချာသည်။

"ငါ .. ကတိတည်ပါတယ်ဟာ .. ပြောချင်တာပေါ့ဟာ .. ဒါပေမယ့် ငါမပြောဘူး .. စိတ်ချ .. ငါပြောမယ့်စကားထဲမှာ 'ငါ နင့်ကို အရမ်းချစ်တယ်' ဆိုတဲ့ စကားပြောခဲ့ရင် ကြိုက်သလိုပြော။ ငါလုံးဝမပြောဘူး .. ပုလဲ .. စိတ်ချ .."

သူမဘက်က ခွီးခနဲ ရယ်သံကြီးထွက်လာသည်။ ဖုန်းချမသွားတာကိုပဲ ကျွန်တော် ကြိတ်၍ဝမ်းသာနေရသည်။

"တကယ်ပါဟာ .. ငါက ရိုးရိုးအအ သိုးဖြူလေးတစ်ကောင်ပါ။ ငါအရမ်းချစ်နေပေမယ့် ချစ်တယ်ဆိုတဲ့စကားကို တစ်ခွန်းမှ





မပြောမိအောင် ထိန်းသိမ်းနေရတာ ဘယ်လောက်ခက်တယ် ထင်လဲ။ ငါမပြောပါဘူးဟာ .. ချစ်တယ်လို့များ .. များ .."

"တော်သေးတာပေါ့ မပြောလို့ .. ငါ မပြောလိုက်ချင်ဘူး .. လူလည် .."

"မလည်ပါဘူးဟာ .. ငါက ထုံထုံအအလေးပါ .."

"ငါ ဖုန်းချလိုက်တော့မယ် .."

"အာ .. မလုပ်ပါနဲ့ဟာ .. နေပါဦး .."

"မနေဘူး .. နင်မှ ငါ့စကားနားမထောင်တာ .."

"နင်ကလည်းဟာ .. ချစ်ပါတယ်လို့ ငါတစ်ခွန်းပြောခဲ့လို့လား .. ပြော .. နင် ငါ့ကို အပျော်မကြံနဲ့နော်။ နင်နဲ့နောက်ထပ် ငါးမိနစ်လောက်မှ စကားမပြောရရင် ငါသေသွားလိမ့်မယ် .."

"အောင်မာမာ ... အပျော်မကြံနဲ့ ဟုတ်လား .. ပေါ်ရဲလိုက်တာ .."

"ပေါ်တယ်ပဲ ထားလိုက်ပါတော့ .. ငါးမိနစ်လောက်တော့ ဖုန်းကိုင်ပေးထားဦးနော် .."

"မကိုင်ဘူးဆိုရင်ကော .."

"နင် မညစ်နဲ့ဟာ .. ဒါဆို .. မနက်ဖြန် ဖုန်းပေးဆက်မလား .."

"ကတိမတည်တဲ့လူတွေနဲ့ ငါ စကားမပြောချင်ဘူး .. ဒါပဲ"

"ပုလဲ .. ပုလဲ .."

အနိုင်နှင့်ပိုင်းကာ ဖုန်းချသွားသော သူမဆီ ဖုန်းအခါခါ ထပ်ခေါ်သော်လည်း သူမက ဖုန်းကို ပိတ်လိုက်သည်မို့ မည်သို့မျှ ခေါ်မရ။

Half Feel ကြီးနှင့် ထိုညက လုံးဝအိပ်မပျော်ခဲ့။ ဟိုလူ့ဒီလို့မှ နှင့် မိုးလင်းသွားခဲ့တဲ့အကြောင်း သူမတော့ သိလိမ့်မည်မထင်။

* * *

www.burmeseclassic.com

www.burmeseclassic.com



“မင်း က ရောက်ရောက်ချင်း ဆောက်နဲ့ထွင်း သွားလုပ်တာ တိုးကွ . . ”

“အေးလေ . . ”

အာကာဆိုသော အပြစ်တင်စကားကို ‘မသူ’ ကထောက်ခံသည်။ မင်းမင်းကတော့ အဝေးကိုသာငေးလို့နေသည်။

“ဟကောင် . . အာငေးနေတာလဲကွ. . ”

အာကာက မင်းမင်းကို အသာတွန်းရင်းမေးသည်။ မင်းမင်းက ခေါင်းကိုအသာကုတ်ရင်း သက်ပြင်းကိုချကာ . . .

“ငါ့မင်္ဂလာဆောင်အတွက် သတို့သားအရံက မင်းတို့နှစ်ကောင်ရှိနေပြီဆိုတော့ ကိစ္စမရှိဘူး . . ငါက စုကို သတို့သမီးအရံရှာခိုင်းတာ။ သူက ငါ့ပဲရှာလိုက်တော့တဲ့။ သူ့သူငယ်ချင်းတွေကများတော့ ဘယ်သူ့ခေါ်ရမှန်းမသိဖြစ်နေတယ်တဲ့။ အဲဒါ ငါလျှောက်စဉ်းစားနေတာ . . ”

“အာ . . ဒါဆိုရင် မပူနဲ့ . . မင်းမင်း မင်္ဂလာဆောင်မှာက





သီတင်းကျွတ်ပြီးမှပဲ ဥစ္စာ။ အဲဒီအချိန် ‘မသူ’ ရှိသေးတယ်။ တစ်ယောက်စာပဲရှာတော့။ မပြည့်ဖူးက ပန်းကြဲ၊ နန်းဆမ်ဟွမ်က မင်္ဂလာပန်းကုံးကိုင်၊ နန်းဝိုခမ်းက လက်ထပ်လက်စွပ်ကိုင်ဆိုပြီး ရွေးထားတယ် မဟုတ်လား . . ”

‘အဲဒီအချိန် ‘မသူ’ ရှိသေးတယ်’ ဆိုသော အာကာ၏စကားတို ကျွန်တော် အံ့အားသင့်သွားရသည်။ မသူ ရန်ကုန်ကတည်းက ပါလာသော GSM ဖုန်းနံပါတ်ကို အာကာမေးနေသဖြင့် ကျွန်တော် ပြောပြလိုက်သည်မှာ သိပ်မကြာသေး။ အချိန်တိုတိုအတွင်းမှာ အတော်ကြီးခရီးတွင်နေဟန်တူသော သကောင့်သားကိုကြည့်ရင်း တိုယ့်ကိုယ်ကိုယ် အတော်ကြီးအားငယ်သွားရသည်။

“ပုလဲကို ခေါ်ကြည့်ပါလား . . ”

ရုတ်တရက် ထအကြံပေးသော ‘မသူ’ ၏စကားကြောင့် မင်းမင်းက ဝမ်းသာအားရပင် လက်ဖျစ်ထတီးသည်။

“ဟုတ်သားပဲ ကြည့်စမ်း . . ဘာဖြစ်လို့ ပုလဲကို မစဉ်းစားမိလည်း မသိဘူး . . ဟို ငတုံးကလည်း ဒါမျိုးကျ မစဉ်းစားမိဘူး မဟုတ်လား . . ”

အရေးထဲ မြားဦးက ကျွန်တော့်ဘက်ကို လှည့်ကာလာသည်။ အစီအစဉ်က အခုမှ သတို့သမီးအရံရွေးဖို့ ဖြစ်လာခဲ့ခြင်းကို သကောင့်သား မေ့လျော့နေဟန်တူသည်။

အစောကြီးကသာ ကြိုသိနေပါက သတို့သားအရံ ကျွန်တော်နှင့် တွဲရမည့် သတို့သမီးအရံအား ပုလဲကို အကူအညီတောင်းဖို့ ကျွန်တော် အကြံပေးမှာပဲဖြစ်သည်။

“ဒီလကုန်မှပဲ မင်္ဂလာဆောင်အတွက် အဝတ်အစားတွေ စီစဉ်ရမှာဆိုတော့ အေးဆေးပေါ့ . . ငါ ပုလဲကို မရရအောင် ပြောရမယ် . . စုနဲ့ကလည်း ခင်တော့ OK မှာပါ . . ”



www.burmeseclassic.com

www.burmeseclassic.com



မင်းမင်းပြောသော စု ဆိုသည်မှာ သူ၏ဇနီးလောင်း စုစုခိုင်ကို ပြောခြင်းဖြစ်သည်။ စုစုခိုင်က ပုလဲနှင့်မေဂျာမတူသော်လည်း အထက်တန်းကျောင်းတုန်းက အတန်းတူ သူငယ်ချင်းများမို့ သတို့သမီးအရံ လုပ်ပေးရန် ကမ်းလှမ်းမှုအပေါ် ပုလဲ မငြင်းလောက်ဟု ယူဆရသည်။

အစောပိုင်းတုန်းကတော့ သတို့သားအရံလုပ်ရန်အတွက်ကို ကျွန်တော် ငြင်းသေးသည်။ မည်မျှပင် ပျော်ပျော်နေတတ်၍ မျက်နှာပြောင်သည်ဆိုစေဦးတော့ အဝတ်အစားသစ်တွေဝတ်ကာ တောင့်တောင့်ကြီးနှင့် လူမြင်ကွင်းမှာ ထိုင်နေရမှာ ရှက်သည်။

အကြောက်အကန်ငြင်းသော ကျွန်တော့်ကို မင်းမင်းနှိပ်ကွပ်သော စကားက သင်းသည်။

"မင်း သတို့သားအရံ လုပ်မပေးရင် ငါ လည်း မင်္ဂလာမဆောင်တော့ဘူး။ ဒီတော့ ငါ့မင်္ဂလာဆောင်ကို ပျက်စေချင်ရင် မင်းသတို့သားအရံမလုပ်နဲ့ . . ငါ့ပွဲပျက်ရင် မင်းဖျက်တာပဲ"

ဟု ဒေါသထွက်ခဲ့သေးသည်။

ထို့ကြောင့်ပင် မလုပ်ချင်လုပ်ချင်ဖြင့် အချစ်ဆုံးသူငယ်ချင်းမို့ ခေါင်းညိတ်ခဲ့ရသည်။

"ဒါနဲ့ မနက်ဖြန် မီးပုံးပျံမှာသုံးမယ့် မီးရှူးတွေစရိုက်မှာဆို။ ဘယ်မှာ ရိုက်မှာလဲ . ."

'မသူ' ၏ အမေးကြောင့် အာကာက ခပ်သွက်သွက်ပင် 'ကျွန်တော့်အိမ်မှာ' ဟု ဆိုသည်။ အာကာ့အိမ်မှာ ပိုနေသော ကုန်လှောင်ရုံတစ်ခုရှိသည်။ အလင်းရောင်နှင့်လေဝင်လေထွက်ကောင်းပြီး ကျယ်ကျယ်ပြန့်ပြန့် ရှိသည်မို့ အလုပ်လုပ်ကြရန် အဆင်ပြေသည်။

ရပ်ကွက်အသင်းမှ ယှဉ်ပြိုင်မည့် မီးပုံးပျံကလည်း နောက်တစ်ပတ်လောက်ဆို စတော့မှာဖြစ်သည်။ ရပ်ကွက်မီးပုံးပျံကိုလည်း





အထိုက်အလျောက် သွားကူကြရဦးမည်။ ကျွန်တော်တို့ ဘော်ဒါအုပ်စုက ကိုယ့်မီးပုံးပျံနှင့်ကိုယ် အသင်းဖွဲ့လိုက်သောအခါ ရပ်ကွက်မီးပုံးပျံမှာ လူအင်အား တော်တော်လေး နည်းသွားခဲ့သည်ကိုး။

"ဒါနဲ့ . . 'မ' မေးဦးမယ် . . မီးပုံးပျံတစ်လုံးရဲ့ ကုန်ကျစရိတ်က ဘယ်လောက်ရှိလဲ . ."

မသူက သူမ၏အိတ်ထဲမှ မှတ်စုစာအုပ်ငယ်ကို ထုတ်ကာ ဘောလ်ပင်ဖြင့် စာတချို့ကို ရေးမှတ်ရင်းမေးသည်။

"ဆယ်သိန်း ပတ်ချာလည်လောက် ရှိတယ်။ ခဲ့ချင်ရင် ခဲ့ချင်သလောက် ထပ်ကုန်မယ် . ."

ကျွန်တော့်ကို ကြည့်ရင်း မေးသည်မို့ ပြန်ဖြေဖြစ်သည်။

"ဒါဆိုရင် ကုန်ကျစရိတ်ကို ဘယ်လိုလုပ်ကြလဲ . ."

"ဒါက ဒီလိုရှိတယ် 'မသူ' ရ။ ပြိုင်ပွဲဝင်မီးပုံးပျံတွေထဲမှာ ရပ်ကွက်အလိုက် ပုံမှန်ဝင်ပြိုင်တဲ့အသင်းရှိမယ်။ နောက် . . လုပ်ငန်းရှင်တွေရဲ့ ပြိုင်ပွဲဝင်မီးပုံးပျံရှိမယ်။ ဆိုလိုတာက ဥပမာ- ဘဏ်တွေကပဲဖြစ်ဖြစ်၊ ဟိုတယ်တွေကပဲ ဖြစ်ဖြစ်၊ သူတို့လုပ်ငန်း Logo နဲ့ ကြော်ငြာသဘောမျိုး ပြိုင်တာရှိတယ်။ နောက် ကျွန်တော်တို့လို လူငယ်အုပ်စုတွေက ဝါသနာအရ ကိုယ့်ငွေနဲ့ကိုယ်စုပြီး ဝင်ပြိုင်တာရှိတယ်။ ပထမဆုံး ကျွန်တော်ပြောတဲ့ ရပ်ကွက်က ဝင်ပြိုင်တဲ့ မီးပုံးပျံအတွက် ကုန်ကျတဲ့ မီးပုံးပျံစရိတ်ကို ရပ်ကွက်ထဲကပဲ အလှူခံတာ။ အိုးစည်တွေတီးပြီးတော့ တစ်အိမ်တက်ဆင်း လိုက်အလှူခံတာပေါ့။ တောင်ကြီးက လူတစ်ရာမှာ ကိုးဆယ့်ကိုးယောက်က မီးပုံးပျံဝါသနာပါကြတာကိုး။ ဒီတော့ ကျားမကြီးငယ်မရွေး မီးပုံးပျံအတွက်ဆိုရင် ငွေအလှူဒါနရော လုပ်အားအလှူဒါနရော ပေးဖို့လှူဖို့ အမြဲတမ်းအသင့်ပဲ . ."

"ဒီ ဓလေ့လေးက အရမ်းချစ်ဖို့ကောင်းတာပဲနော် . ."

www.burmeseclassic.com

www.burmeseclassic.com



"မလေ့တင်ဘယ်ကမလဲ . . တောင်ကြီးသားတွေလည်း ချစ်စိုးတောင်းဝါတယ် 'မသူ' ရ . ."

အရေးထဲ အာကာကဝင်ပြီး ပဏ္ဏာယူရနေသေးသည်မို့ အားလုံးရယ်ဖြစ်ကြသည်။ မသူက ရှက်ဝဲဝဲဖြင့် ရယ်သောအရယ်ကို အရှိန်သတ်ကာ . .

"ဒီလိုဆိုရင် ပြည့်ဖြိုးတို့ မီးပုံးပျံရဲ့ ကုန်ကျစရိတ်ကို ပြည့်ဖြိုးတို့အုပ်စုကပဲ စုပြီးကျခံတာပေါ့ . . ဒီလိုလား . ."

"ဟုတ်တယ် မသူ . . ကျွန်တော်တို့ သူငယ်ချင်းတွေချည်းပဲ ဆယ်ယောက်ကျော်ကျော်ရှိတယ်လေ. . ဘယ်လိုခေါ်မလဲ. . ပင်တိုင်ပေါ့ . . ဒီနှစ်ဆိုရင် တစ်ယောက်တစ်သိန်းစီ စုကြတယ်။ လိုရင် ထပ်စိုက်ကြမယ် . . ပိုရင်လည်း တစ်နေရာရာမှာ လှူလိုက်ကြတယ်"

"သြော် . ."

မသူက မှတ်စုစာအုပ်ထဲကို တချို့ရေးမှတ်သည်။ ပြီး . . .

"ဒါဆို မီးပုံးပျံပြိုင်ပွဲဝင်ဖို့ စာရင်းသွင်းရမှာပေါ့။ ဘယ်တော့လောက် စသွင်းရလဲ . ."

"စာရင်းက September လ တတိယပတ်လောက်ဆို သတ်မှတ်ထားတဲ့နေရာမှာ စာရင်းလက်ခံပေးတယ်။ အဲ September လကုန်လောက်ဆိုရင် မီးပုံးပျံ ယှဉ်ပြိုင်ရမယ့် ရက်ရယ်၊ အလှည့်ကျတဲ့ နံပါတ်စဉ်ကို မဲနှိုက်ရတယ် . . ."

"သြော် . . ဒီလိုဆို ဒီပွဲအတွက် နှစ်လလောက်ကြို စာရင်းပေးရတာပေါ့ . ."

"ဟုတ်တယ် . ."

"မီးပုံးပျံတွေကို အမျိုးအစား ဘယ်လိုခွဲတာလဲ ဟင်"

"ကြိုက်သလိုခွဲလို့ရတယ်။ စားနဲ့ပဲခွဲခွဲ၊ ကတ်ကြေးနဲ့ပဲ ခွဲခွဲ နှစ်သက်ရာနဲ့ ခွဲလို့ရတယ် . ."





အာကာက ဝင်ကာ အရွှန်းဖောက်ပြန်သည်။ 'မသူ' က 'ဒီမှာ လူကြီးတွေ စကားပြောနေတယ်လေ' ဟု ပြန်နောက်သည်။

"ဒီလို . . မသူ့ရ . . သူက နေ့လွှတ်နဲ့ညလွှတ်ဆို ပြန်ခွဲသေးတယ် . .။ နေ့လွှတ်မီးပုံးပျံက အရုပ်မီးပုံးပျံတွေကို လွှတ်တာ။ ဥပမာ- ဆင်တို့၊ ငှက်တို့၊ ဝက်ဝံတို့၊ ဘဲတို့ အစရှိသဖြင့်ပေါ့ဗျာ။ ချစ်စရာကောင်းတဲ့ တိရစ္ဆာန်တွေရဲ့ပုံစံအတိုင်း တီထွင်ထားတဲ့ အရုပ်တွေက နေ့ပိုင်းမှာလွှတ်တာ . . ."

မသူက စာအုပ်ထဲကို အကုန်ရေးမှတ်နေသည်။ ကျွန်တော် စကားကို ဆက်ဖြစ်သည်။

"အဲဒီ နေ့လွှတ် အရုပ်အလှပြိုင်ပွဲကိုပဲ ခြေနှစ်ချောင်းအုပ်စု၊ ခြေလေးချောင်းအုပ်စုနဲ့ အရုပ်အုပ်စုဆိုပြီးတော့ သုံးမျိုးပြန်ခွဲတယ်။ ခြေနှစ်ချောင်းဆိုရင် ငှက်တို့၊ ကြက်တို့၊ ဘဲတို့ ဒါမျိုးပေါ့။ ခြေလေးချောင်းအရုပ်တွေကျတော့ ဆင်ရုပ်တို့၊ ဝက်တို့၊ နွား၊ မြင်းကျားတို့ စသဖြင့်ပေါ့ဗျာ . ."

"အရုပ်အုပ်စုဆိုတာကရော . ."

"အဲ . . အရုပ်အုပ်စုဆိုတာက မိသားစုဖြစ်ချင်လည်းဖြစ်မယ် . . ဥပမာ-ကြံ့ချည်းပဲ သုံးကောင်၊ အရုပ်သုံးရုပ်ပေါ့ဗျာ။ တစ်ပြိုင်တည်းလွှတ်တာ။ ဒီတော့ ကောင်းကင်မှာ ဆင်တူအရုပ်တွေတအုပ်စုလိုက် ဝဲပျံနေတော တော်တော်လှတယ်။ ယုန်ရုပ်ဖြူဖြူလေးတွေ၊ ရှဉ့်၊ ကြွက်လေးတွေ၊ ငြိမ်းချမ်းရေးခိုအုပ်စုတွေပေါ့ဗျာ . . ချစ်စရာလည်းကောင်း၊ ရုပ်လုံးကလည်း ပီပြင်တော့ ကောင်းကင်မှာ တိရစ္ဆာန်မျိုးစုံက အရောင်မျိုးစုံနဲ့ ဝေ့ဝဲနေတာပေါ့ . ."

"စွန်ရောင်စုံ ကောင်းကင်မှာ လွှတ်ထားသလိုပေါ့နော်"

မသူက သူမစိတ်ကူးထဲမှာ မြင်ရသလိုပင်ဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေါ့ . . အရုပ်ရောင်စုံတွေ ကောင်းကင်နဲ့ပြည့်နေတဲ့ ဒီ မြင်ကွင်းကို မြင်ရင် မသူ တစ်သက်လုံး မေ့တော့မှာမဟုတ်ဘူး . ."

"ဆုပေးတော့ရော ဘယ်လိုပေးလဲ . ."

"ဒိုင်နှစ်မျိုးရှိတယ် 'မသူ' ရဲ့ ကွင်းဒိုင်နဲ့ခုံဒိုင် ဆိုပြီးတော့ပေါ့။ ကွင်းဒိုင်တွေက မီးပုံးပျံလွှတ်တဲ့ ကွင်းထဲမှာ နေရာယူပြီးတော့ ပြိုင်ပွဲဝင်တွေရဲ့ မီးပုံးပျံကိုကြည့်ပြီး အမှတ်ပေးတယ်။ ဘယ်လိုကြည့်လဲဆိုတော့ သူတို့နာမည်ပေးထားတဲ့အရုပ်။ ဥပမာ-ပန်ဒါဝက်ဝံဆိုရင် တကယ့်ပန်ဒါဝက်ဝံနဲ့ ရုပ်လုံးရောတူရဲ့လား။ မီးပုံးပျံမှာ ခြယ်သထားတဲ့ ဒီဇိုင်းကရော သဘာဝကျကျ လှရဲ့လား။ ဖာရာထေးရာများနေလား။ သေသပ်မှုရှိရဲ့လား။ ဒါမျိုးတွေကို ကြည့်ရတယ်။ ခုံဒိုင်ကတော့ မီးပုံးပျံစလွှတ်တဲ့အချိန်နဲ့ မီးပုံးပျံကျတဲ့အချိန်ကြားက ကြာချိန်ကို မှတ်ရတယ်။ ဒါ အကြမ်းဖျင်းပြောပြတာ။ ဒိုင်တွေမှာ အမှတ်ပေးဇယားတွေ၊ စည်းမျဉ်းတွေရှိပြီးသား . . . အသေးစိတ်တော့ ကျွန်တော်လည်း မသိဘူး . ."

မသူက စာအုပ်မှာမှတ်ရင်း ခေါင်းညိတ်လျက် နားထောင်သည်။

"မီးပုံးပျံပြိုင်ပွဲဝင်တွေ . . ပြိုင်ပွဲကွင်းထဲကို စနစ်တကျဝင်လား၊ ထွက်လား စည်းကမ်းရှိရဲ့လား။ ခိုက်ရန်ဖြစ်ပွားတာကော ရှိလား . . ဒါတွေလည်း ကြည့်တယ်။ အမှတ်ပေးတယ် . ."

"တော်တော်လေး စနစ်တကျ လုပ်ထားတာပေါ့ . ."

"ဒါပေါ့ . . ဒါပေါ့ . ."

မသူက ခေါင်းကိုညိတ်ရင်း တွေးတွေးဆဆဆိုသော စကားကို အာကာက နောက်သည်။

"ကဲ . . ကဲ နေ့လယ်စာစားချိန်လည်း ရောက်နေပြီ။ ကျန်တဲ့





အကြောင်းအရာတွေကို မနက်ဖြန်မှ ဆက်ပြောကြတာပေါ့ . ."

ကျွန်တော့်စကားကြောင့် အားလုံးက အညောင်းဆန့်သူဆန့်ဖြင့် ထရပ်ကြသည်။ လက်ဖက်ရည်ဆိုင်မှပြန်တော့ 'မသူ' က ကျွန်တော့်ဆိုင်ကယ်နောက်မှစီးရင်းပါလာသည်။ အာကာက ဆိုင်ကယ်ကို ဘေးချင်းယှဉ်စီးရင်း မသူကို ဘာတွေလုပ်ပြသည်မသိ။ မသူက တခစ်ခစ်ဖြင့် သဘောတွေကျနေသည်။

ဘာပြောပြော အာကာနှင့်မသူကတော့ မျက်လုံးချင်းလည်း စကားအတော်ပြောနေပြီ ဖြစ်သည်။ ဘေးမှမြင်နေရသူ ကျွန်တော့်အဖို့မူ အာကာ့ကို မနာလိုပဲဖြစ်ရတော့မယောင်ယောင်၊ အားပဲကျရတော့မယောင်ယောင် ဖြစ်ကာနေသည်။ အစောပိုင်းကတော့ 'မသူ' အပေါ် ကျွန်တော် ရင်ခုန်မိသလိုလိုရှိသော်လည်း တကယ်တမ်းကျ ပုလဲအပေါ် ခံစားရသော ခံစားမှုနှင့်နှိုင်းစာလျှင် မသူသည် သာမန်သူငယ်ချင်းအဆင့်မှာပဲ ရှိသည်။

ကျွန်တော့် ရင်ထဲ၌ပြိုင်ဘက်မရှိ နေရာအပြည့်ယူထားသည်က ပုလဲ . .။

* * *

www.burmeseclassic.com

www.burmeseclassic.com



"ဘာ ဖြစ်လို့ ဖုန်းမကိုင်တာလဲ . . "

ကျွန်တော် ဖုန်းကို မကိုင်သဖြင့် စိတ်ဓာတ်ကျကျနှင့် Mess -age ပို့ဖြစ်သည်။ နာရီဝက်ကျော်ကျော်လောက် ထိုင်စောင့်နေသော်လည်း သူမထံမှ ဘာတုံ့ပြန်မှုမှ ရောက်မလာ။

"ဖုန်းမကိုင်ရင်တောင်မှ Message လောက်တော့ ပြန်ပို့သင့်တယ် . . "

ကျွန်တော် နောက်ထပ် Message ထပ်ပို့ဖြစ်သည်။ ပြီး နောက်ထပ် ဆယ့်ငါးမိနစ်ခန့် လည်ပင်းရှည်အောင် စောင့်သော်လည်း ဘာ Message မှ ပြန်မလာ။ ကျွန်တော်ဆိုသော ကောင်ကလည်း 'ဇ' သေးသောကောင်မဟုတ်။ ထို့ကြောင့် 'ဇွဲ' မလျှော့။

"ငါ နင်တို့အိမ်ရှေ့က အုတ်ခုံပေါ်မှာ ထိုင်စောင့်နေတယ်။ Message လေးတော့ ပြန်ပို့ပါဟာ . . "

သုံးကြိမ်မြောက်သော Message ပို့အပြီးမှာ သူမအခန်း ပြတင်းပေါက်မှ ခန်းဆီးစလေးတဖျတ်ဖျတ်လှုပ်သွားတာကို မြင်နေရ





သည်။ ရင်မှာ လှပ်ခနဲ ဝမ်းသာမယ်ကြံရုံရှိသေး ဖျတ်ဆို ခန်းဆီးစကို ပြန်ဆွဲပိတ်ကာ မီးမှိတ်သွားသည်မို့ ရင်မှာ ဟာခနဲ။

တော်တော်လေး ကြာသည်အထိ ထိုင်စောင့်နေသော်လည်း သူမထံမှနေ ဘာဖုန်းမှ၊ ဘာ Message မှ ဝင်မလာ။ ခြင်ကိုက်တာသာ အဖတ်တင်သည်။

စိတ်ညစ်ညစ်နှင့်ထိုင်နေတုန်း ပြုန်းခနဲ လမ်းထဲဝင်လာသော ဆိုင်ကယ်တစ်စီးက ကျွန်တော့်မျက်နှာဆီတည့်တည့်ကြီး မီးထိုးရင်း ကျွန်တော်နှင့်မလှမ်းမကမ်းမှာ ရပ်သည်။ ဆိုင်ကယ်သာ ရပ်သွားသော်လည်း သော့ကိုမပိတ်သေးဘဲ မီးကို ကျွန်တော့်မျက်နှာဆီ ဆက်ထိုးထားသည်။

မီးအထိုးခံရသဖြင့် မျက်စိများပြာဝေကာ ဘာကိုမှမမြင်ရတော့သော်လည်း 'ဒါ ဘယ်သူ့ဆိုင်ကယ်' ဆိုတာ ကျွန်တော် သိပြီးဖြစ်သည်။

လက်ဖြင့်ကာကာ ဒေါသဖြင့် 'မင်းဘာလုပ်တာလဲ သတိုး' ဟုဆိုရင်း ထရပ်ဖြစ်သည်။ ထိုအခါမှ ဆရာသမားသတိုးက မီးကိုပိတ်သည်။ ပြီး . . .

"မင်းသမီးအိမ်ရှေ့မှာ လာကြွေပြနေတဲ့ မင်းသားကို မြင်သာထင်သာရှိအောင်လို့ ဆလိုက်မီးထိုးပေးတာပါ။ ဒီ ဆလိုက်မီးလေးထိုးတာအောင် မခံနိုင်မှတော့ မင်းသား မဖြစ်နိုင်ဘူး။ ဘယ်အိမ်မှာ အလစ်သုတ်လို့ရမလဲ ချောင်းနေတဲ့ လူပဲဖြစ်မယ် . . ဟား ဟား ဟား . . . "

အရည်မရ အဖတ်မရတွေဆိုရင်း ရယ်သောသကောင့်သားခ၏ ရယ်သံနောက်သို့ သူနှင့်ပါလာသော ကပ်ဖားရပ်ဖားများက လိုက်ရယ်ကြသည်။

ဒီအချိန်မှာ ထဖြုပြန်ရင်လည်း တစ်အုပ်နှင့်တစ်ယောက်မို့



www.burmeseclassic.com

www.burmeseclassic.com



သေချာပေါက် ကျွန်တော်ခံရမည်။ လူတစ်အုပ်နှင့်တစ်ယောက်ချတာ တစ်ယောက်သမားက နိုင်တယ်ဆိုတာမျိုးက တကယ်တော့ ဇာတ်ရှင်ထဲမှာပဲရှိသည်။ သို့သော် သူတို့ဘက်က စဖြံလာရင်တော့လည်း ကျွန်တော့်ဘက်ကနောက်ဆုတ်စရာမရှိ။

"ကဲ . . ကဲ ဘောလုံးပွဲကြည့်စရာရှိလို့ ဒိုးလိုက်ဦးမယ်။ ဆလိုက်မီးဆက်မထိုးပေးနိုင်တာ စိတ်မရှိနဲ့နော် မင်းသား . . ဟား . . ဟား . . ဟား . ."

ပြောချင်တာတွေစွတ်ပြောရင်း ဆရာသမားက ဆိုင်ကယ်လီဗာကို လိုအပ်သည်ထက်ပိုတင်ကာ ထွက်သွားသည်။ ဆိုင်ကယ်တစ်အုပ်ကြီး ထွက်သွားသည်ကို လိုက်ကြည့်ရင်း ရင်မှာဒေါသတို့က လှိုင်းထကာကျန်ခဲ့သည်။

ထိုအချိန်မှာပဲ ဖုန်းက ရုတ်တရက်ထမြည်လာသည်ကို ကြည့်လိုက်သောအခါ ပုလဲထံမှဖုန်းဖြစ်နေသည်။ ဝမ်းသာအားရဖြင့် ကိုင်လိုက်သောအခါ သူမက . .

"ပြန်တော့ . . ."

တုံးတိတိကြီး အစမရှိ အဆုံးမရှိဆိုသော သူမစကားကြောင့် ကျွန်တော် နင်တင်တင်ကြီး ဖြစ်သွားရသည်။ နောက် တင်းလည်း တင်းသွားမိသည်မို့ ရုတ်တရက်ဘာပြန်ပြောရမည်မသိ။

"ဘာလဲ မပြင်ချင်လို့လား . ."

ကျွန်တော့်အမေးကို သူမ ချက်ချင်းမဖြေ။ အတန်ကြာတော့မှ . . .

"ရန်ဖြစ်မှာ စိုးလို့ . ."

"စိတ်ချပါဟာ . . နာရင် ငါပဲနာမှာပါ။ နင် ဟိုကောင့်အတွက် စိတ်ပူနေတာမဟုတ်လား။ သူမှာက နောက်လိုက်နောက်ပါတွေ အများကြီးဟ . ."





"နင် မရှိနဲ့နော် . . ငါ ဖုန်းချလိုက်မှာ . ."

"အစောကြီးကတည်းက နင် ငါ့ဖုန်းဆို မကိုင်ချင်ဘူး မဟုတ်လား . ."

"ပြီးရောဟာ . ."

ရွဲ့တာနည်းနည်းတော့ လွန်သွားသလားမသိ။ သူမ ဖုန်းချသွားခဲ့သည်။ သူမ၏ အခန်းကိုလှမ်းကြည့်တော့ မီးဖွင့်ခနဲမှိတ်သွားသည်ကို လှမ်းမြင်ရသည်။

ရုတ်တရက် ဖုန်းထမြည်လာသည်မို့ သူမ၏ဖုန်းများလားဟု ဝမ်းသာအားရ ကြည့်လိုက်တော့ မင်းမင်း၏ဖုန်းဖြစ်နေသည်။

"အေး . . ပြော . . သူငယ်ချင်း . ."

"မင်းရဲ့ ချယ်လ်ဆီး ရှုံးသွားပြီကွ . ."

"အေးပါကွာ . ."

"ဟ . . မင်းအသံက တစ်မျိုးကြီးပါလား . . ဘာဖြစ်နေတာလဲကွ . ."

"ဘာဖြစ်နေမှန်းကို မသိတော့ဘူးကွာ . ."

"ရော် . . တစ်မျိုးကြီးပါလား . . ဘာလဲ ပုလဲနဲ့အဆင်မပြေဘူးလား . . နေဦး . . ငါ မင်းကို ပြောပြရဦးမယ် . . ပုလဲက သတို့သမီးအရံလုပ်ပေးမယ်တဲ့ကွ . ."

"ဟုတ်လား . ."

"အေး . . အစောကြီးကတည်းက သူ့ကိုသတိရရမှာ . . . ဆားပါတော့ သူကမေးသေးတယ်တဲ့ . . သူနဲ့တွဲရမယ့် သတို့သားအရံက ဘယ်သူလဲပေါ့ကွာ . . စုက မင်းနဲ့လို့လည်း ဖြေလိုက်ရော . . သူ မျက်ကိုးရှက်ကန်းကြီး ဖြစ်သွားတယ် . . တဲ့ကွ . ."

"သြော် . . ."

"စုကတောင် မင်းအတွက် ပွားပေးခဲ့သေးတယ်တဲ့၊ ဒါပေ



www.burmeseclassic.com

www.burmeseclassic.com



မယ့် ပုလဲကိုခန့်မှန်းရခက်တယ်တဲ့။ ပြောပြရဦးမယ် ဟိုကောင်က လည်း အလာကြီးပဲကွ။ နှင်းဆီပန်းတွေ သူ့ဆီနေ့တိုင်းပို့ဆို၊ လူ ကြည့်တော့ မခုတ်တတ်သလိုလိုနဲ့ သူလည်း မခေဘူးကွ . ”

“ဩော် . . .”

“ဩော် ဆိုတာအပြင် ကျွန်တော့်မှာပြောစရာ စကားမရှိ။ ဖုန်းမကိုင်သည်မို့ ကျွန်တော်ကနေ့တိုင်း Message ပို့သည်။ သကောင့်သားကတော့ နှင်းဆီပန်းတွေ နေ့စဉ်ပို့သည်တဲ့။ သူမ ဘာ ကိုပို နှစ်ခြိုက်ပါလိမ့် . .”

“အေးကွာ . . နောက်မှ ဆုံရအောင် . .”

“အေး . . ဟုတ်ပြီ . . သူငယ်ချင်း . .”

ဖုန်းကိုချလိုက်ရင်း သူမ အခန်းဆီ ကျွန်တော်မော့ကြည့် ဖြစ်သည်။

ချစ်သူ၏ အိပ်ခန်းမှာ နှင်းဆီရနံ့တွေချည်း လွှမ်းနေမလား တော့ မသိ။

* * *



မိုးပုံးပုံ တွင် သုံးမည့် ယမ်းမီးရှူးမီးပန်းများစိုက်ရန် အဲ့ကာ့ အိမ်၌ ဆယ်နာရီတိတိ လူစုထားသည်မို့ ကျွန်တော်နှင့်မသူ နှစ် ယောက်သားဆိုင်ကယ်စီးရင်း ဆယ်မတ်တင်းမှာ ထွက်လာကြသည်။

အာကာတို့အိမ်ဘက်အချိုးမှာ တစ်ဖက်မှလမ်းလျှောက်လာ သော ပုလဲကို မြင်ရသည်။ ပုလဲက ကျွန်တော် ပြုံးပြသည်ကို မမြင် ယောင်ပြုရင်း ကျွန်တော့်နောက်မှာပါလာသော မသူကို တစ်ချက် ကြည့်သည်။ ပြီး . . ခေါင်းကိုငုံ့ကာ သူမလမ်း သူမဆက်လို့လျှောက် သည်။ ပုလဲကို မမြင်ဖူးသေးသော မသူက ပုလဲကို အမှတ်တမဲ့ ကြည့်ရင်း . . .

“ဟယ်တော့ . . ချစ်စရာလေး ကြည့်စမ်း . . ဒီကလေးမ ဆော်တော်ချောတာပဲ . .”

လွှတ်ခနဲထွက်သွားသော မသူ၏ စကားကြောင့် ဘာရယ် ဆုတ် ကျွန်တော် မချိုပြုံးပြုံးဖြစ်သည်။

“ခင်ဖြူပုလဲ ဆိုတာ သူပေါ့ . . .”



www.burmeseclassic.com

www.burmeseclassic.com



"ဪ . . သူလား . ."

ကျွန်တော့်အပြောကြောင့် မသူက သမင်လည်ပြန်လှည့်ကြည့်သည်။ ပြီး . . .

"သူ လှည့်ကြည့်နေတယ်တော့ . . ကြည့်ရတာ ငါ့မောင်နောက်မှာ ဆိုင်ကယ်စီးတာကို မကြည့်ဘူးလား မသိဘူး . ."

မသူ၏ စကားကြောင့် ဒုတိယမ္ပိ ကျွန်တော် မချိပြုံးပြုံးဖြစ်သည်။

"သူနဲ့ကျွန်တော်က သူငယ်ချင်းအဆင့်မှာပဲ ရှိသေးတာပါ။ ကျွန်တော်နဲ့အပြိုင်လိုက်နေတဲ့ကောင်က ကျွန်တော်တို့တိုက်ရှေ့အိမ်ကလေ . ."

"ဟုတ်လား . . အဲဒီအိမ်က တော်တော်ချမ်းသာတယ်နော်"

"မသူ သာဆိုရင်ကော . . ကျွန်တော်နဲ့ အဲဒီသူဌေးသားနဲ့ ဘယ်သူ့ကိုရွေးမလဲ . ."

ကျွန်တော့်အမေးကို မသူ ချက်ချင်းမဖြေ။ အတန်ကြာတော့မှ . . .

"မင်းတို့ယောကျ်ားလေးတွေက မိန်းမတိုင်း ငွေမက်တယ်ချည်း ထင်နေတာကိုး။ တကယ်တော့ မင်းတို့က ကိုယ့်စိတ်နဲ့နှိုင်းနေကြတာ သိရဲ့လား။ အချစ်မှာငွေဆိုတာ မပါဘူး ပြည့်ဖြိုး။ မင်းအဲဒီလို လျှော့တွက်နေတာ ဒီပုလဲရဲ့ အချစ်ကို စော်ကားနေတာပဲ။ တစ်နည်းအားဖြင့်ပြောရရင် မိန်းကလေးအားလုံးကို လျှော့တွက်ပြီး နှိမ့်ချတာပဲ။ အချစ်ကိုပဲ ကိုးကွယ်တဲ့ မိန်းကလေးတွေပဲ အများကြီးပါ ငါ့မောင်ရယ် . ."

မသူ၏ စကားကို ကျွန်တော်ပြန်မတုံ့ပြန်ဖြစ်။ တတိယမ္ပိ မချိပြုံးကိုတော့ ပြုံးဖြစ်သည်။ နောက်မှလိုက်စီးသော မသူကတော့ ကျွန်တော့်အပြုံးကို မမြင်။ မြင်လျှင် ဘာပြောဦးမည်မသိ။

* * *



"ဟိုတစ်နေ့က ပြည့်ဖြိုးပြောပြလို့ နေ့လွှတ်မီးပုံးပျံအကြောင်းတော့သိရပြီ။ ညလွှတ်မီးပုံးပျံအကြောင်း ရှင်းပြပါဦး . ."

ဆယ်နာရီချိန်းထားသော်လည်း ဆယ်နာရီထိုးသည်အထိလူက မစုံသေး။ ချယ်ရီပင်အောက်မှ သစ်သားကွပ်ပျစ်မှာထိုင်ရင်း မသူက မေးသည်။ အာကာက ရေနွေးကြမ်းနှင့်မြည်းရန် လတ်ဖက်သုပ်နှင့် ဂျုံးပဲပုတ်ကြော်တို့ကို ယူလာပေးသည်။

"ညလွှတ်မီးပုံးပျံက နှစ်မျိုးရှိတယ် မသူ့ရ။ ညမီးကျီနဲ့စိန်နားပန်ဆိုပြီးတော့ပေါ့ . . ညမီးကျီဆိုတာက အောက်ဆွဲယမ်းခွေကနေ မီးရှူးမီးပန်းရောင်စုံတွေ ဖြာကျတဲ့အမျိုးအစား။ စိန်နားပန်ဆိုတာက ရောင်စုံမီးပုံးတွေကို ပုံဖော်ပြီးတော့ မီးပုံးပျံကိုယ်ထည်မှာရော။ အောက်ဆွဲမှာပါ အဲဒီမီးပုံးတွေနဲ့ပဲ အလှဆင်ထားတဲ့ မီးပုံးပျံကိုခေါ်တာ။ ပြိုင်ပွဲရက်ရောက်ရင် ညမီးကျီတစ်လုံး၊ စိန်နားပန်မီးပုံးပျံတစ်လုံး။ အဲဒီလို တစ်လှည့်စီ လွှတ်ကြတယ် . . မသူလည်းတန်ဆောင်တိုင်ပွဲကို လည်ဖူးတော့ သိမှာပါ။ ညမီးကျီနဲ့စိန်နားပန်လောက်ကတော့ . ."



www.burmeseclassic.com

www.burmeseclassic.com



"အင်း . . သိတယ် . . ဒါပေမယ့် မသူက ဧည့်သည်တွေကို ညလွှတ်မီးပုံးပျံတွေ အဓိကထားပြရမှာဆိုတော့ အဲဒီ ညမီးကျီ မီးပုံးပျံနဲ့စိန်နားပန် မီးပုံးပျံကိုပဲ အဓိကထားပြီး လေ့လာရမှာ . ."

"ဒါဆို ကွက်တိကျသွားတာပေါ့ . . . ဒီနှစ် ကျွန်တော်တို့ ရပ်ကွက်က စိန်နားပန်မီးပုံးပျံနဲ့ ဝင်ပြိုင်မှာလေ . . ဒီတော့ ရပ်ကွက်ဓမ္မာရုံမှာ မီးပုံးပျံလုပ်နေတဲ့အချိန်။ အချိန်မရွေး မသူ သွားလေ့လာလို့ရတယ် . . များသောအားဖြင့်တော့ ညပိုင်းမှာ လုပ်ကြတာများတယ် . . ဘာဖြစ်လို့လဲဆိုတော့ နေ့ခင်းဘက်၊ ကိုယ့်အလုပ်နဲ့ ကိုယ်လုပ်ပြီးတော့ ညဘက်မှာ လူစုပြီး ဝိုင်းလုပ်ကြတာ . . ပျော်စရာကောင်းတယ် . ."

အာကာက ရေနွေးကြမ်းငှဲ့ပေးရင်းဆိုသည်။

"အာကာတို့ရဲ့ မီးပုံးပျံကျတော့ရော . . ."

မသူ၏ အမေးကြောင့် အာကာနှင့်ကျွန်တော်တစ်ယောက်ကို တစ်ယောက်ကြည့်ရင်း ရယ်ဖြစ်သည်။

"ကျွန်တော်တို့က အိမ်အလုပ်ကိုပဲ ကူနေတာဆိုတော့ အိမ်အလုပ်ကူပြီးရင် တစ်နေကုန်အားနေတာ။ အဲဒီလိုဆိုတော့ အိမ်အလုပ်ရှိရင် ပြေးလုပ်လိုက် . . ပြီးရင် ဒီမှာပြန်လာကူလိုက်။ ညဘက်ကျတော့ လက်ဖက်ရည်ဆိုင် ခဏပြေးပြီးရင် ရပ်ကွက်ဓမ္မာရုံမှာ သွားကူတယ်။ အရင်နှစ်ကတော့ ရပ်ကွက်ကလည်း ညမီးကျီမီးပုံးပျံပဲ လုပ်တာကိုး။ ဒီတော့ ယောကျ်ားလေးတွေပဲ လုပ်ရတာများတယ်။ ညမီးကျီမှာ သုံးမယ့် မီးရှူးမီးပန်းတွေကို ယမ်းရိုက်တာက မိန်းကလေးတွေမှ မရိုက်တတ်တာ။ ဒီတော့ ကျွန်တော်တို့လည်း ပင်ပန်းတာပေါ့။ ဒီနှစ်ကျတော့ ရပ်ကွက်က စိန်နားပန်လွှတ်မှာဆိုတော့ ယောကျ်ားလေးတွေက မီးပုံးမှာသုံးမယ့် ဝါးခွေလေးတွေရယ်။ မီးပုံးပျံကိုယ်ထည်မှာ မီးပုံးချိတ်ဖို့ တပ်ရမယ့် ဝါးချိတ်တွေလုပ်ဖို့ ဝါးခွဲပေး





ပြီးရင် ပြီးပြီ။ မိန်းကလေးတွေက အချောပိုင်းကို လုပ်တယ်။ ဥပမာ- မီးပုံးမှာ ရောင်စုံစက္ကူလေးတွေကပ်ဖို့ ဖြတ်တာတို့၊ ကပ်တာတို့ ဒါမျိုးပေါ့ . . အသေးစိတ်အလုပ်တွေ သူတို့လုပ်တယ် . . ဒီတော့ ကျွန်တော်တို့က မီးပုံးပျံတိုင်းပြီးရင် ပြီးပြီ . ."

"နေဦး . . မသူ မေးဦးမယ် . . မီးပုံးပျံတိုင်းတယ်ဆိုတဲ့နေရာမှာ . . (ရှမ်းစက္ကူ) မိုင်းကိုင်စက္ကူနဲ့ မီးပုံးပျံတိုင်းပြီးတာနဲ့ ပြီးရောလား . . မီးစာတိုင်ကျတော့ရော . ."

မသူ၏ ကတ်သီးကတ်သတ်အမေးကြောင့် ကျွန်တော်တို့ ရယ်ဖြစ်သည်။

"သူလည်း ပါတာပေါ့ . . 'မသူ' ပြောတဲ့မီးစာတိုင်ကိုကျတော့ သံချောင်းတွေနဲ့ ဝရိန်ဆော်ပြီးလုပ်ရတာ။ အဲဒီလို ဝရိန်နဲ့ဆော်ထားတဲ့ မီးစာတိုင်ကို အမြင့် ခုနစ်ပေလောက်ထိ လုပ်ကြတယ်။ လုံးပတ်ကျတော့ အမြင့်ရဲ့ဆယ်ပုံတစ်ပုံ ခုနစ်လက်မ၊ ရှစ်လက်မလောက် ခန့်မှန်းပြီးလုပ်တယ် . ."

"ဝိတ်တော်တော်များမှာပေါ့ . . သံနဲ့လုပ်တာဆိုတော့ . ."

မသူက တွေးတွေးဆဆဖြင့် ဆိုသည်။

"ဒါပေါ့ . . အဲဒီ သံဖရိန်ပေါ်ကို ဖယောင်းတို့၊ ရေနံကျိုးတို့နဲ့စိမ်ထားတဲ့ အညာစောင်ကိုကျစ်နေအောင် ကျစ်ပြီး ပတ်ထားသေးတာဆိုတော့ ပျမ်းမျှ ဆယ့်ရှစ်ပိဿာလောက်ရှိတယ်။ ဒါယမ်းငွေ့ရဲ့ အလေးချိန်မပါသေးဘူးနော် . . စိန်နားပန်ရဲ့ အောက်ဆွဲက မီးပုံးတွေဆိုတော့ ဝိတ်က သိပ်မရှိဘူး . . ညမီးကျီရဲ့အောက်ဆွဲ ယမ်းခွေကျတော့ ပိဿာချိန် လေးဆယ်လောက်ထိ ရှိတယ် . ."

"အားပါးပါး . . ဒါဆို . . မီးစာတိုင်ရဲ့ ဝိတ်ရယ်၊ အောက်ဆွဲယမ်းခွေရဲ့ ဝိတ်ရယ်ဆိုရင် မသူတို့လို မိန်းကလေးနှစ်ယောက်စာရဲ့ ဝိတ်လောက်ရှိတောပေါ့ . ."



www.burmeseclassic.com

www.burmeseclassic.com




"ဒါပေါ့ . . ပွင့်ကိုယ်လုံးနဲ့ဆိုရင်တော့ တစ်ယောက်စာ ယောက်ပေါ့ . ."

ကျွန်တော့်စကားကြောင့် မသူက မနောက်နဲ့ . . ဟုဆိုရင်း ရယ်သည်။ ပြီး . . .


"ဒီလိုဆိုရင် စက္ကူနဲ့ချည်းပဲ လုပ်ထားတဲ့မီးပုံးပျံက ဒီအချိန် ခြောက်ဆယ်ပိဿာလောက်ရှိတဲ့ မီးစာတိုင်ရဲ့ဝိတ်နဲ့ အောက်ဆွဲ ယမ်းခွေရဲ့ဝိတ်ကို ဆွဲရတော့ စက္ကူတွေပြဲမကျဘူးလား . ."

မသူ မေးသောအမေးက မေးသင့်သောအမေးဖြစ်သည်။ ဒီအတိုင်းရှင်းပြလျှင်လည်း နားလည်မည်မဟုတ်သည်မို့ မသူ၏ လက်ထဲမှ စာအုပ်နှင့်ဘောလ်ပင်ကို တောင်းပြီး ပုံဆွဲပြရသည်။

"ဒီမှာကြည့် . . ဒါက မီးပုံးပျံတိုင်းတဲ့နေရာမှာ သုံးတဲ့ ရှမ်း စက္ကူရဲ့ ဆိုဒ်နှစ်ဆယ့်နှစ်လက်မပတ်လည်ရှိတယ် . ."





"အဲဒီ နှစ်ဆယ့်နှစ်လက်မ ပတ်လည်စက္ကူတွေကို တစ်ခုနဲ့ တစ်ခု ထပ်ကပ်တဲ့နေရာမှာ အဲဒီလိုစက္ကူမျိုး အရွက်တစ်ထောင် လောက် ကုန်တယ်။ ဒီမှာကြည့် . . ."







"ကျွန်တော် ဒီမှာ မြားပြထားတဲ့နေရာက စက္ကူတွေ တစ် ရွက်နဲ့တစ်ရွက်ထပ်ပြီး ကော်ကပ်တဲ့နေရာ။ အဲဒီလို ကော်တွေကပ်ပြီး တော့ မီးပုံးပျံတစ်လုံး တိုင်းပြီးသွားပြီဆိုပါစို့။ အဲဒီ မီးပုံးပျံရဲ့ထိပ်တ နေ အောက် ဒွါရပေါက်အထိ နှစ်လက်မ ပိတ်စတွေကို ကော်ထပ် ကပ်ရတယ်။ ဘယ်လိုကပ်လဲဆိုတော့ . . . ဒီမှာကြည့် . . ."




"တွေ့လား . . ဒီမြားပြထားတဲ့နေရာက စက္ကူတွေ တစ်ချပ် နဲ့တစ်ချပ်ထပ်ပြီး ကော်ကပ်ထားတဲ့နေရာ ဒီအစက်ကလေးတွေနဲ့ ပြထားတဲ့နေရာက နှစ်လက်မပိတ်စကို ကော်နဲ့ကပ်တဲ့နေရာ ဒီလို ဒေါင်လိုက် လိုက်ကပ်ထားတော့ မီးပုံးပျံက သူသယ်နိုင်တဲ့ ဝိတ် လောက်ကို အသာလေးသယ်သွားနိုင်တယ်။ ပြဲကျမှာ ကြောက်စရာ မလိုတော့ဘူး . . ရှင်းလား . ."




www.burmeseclassic.com

“ဘာဖြစ်လို့ ၂လက်မပိတ်စကပ်တာကို ဟိုစက္ကူတွေ တစ်ရွက်နဲ့တစ်ရွက် ထပ်ကပ်တဲ့နေရာမှာ မကပ်ဘဲနဲ့ စက္ကူရဲ့ အလယ်နေရာတွေကို ထပ်ကပ်တာလဲ . .”

ကျွန်တော့် သရုပ်ဖော်ပုံကိုကြည့်ပြီး မသူက ကောက်ကာငင်ကာ မေးခွန်းထုတ်သည်။ အာကာက မသူ၏ စေ့စပ်ပုံကို သဘောတကျဖြင့် ခိုးခနဲ ရယ်သည်။ ပြီး ‘ရှင်းပေတော့’ ဟူသော သဘောဖြင့် ကျွန်တော့်ကို မေးဆတ်ပြသည်။

“ဒီလိုရှိတယ်လေ ‘မသူ’ ရ။ စက္ကူတွေ တစ်ရွက်နဲ့တစ်ရွက် ထပ်ကပ်ထားတဲ့နေရာကျတော့ သူ့ကော်နဲ့သူ့ချုပ်ရိုးလိုနေရာက ခိုင်နေပြီးသား။ စက္ကူရဲ့အလယ်မှာကျတော့ စက္ကူကလုံးလုံးပလိန်းကြီးဖြစ်နေတယ်လေ။ ဝိတ်ကြောင့်သာ ပြဲမယ်ဆိုရင် အဲဒီနေရာကပဲ ပြဲနိုင်တာကိုး။ ကျွန်တော် ထပ်ဆွဲပြမယ် . . ကြည့် . .”




“ကဲ . . ကျွန်တော်မြားပြထားတဲ့နေရာက စက္ကူတစ်ရွက်နဲ့တစ်ရွက်ထပ်ပြီး ကော်နဲ့သေသေချာချာကပ်ထားတော့ အဲဒီနေရာက ပြဲဖို့နဲ့ အလယ်မှာ လွတ်နေတဲ့ပလိန်းနေရာနဲ့ ဘယ်သူက ပိုပြဲနိုင်မလဲ။ ဝိတ်တွေက အောက်ကိုဆွဲထားတာဆိုတော့ ပြဲချင်းပြဲရင် ဒေါင်





လိုက်ပဲ အောက်ကိုပြဲကျမှာလေ။ ဒါကြောင့်မို့ အဲဒီစက္ကူအလယ်မှာ လွတ်နေတဲ့ ပလိန်းနေရာမှာ ဒေါင်လိုက်ပိတ်စကပ်တာ။ ဒေါင်လိုက် ပြဲသွားနိုင်တဲ့စက္ကူကို ဒေါင်လိုက်ပိတ်စနဲ့ကော်ကပ်ထိန်းထားတော့ တော်တန်ရုံ မပြဲနိုင်တော့ဘူး။ နောက်ပြီး စက္ကူချုပ်ရေတစ်ထောင်နဲ့ တိုင်းတဲ့ မီးပုံးပျံရဲ့မိုးပေါ်ကို သယ်ဆောင်နိုင်တဲ့ ဝိတ်ကလည်း မီးစာကိုထည့်မတွက်ဘဲနဲ့ ယမ်းခွေကိုပဲ တွက်မယ်ဆိုရင် ဝိတ်ချိန်ငါးဆယ်ပိဿာထက် မပိုဘူး။ ဒီတော့ ဝိတ်မနိုင်မနင်းနဲ့ ဆွဲတက်ရရင် အောက်ကပရိသတ်တွေအတွက် ပြုတ်ကျလာရင် အန္တရာယ်ရှိနိုင်လို့ ဒိုင်အဖွဲ့က ယမ်းခွေတွေကို အချိန်လေးဆယ်ပိဿာထက်ပိုခွင့်မပြုဘူး . .”

“သူတို့က ဒါတွေကို ဘယ်လိုသိလဲ . .”

မသူက ကတ်သီးကတ်သတ် ထပ်မေးပြန်သည်။

“ဟောဗျာ . . အဲဒီယမ်းခွေကို ပြိုင်ပွဲကွင်းထဲဝင်လာတာနဲ့ မီးပုံးပျံမှာ မတပ်ဆင်ခင် ဒိုင်အဖွဲ့က ချိန်ကြည့်တာပေါ့ . .”

“ဪ . . ဟုတ်သားပဲ . .”

ထိုအခါမှ စဉ်းစားမိဟန်ဖြင့် မသူက ရယ်ဖွဲ့ဖွဲ့ဖြင့် ဟုတ်သားပဲ ဟုဆိုသည်။

“အဲဒီ ကွင်းဒိုင်တွေကပဲ မီးပုံးပျံရဲ့အချင်း၊ အမြင့်တို့ကို တိုင်းတယ် . . များသောအားဖြင့်တော့ အချင်း ၂၄ပေနဲ့အမြင့်ပေ ၃၀ များတယ် . .”

အာကာက ရေနွေးသောက်ရင်း ဆိုသည်။


“ဒါဆိုရင် မီးပုံးပျံက ပိတ်စတွေကပ်တဲ့နေရာတွေမှာ ရှုပ်ပွနေမှာပေါ့ . .”

“မပွဘူး မသူရေ. . အဲဒီအပေါ်ကနေ ရောင်စုံစက္ကူနဲ့ ဒီဇိုင်း

www.burmeseclassic.com



တွေ ဆက်ကပ်တယ်။ အသင်းရဲ့ Logo ကိုလည်း ကပ်ရသေးတာကိုး။ ရော့ ဒါကိုကြည့် . . ရှင်းသွားလိမ့်မယ် . .’



အာကာက ရေနွေးကြမ်းခွက်ကို အသာချရင်း အိတ်ကပ်ထဲမှ ဓာတ်ပုံအယ်ဘမ်ကို ထုတ်ပြီး မသူကို ပြသည်။ ဓာတ်ပုံက မနှစ်က ကျွန်တော်တို့ရပ်ကွက်မှ ဝင်ပြိုင်ခဲ့သော မီးပုံးပျံ၏ ပုံများဖြစ်သည်။ (ဒီဓာတ်ပုံတွေကို ‘တောင်ပိုင်း’ ရပ်ကွက်က မီးပုံးပျံအသင်းက ဒီဝတ္ထုမှာ အသုံးပြုဖို့ကူညီခဲ့တာပါ။ စာရေးသူ)

မသူက ဓာတ်ပုံကို စိတ်ဝင်တစားကြည့်သည်။ အာကာက

“ဒီမီးပုံးပျံလွှတ်တဲ့ အချိန်က စလယ်ဆုံးရိုက်ထားတဲ့ VCD လည်းရှိတယ်။ မသူ ဒီကောင့်ဆီမှာ ရှာခိုင်းလိုက် . . ”

ဟု ကျွန်တော့်ကို လက်ညှိုးထိုးရင်းဆိုသည်။

“မသူ ရှင်းသွားအောင် ဓာတ်ပုံတွေနဲ့ ကျွန်တော် ထပ်ရှင်းပြမယ် . . မသူ အရင်နှစ်တွေက တန်ဆောင်တိုင်ပွဲကိုလာတော့ အဝေးကနေပဲ ကြည့်ခဲ့တာ မဟုတ်လား . . ”






“ဟုတ်တယ် . . နိုင်ငံခြားသားတွေအတွက် သီးသန့်လုပ်ထားတဲ့ ပွဲကြည့်စင်ကနေပဲ အေးအေးဆေးဆေး ထိုင်ကြည့်ခဲ့တာ . . အနီးကပ် မကြည့်ဖြစ်ခဲ့ဘူး . . ”

အာကာ၏ အမေးကို မသူက ပြန်စဉ်းစားရင်းဆိုသည်။ အာကာက ဓာတ်ပုံအယ်ဘမ်ထဲမှ ပုံများကို တစ်ပုံချင်း ထုတ်ကာ စီချရင်း “ကဲ . . ဒီမှာကြည့် . . ” ဟု ဆရာကြီး လေသံဖြင့်ဆိုသည်။

“ဒီဓာတ်ပုံက မီးပုံးပျံအောက်ဆွဲယမ်းခွေရဲ့ ပုံ။ ပလတ်စတစ်မိုးကာ အုပ်ထားရတာက နှင်းတွေအရမ်းကျနေတော့ စနက်တံတွေ စိုသွားမှာစိုးလို့။ ယမ်းစံနက်တံတွေသာ နှင်းစိုသွားရင် လုပ်ခဲ့သမျှ အားလုံး သဲထဲရေသွန်ဖြစ်ပြီ။ ယမ်းခွေကိုမှ မဟုတ်ပါဘူး။ မီးပုံးပျံကိုယ်ထည်ကြီးကိုရော။ မီးစာတိုင်ကိုပါ မိုးကာနဲ့အုပ်ထားရတယ်။ မသူ သိတဲ့အတိုင်း နှင်းတွေက အရမ်းများတာကိုး။

ကဲ ..ကြည့် ဒါက ..ယမ်းခွေရဲ့ ပုံ ..”



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



"တော်တော်ကြီးတာပဲနော် . ."

မသူက ဓာတ်ပုံကိုကြည့်ရင်းဆိုသည်။

"အင်း . . သူက ဆယ်ပေပတ်လည်လောက်ရှိတယ်။ တချို့က အဝိုင်း၊ တချို့က လေးထောင့်၊ ကြယ်ပုံ သူတို့ စိတ်ကူးရှိသလို လုပ်ကြတယ်။ ယမ်းတွေကို အဆင့်ဆင့် စနစ်တကျ တပ်ရတယ်။ များသောအားဖြင့်တော့ ယမ်းခွေရဲ့အောက်ဆုံးအဆင့်မှာ ဗုံးကပ်တို့၊ ပုလဲခိုင်တို့၊ ရေတံခွန်တို့၊ အလင်းထုပ်တို့ အဲဒီလိုမျိုးဖြာကျတတ်တဲ့ မီးပန်းတွေကိုထည့်တယ်။ အပေါ်ဆင့်တွေမှာတော့ ဘေးကိုကားထွက်တဲ့ မီးရှူးတွေ အများဆုံးတပ်တယ်။

ဒီမှာကြည့် ..ဒီပုံက ယမ်းခွေအပေါ်က မိုးကာကိုခွာပြီးတော့ ဒိုင်တွေ ဝိတ်ချိန်တဲ့ချိန်သီးရှိတဲ့ နေရာကိုယူလာတာ .."




မသူ့က ဓာတ်ပုံတွေကို သေချာစွာကြည့်သည်။ အာကာက နောက်တစ်ပုံကို ထုတ်ကာပြရင်း . . .





"ဒီမှာ ..ဒီပုံက ယမ်းခွေရဲ့ဝိတ်ကို ဒိုင်တွေချိန်နေတဲ့ပုံ အပေါ်မှာ ယမ်းခွေကို ဝိတ်ချိန်တဲ့ ချိန်သီးမှာ ချိတ်ထားတယ်။ တွေ့လား"



"ဒီလိုဆို . . ကိုယ့်အဖွဲ့သားမဟုတ်တဲ့လူတွေ တစ်ခုခုလာဖျက်ဆီးလို့ မရအောင် ဘယ်လိုလုပ်မလဲ . . ."

မသူ၏ လျှပ်တစ်ပြက်အမေးကို အာကာက မဖြေ။ ကျွန်တော့်ကိုမေးဆတ်ပြသည်။ 'ဖြေလိုက်ဦး' ဆိုသည့် သဘော။

"ဒီဓာတ်ပုံတွေကို သေသေချာချာကြည့် အဖွဲ့သားတွေ အားလုံး တူညီဝတ်စုံကို ဝတ်ထားကြတယ်။ အဲဒီအနွေးထည်မှာ အသင်းရဲ့နာမည်နဲ့ Logo ရိုက်ထားပြီးသား။ အမိကကျတဲ့ အလုပ်တွေကိုလည်း ခွဲထားပြီးသား။ ဘယ်သူက ဘာလုပ်မယ်။ ဘယ်သူက ယမ်းခွေတိုင်မယ်။ ဘယ်သူက မီးပုံးပျံကို ထောင်မယ်။ ဘယ်သူက မိုင်းသွင်းမယ် အားလုံးစီစဉ်ထားပြီးသား။ ရပ်ကွက်ထဲက ပျိုအိုကျားမကြီးငယ်မရွေး ဒီအဖွဲ့နဲ့ လိုက်မယ်ဆိုရင် သူတို့ကို အသင်းရဲ့ ရင်ထိုးတွေ



www.burmeseclassic.com

www.burmeseclassic.com



ပေးထားတယ်။ သူတို့က ကျွန်တော်တို့ မီးပုံးပျံလွှတ်နေတဲ့လူဆီ မဆိုင်တဲ့လူတွေ လာလို့မရအောင် လက်တွဲပြီးတော့ ဝိုင်းထားပေးတယ်။ လူသန့်ထားတဲ့ သဘောပေါ့။ တချို့က ကြိုးတွေကိုင်ပြီးတော့ စည်းဝိုင်းလုပ်ထားတယ်။ ဘယ်သူမှတော့ သူများမီးပုံးပျံကို ဖျက်တယ်။ ဆီးတယ်ဆိုတာတော့ အခုချိန်ထိတော့ မရှိပါဘူး . . ကဲ . . အာကာ မီးပုံးပျံဆောင်တဲ့ ပုံတွေပြလိုက်ဦး . . "

ကျွန်တော့်စကားကို အာကာက ခေါင်းညိတ်သည်။ ပြီး . . မသူတို့ ဓာတ်ပုံတစ်ပုံ ထုတ်ပြသည်။

**"ဒီမှာ ..ဒီပုံက မီးပုံးပျံကိုယ်ထည်ကို ဖြန့်နေတာ။ မီးပုံးပျံရဲ့ ဒွါရပေါက်ကနေ မှိုင်းသွင်းဖို့ပေါ့ .."**



"မှိုင်းသွင်းတာက ထင်းရှူးဆီမှိုင်းနဲ့ သွင်းတာနော် . . "

မသူ၏ အမေးကို အာကာက ခေါင်းညိတ်ပြသည်။

"ဟုတ်တယ် . . ဒီပုံမှာကြည့်လိုက် . . ဒါ မှိုင်းသွင်းဖို့စီစဉ်ထားတဲ့ တုတ်တွေ။ ဒါကို မီးဆော်တုတ်လို့ခေါ်တယ်။ ဝါးစိမ်းကို ထိပ်ကခွဲပြီး ထင်းရှူးဆီတွေထည့် စည်းထားတာ . . . "







မသူက ဓာတ်ပုံကို စိတ်ဝင်တစားကြည့်သည်။ အာကာက နောက်တစ်ပုံကိုပြရင်း . .

**"ဒါက မှိုင်းသွင်းနေတဲ့ ပုံ .."**





www.burmeseclassic.com

www.burmeseclassic.com



"ဒါက မီးပုံးပျံကိုယ်ထည်ထဲ မှိုင်းဝင်လို့ မီးပုံးပျံတဖြည်းဖြည်းချင်း ထောင်လာတာ . . ."

ပြောရင်း အာကာက မသူလက်ထဲ တစ်ပုံချင်း ထည့်ပေးသည်။











မသူက ဓာတ်ပုံများကို သေချာစွာကြည့်သည်။ အာကာက နောက်ဓာတ်ပုံတစ်ခုကိုပြရင်း . . .

"ဒါက မီးပုံးပျံမှိုင်းဝသွားတဲ့အချိန်မှာ မီးပုံးပျံရဲ့ နာမည်ကို ပတ်ချာလည်မှာရှိတဲ့ ပရိသတ်တွေအကုန်လုံးမြင်အောင် လှည့်ပြနေတဲ့ပုံ။ သေသေချာချာကြည့် မီးပုံးပျံရဲ့ Logo ကို ဆလိုက်မီးထိုးထားပေးတယ် . ."

မသူက 'ဟုတ်ကဲ့ပါရှင့် . . သေသေချာချာကြည့်ပါ့မယ်' ဟု အရွှန်းဖောက်ရင်း ဓာတ်ပုံကို စိတ်ဝင်တစားကြည့်သည်။ ဆလိုက်မီးဆိုသော ဝေါဟာရကြောင့် မနေ့ညက အဖြစ်အပျက်ကို ကျွန်တော်ပြန်သတိရသည်။ ပြီး . . သူမကိုပါ တစ်ဆက်တည်း သတိရသည်။

"ဒီဘေးမှာ ချထားတာက ယမ်းခွေနော် . . မတပ်သေးဘူးလား . ."

မသူက ဓာတ်ပုံ၏ ဘယ်ဘက်မှာရှိသော ယမ်းခွေကို သူမ၏ လက်ညှိုးသွယ်လျလျဖြင့် ထောက်ပြရင်း မေးသည်။



www.burmeseclassic.com

www.burmeseclassic.com




"မတပ်သေးဘူး . . မီးပုံးပျံမှိုင်းဝသွားတဲ့ အချိန်မှာ မီးစာ တိုင်တပ်ရသေးတယ်လေ . ."

"ဪ . . ဟုတ်သားပဲ . . မှိုင်းတစ်မျိုးတည်းနဲ့ဆို မီးပုံးပျံ က ဆွဲအားတယ်ရှိမလဲ . ."

မသူက သူမ၏နဖူးကို သူမရိုက်ရင်း ရှက်ဝဲဝဲဖြင့်ဆိုသည်။

"အဲဒီလို မှိုင်းဝသွားတဲ့အချိန်မှာ မီးစာတိုင်တပ်ပြီးမှ အဲဒီ မီးစာတိုင်ကို မီးညှိရတယ်။ အဲဒီတော့မှ မီးပုံးပျံက မှိုင်းတွေဝပြီး အပေါ်ကိုတက်ဖို့ စရုန်းလာတယ်။ သူ့ရဲ့ ရုန်းအားကို ချိန်ဆပြီးတော့ မှ ယမ်းခွေကို တပ်ရတယ်။ မီးပုံးပျံက အပေါ်ကို မဆွဲသေးဘဲနဲ့ ရုန်းကန်အားသိပ်မရှိသေးဘဲနဲ့ . . ယမ်းခွေသွားဆွဲလည်း အလကား ပဲလေ . . မီးပုံးပျံက တက်မှမတက်နိုင်သေးတာ . ."


မသူက အာကာ့ကို ခေါင်းညိတ်ပြရင်း ဓာတ်ပုံကို သေချာ စွာ ကြည့်သည်။







"ဟော . . ဒီပုံမှာကျတော့ မီးပုံးပျံက သူတက်နိုင်ခြေရှိတဲ့ အားကိုပြလို့ ယမ်းခွေကို ချိတ်လိုက်ပြီ။ ဒါပေမယ့် ယမ်းခွေရဲ့ စနတ် တံကိုတော့ မီးမရှို့သေးဘူး . ."





www.burmeseclassic.com

www.burmeseclassic.com




"ဘာဖြစ်လို့လဲ . ."

မသူက ဓာတ်ပုံကို ကြည့်ရင်း မော့မကြည့်ဘဲမေးသည်။

အာကာက . . .

"စနက်တံကို အစောကြီး မီးသွားညှိလိုက်ရင် မီးရှူးမီးပန်းတွေက ခပ်သွက်သွက်ကျလာရော။ သူက ပေငါးရာ ပတ်ဝန်းကျင်ရောက်မှ ယမ်းခွေကနေ မီးပန်း၊ မီးရှူးမျိုးစုံက ဖြာကျရတယ်။ မဟုတ်ရင် အမှတ်လျော့တယ်။ ဒါက မီးပုံးပျံ စတက်သွားတဲ့ပုံ"



"ဒီပုံမှာ .... ကြည့်။ မီးရှူးတွေ၊ ရေပတ်ခွန်တွေ၊ ပုလဲပန်းနိုင်တွေက မကျသေးဘူး .."





"အဲဒီအချိန်မှာ မီးမှုန်တွေဖြာကျလာရင် အမှတ်လျော့တယ်ပေါ့"

"ဟုတ်တယ် . . အဲဒီတော့ ယမ်းစနက်တံကို ပေငါးရာလောက်ရောက်မှ မီးရှူးစကျအောင် ချိန်ဆချာချာ ယမ်းစပ်တွက်ချက်ပြီးမှ တမ်ရထား တစ်ခုခု လွှဲချော်တာနဲ့ အမှတ်ကလျော့သွားရော။ မီးပုံးပျံမှိုင်းခံချိန်ကလည်း သတ်မှတ်ထားတဲ့အချိန်ထက် မပိုရဘူး။ ကြာရင် အမှတ်လျော့တယ် . . အဲဒါတွေက နောက်မှထပ်ရှင်းပြမယ် . ."



"ရော . . ဒီပုံကို ကြည့် .. ဒါက မီးရှူးတွေ၊ မီးပန်းတွေ၊ ဗုံးကာဒ်တွေ၊ ပုလဲပန်းနိုင်တွေ ဖြာထွက်ကျလာတဲ့ ပုံ .."



www.burmeseclassic.com

www.burmeseclassic.com



"ဒီပုံက မီးပုံးပျံ အမြင့်ကြီးရောက်သွားတော့မှ ရိုက်ထားတာ ..မီးပုံးပျံ တို့ထံထည်တို့တောင်မမြင်ရတော့ဘူး .."



"အဲဒီ မီးရှူးတွေကျတဲ့အချိန်မှာ လူတွေက လက်ခုပ်တွေ တီးပြီး ဩဘာပေးကြတယ်နော် . ."

"ဒါပေါ့ . . အဲဒီအချိန်မှာ . . လူအားလုံးရဲ့ ရင်ထဲမှာရှိနေတာက ကြည်နူးစိတ်ပဲ . . ကိုယ့်အသင်းဟုတ်ဟုတ်၊ မဟုတ်ဟုတ် အားပေးကြတယ်။ မီးပုံးပျံတစ်လုံးအောင်အောင်မြင်မြင်နဲ့ မိုးပေါ်တက်သွားဖို့က လွယ်တာမှမဟုတ်တာ။ အဖွဲ့ရဲ့ စည်းလုံးညီညွတ်မှု၊ အဖွဲ့သားတွေရဲ့ လုပ်အား၊ ငွေ၊ အချိန်အားလုံးကို စတေးပြီးမှ ဒီကြည်နူးစိတ်ကိုရတာ။ အဲဒီအချိန်မှာ တစ်ခုခုလွဲချော်သွားလို့ မီးပုံးပျံ မီးလောင်သွားခဲ့ရင် ဘယ်လောက် ကြေကွဲဖို့ကောင်းလဲ၊ ဒီတော့ မီးပုံးပျံတစ်လုံး၊ မိုးပေါ်တက်သွားတိုင်း ပရိသတ်အကုန်လုံးက အသင်းစွဲမရှိတော့ဘဲနဲ့ ဝိုင်းပြီးလက်ခုပ်တီးအားပေးကြတာ။ အဲဒီ လက်ခုပ်သံတွေကြားရတဲ့အချိန်မှာ မိုးပေါ်က ကိုယ်ဖန်တီးပြီးလွှတ်





တင်လိုက်တဲ့ မီးရောင်စုံဖြာကျနေတဲ့ မီးပုံးပျံကိုကြည့်ရင်း ခံစားရတဲ့ ပီတိက ဘာနဲ့မှကိုလဲလို့ မရဘူး . ."

ကျွန်တော့်စကားကို နားထောင်ရင်း မသူက ခေါင်းညိတ်သည်။

"အရင်တစ်နှစ်က ကျွန်တော်တို့အုပ်စု ပထမဆုံးလွှတ်တဲ့ မီးပုံးပျံက လေထဲမှာပဲ မီးလောင်သွားတာမြင်ရတော့ ကိုယ့်ရင်ဘတ်ပါ မီးပုံးပျံနဲ့အတူ မီးကျွမ်းလောင်သွားသလို ခံစားရတယ်။ ဟာခနဲ အာမေဍိတ်သံထွက်လာတဲ့ ပရိသတ်တွေရဲ့ စုတ်သပ်သံတွေကြားမှာ မငိုမိအောင် ထိန်းထားရတဲ့စိတ်က သိပ်ပင်ပန်းတာပဲ . ."

အာကာ၏ စကားကို နားထောင်ရင်း မသူမျက်ဝန်းမှာ မျက်ရည်စတချို့ ဝေသီနေတာကို တွေ့ရသည်။

"ကျွန်တော်ကတော့ လူရှင်းတဲ့နေရာသွားပြီး ခိုးငိုဖြစ်တယ်။ ကိုယ်က ခေါင်းဆောင်ကိုး။ အသင်းသားတွေ စိတ်ဓာတ်မကျဖို့ အားပေးနေပေမယ့် ရင်ထဲမှာရှိုက်နေပြီ။ တောက်လျှောက် တစ်လခွဲလောက် ပင်ပန်းခဲ့သမျှတွေက အဲဒီအချိန်မှာ ပင်ပန်းနေရတဲ့ စိတ်လောက် မပင်ပန်းဘူး . ."

"ကဲပါ . . အဲဒီနှစ်က အတိတ်တွေကို ထားလိုက်ပါ။ ဒီနှစ်မှာ အကောင်းဆုံးဖြစ်အောင်လုပ်ကြပေါ့ . . ဒါနဲ့ ဆယ်နာရီချိန်းထားတယ်ဆို . . အခုထိလည်း တစ်ယောက်မှ မလာကြသေးပါလား"

မသူက နာရီကိုကြည့်ရင်း အာကာ့ကို မေးဆတ်လျက်မေးသည်။ အာကာက ပြောင်ဖြီးဖြီးဖြင့် . . .

"ပစ္စည်းမစုံသေးလို့ မနက်ဖြန်လို့ ထပ်ချိန်းထားတယ်၊ အားလုံးကို ဖုန်းလှမ်းဆက်ထားပြီးသား . ."

"ဒါဖြင့် ငါ့ကျတော့ ဘာဖြစ်လို့ မဆက်တာလဲ . ."

"အေးလေ . ."



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်၏ စောဒကတက်မှုကို မသူက 'အေးလေ' ဟု ထောက်ခံသည်။ သကောင့်သားကပြုံးဖြီးဖြီးဖြင့် . . .

"ဒီနေ့ ရှမ်းခေါက်ဆွဲ လုပ်စားတယ်ကွ . . အဲဒါ ကျွေးချင်လို့ . . ခဏနေ မင်းမင်းလည်း လာလိမ့်မယ် . ."

ပြောလို့မှ မဆုံးသေး မင်းမင်းတစ်ယောက် ဆိုင်ကယ်ကြီးနှင့် ဝေါခနဲ ရောက်ချလာသည်။ ရောက်ရောက်ချင်း ဆိုင်ကယ်ကို ထောက်ကာ . . .

"ကြုံကြုံဖန်ဖန်ကွာ . . စု ကလည်း ဒီနေ့မှ Shopping ထွက်ချင်တယ်ဆိုလို့ လိုက်ပို့နေရသေးတယ် . ."

"မင်းကလည်း ဒါနဲ့များ စုကိုပါ ခေါ်လာခဲ့တာ မဟုတ်ဘူး"

"အာ . . မိန်းမတွေက ဇယားရှုပ်တယ်ကွ။ သူ့ကိုခေါ်ရင် သူ့အိမ်ပြန်ပြီး ပစ္စည်းတွေပြန်ထားမှာနဲ့ . . ဟိုပြင်ဒီပြင်နဲ့ ကြာလွန်းလို့ အဲဒါနဲ့ ဒိုင်လျှိုထွက်လာခဲ့တာ . ."

မင်းမင်း၏ ကြောင်စီစီဖြင့်ဆိုသော စကားအဆုံးမှာ မသူက

"ငါ . . စုကို မမြင်ဖူးသေးလို့ပေါ့ဟာ . . ခင်နေလို့ကတော့ အပြတ်ကို ချွန်ပစ်မှာ . . လာသေးတယ် . . မိန်းမတွေက ဇယားရှုပ်တယ်တဲ့ . . ဟွန်း . . တွေ့ဦးမယ် . . ထင်းခွေမကြုံ ရေခပ်တော့ ကြုံဦးမှာပေါ့ . ."

မသူ စကားကြောင့် ကျွန်တော်တို့ ရယ်ဖြစ်ကြသည်။ မင်းမင်းက မနက်ဖြန်မှ ခေါ်ခဲ့ပြီး မိတ်ဆက်ပေးမယ် ဟု ရယ်တဲ့ကဲ့ဖြင့် ဆိုသည်။

"ခေါက်ဆွဲစားလို့ရပြီ . ."

အိမ်ထဲမှ လှမ်းအော်သော အာကာ့အမေ၏ အသံကြောင့် ကျွန်တော်တို့ စကားဝိုင်း စကားစပြတ်သွားသည်။





မှတ်မှတ်ရရပင်။ ရှမ်းခေါက်ဆွဲမစားခင် အာကာက သူ့အမေနှင့် 'မသူ' ကို မိတ်ဆက်ပေးသည်။

"ဒါ . . သားပြောပြောနေတဲ့ မသူလေတဲ့ . . ဘာပြောထားသည်တော့မသိ။ မသူကို လှမ်းကြည့်တော့ မျက်နှာကြီးနီလို့နေသည်။ အာကာ့မေမေကလည်း သမီး၊ သမီးနှင့် ပါးစပ်က မချ။ သကောင့်သား အာကာ့မျက်နှာကြီးကတော့ အစွမ်းကုန် ဖြီးလို့သာနေသည်။

* * *

www.burmeseclassic.com

ကျွန်တော့်ကို မြင်တော့ ဆရာသမား သတိုး၏မျက်နှာကြီး နီမြန်းကာသွားသည်။ သတိုးက သူ့လက်ထဲမှ နှင်းဆီပန်းစည်းကို ပုလဲတို့အိမ်မှ ခြံစောင့်ကို လှမ်းပေးနေခြင်း ဖြစ်သည်။ ကြည့်ရသလောက် သကောင့်သားက ခြံစောင့်ကို မုန့်ဖိုး၊ ပဲဖိုးပေးကာ စည်းရုံးထားသလားမသိ။ ခြံစောင့်က တရိုတသေပင် ပန်းစည်းကို ယူပေးနေသည်။ ထိုအချိန်မှာ လမ်းလျှောက်လာသော ကျွန်တော်မြင်သွားသဖြင့် သကောင့်သား ရှက်အမ်းအမ်းကြီးဖြစ်သွားခြင်းဖြစ်သည်။

သကောင့်သား၏ဖြစ်အင်ကိုကြည့်ရင်း ကျွန်တော် ဟက်ခနဲရယ်ဖြစ်သည်။ ကြည့်စမ်း . . ယောကျ်ားကြီးတန်မဲ့ နွဲ့နေလိုက်ပုံက။ ပန်းစည်းတွေဘာတွေပို့ပြီး ကဗျာတွေ ဆန်လို့နေသည်။

ဟက်ခနဲရယ်သော ကျွန်တော့်ကိုကြည့်ရင်း ဆရာသမားက ရောယောင်ပြီး ကြောင်တောင်တောင်ဖြင့် လိုက်ရယ်သည်။

"မင်း ဘယ်တုန်းက စပြီး တစ်အိမ်ဝင်တစ်အိမ်ထွက် အိမ်တိုင်ရာရောက် ပန်းလိုက်ရောင်းတဲ့ အလုပ်ရသွားတာလဲ . ."

"ဘာကွ . ."





သကောင့်သားက မျက်နှာကြီးနီရင်း ထအော်သည်။

"အားပေးချင်လို့ပါကွာ။ ဒီအိမ်ပြီးရင် ငါ့အိမ်ကိုလည်း နှင်းဆီပန်းတစ်စည်းပို့ပေးပါဦး။ ဒါနဲ့ ပန်းတစ်စည်း ဘယ်လောက်လဲ တစ်ခါတည်း ရှင်းပေးလိုက်မလို့ . ."

"မင်း . . မင်း . ."

ဒေါသတကြီးဖြင့် လက်ညှိုးထိုးရင်း ကျွန်တော့်ဆီလာနေသော သတိုး၏ ခြေလှမ်းများက 'ညီလေး' ဟုခေါ်သော ခြံစောင့်၏ ခေါ်သံအောက်မှာ အလိုလို ရပ်တန့်ကာသွားသည်။ သတိုးက ခြံစောင့်အစ်ကိုကြီးကို 'ဘာလဲ' ဟူသော သဘောဖြင့် လှည့်ကြည့်ရင်း ပုလဲတို့ ခြံတံခါးသံတိုင်ကို ကိုင်ရင်း သွားရပ်သည်။ ကျွန်တော် လှမ်းကြည့်လိုက်တော့ ၎င်းခြံစောင့်၏ လက်ထဲမှာ စောစောက သတိုးပေးလိုက်သော နှင်းဆီပန်းစည်း ပြန်ပါလာသည်။ ခြံစောင့်က သတိုး၏ လက်ထဲသို့ ထိုပန်းစည်းကို အားနာဟန်ဖြင့် ပြန်ပေးရင်း . . .

"မမလေးက မှာလိုက်တယ်။ အမှိုက်ပုံးပြည့်နေလို့ ပြန်ယူသွား . . တဲ့ . . နောက်လည်း လာမပို့နဲ့ . . အမှိုက်ရှုပ်တယ်တဲ့"

"ဗျာ . ."

သတိုး၏မျက်နှာက အီးမှန်ထားသလိုကြီး ရှုံ့မဲ့ကာသွားသည်။ ပြီး . . ခွီးခနဲ ထရယ်သော ကျွန်တော့်ကို မဆီမဆိုင်ဘုကြည့် လှမ်းကြည့်သည်။

"ငါ့အိမ်ကို သွားပို့လိုက်ပါကွာ . . ရော့ . . ရော့ . . တစ်ခါတည်းရှင်းပေးလိုက်မယ် . ."

တခွီးခွီးရယ်ရင်း အကျီအိတ်ကပ်ကိုနှိုက်လျက် ဆိုသော ကျွန်တော့်စကားကြောင့် သကောင့်သားက ဒေါသထွက်ထွက်ဖြင့် ပန်းစည်းကို လမ်းပေါ် ဖုန်းခနဲဆောင့်ချလျက် ကျွန်တော့်ဆီ လက်ညှိုးထိုးကာ . . .



www.burmeseclassic.com

www.burmeseclassic.com



"ဝင်း . . . အချိုးပြင်ထား . . ပြည့်ဖြိုး . . ငါ ရန်မဖြစ်ချင်ဘူး . ."

ပြောရင်းဆိုရင်းဖြင့် ဆိုင်ကယ်ကို ဝေါခနဲ စီးထွက်ကာ သွားသည်။ ရန်မဖြစ်ချင်ဘူးဆိုသော သကောင့်သား၏ စကားကြောင့် ကျွန်တော် တော်တော်လေးစားသွားရသည်။ အပေါင်းအသင်းသာ အုပ်စုလိုက်ပါလို့ကတော့ ဆရာသမား၏ လေသံက ဤသို့မဟုတ်။

ဘာရယ်မဟုတ်။ ပန်းစည်းမယူသော ပုလဲကို ကြံဖန်၍ တွေးရူးတင်နေမိသည်။ ကြည့်ရတာ ပုလဲနှင့်သတိုး၏ အခြေအနေက ကျွန်တော် ထင်သလောက် မဖြစ်သေး။

ဖျတ်ခနဲ သူမ၏အခန်းဆီ လှမ်းကြည့်သောအခါ သူမအခန်း၏ ပြတင်းပေါက်မှလိုက်ကာစလေး လှုပ်သွားတာ မြင်လိုက်ရသည်။ ကြည့်ရတာ ကျွန်တော်တို့ကို အပေါ်စီးမှနေ သူမ လှမ်းကြည့်နေဟန်တူသည်။

ခြံစောင့်အစ်ကိုကြီးက သတိုးပစ်ချသွားသော ပန်းစည်းကို သိမ်းကာနေသည်။

"အစ်ကို . ."

ကျွန်တော့် ခေါ်သံကြောင့် ထိုအစ်ကိုကြီးက ဘာလဲ ဟူသောသဘောဖြင့် မေးဆတ်သည်။ ကြည့်ရတာ သူမမလေးကို လာကြောင်နေသော သူမှန်းသိ၍ တူတူတန်တန် ဆက်ဆံချင်ဟန်မတူ။

"ဒီကောင် လာပေးသမျှပန်းစည်းတွေ ပုလဲက အမြဲတမ်းယူနေတာ မဟုတ်ဘူးလား . . ."

"မဟုတ်ဘူး . . ဒီကောင်လေး လာပေးတဲ့ ပန်းစည်းတိုင်း ခြံထောင့်က အမှိုက်ပုံးထဲ အမြဲတမ်းသွားပစ်ရတယ်။ သူ့ဆီ ယူမလာနဲ့လို့ အစောကြီးကတည်းက မှာထားပြီးသား။ ဒီနေ့တော့ ဘာစိတ်ကူး





ပေါက်တယ်မသိဘူး . . ခြံထောင့်ကိုပန်းစည်းသွားပစ်တာမြင်တော့ နေဦး ဆိုပြီးတော့ စောစောက ပြောသလိုပြောခိုင်းလိုက်တာပဲ . ."

ထိုအစ်ကိုကြီး၏ စကားကြောင့် မလွယ်ပါလား ဟု တွေးရင်း ပခုံးတွန့်ဖြစ်သည်။ ဘာရယ်မဟုတ်။ နေ့တိုင်းပန်းဆက်ရရှာသော ပန်းဆက်သမား သတိုးကို ကျွန်တော် ကရုဏာသက်သွားရသည်။ သူ့ခမျာ မျှော်လင့်ချက်တွေနှင့် တစ်ချိန်လုံးပိုးခဲ့သမျှ ခုတော့လည်း သဲထဲရေသွန်ဖြစ်ကုန်သည်။ သဲထဲရေသွန်ဖြစ်မယ့်ဖြစ်တော့လည်း ပြိုင်ဘက်ဖြစ်သော ကျွန်တော့်ရှေ့မှာမှ လာဖြစ်သည်။

ခုချိန်လောက်ဆို သကောင့်သား ဘယ်လောက်တောင် ပေါက်ကွဲနေမည်မသိ။ တကယ်တော့ ပုလဲမှာ သူမကို Proposeလုပ်သူများထဲမှာရွေးစရာဆို၍ သတိုးနှင့်ကျွန်တော်သာရှိသည်။ကျွန်တော့်ကိုရော သတိုးကိုပါ ပစ်ပစ်ခါခါ ငြင်းနေခြင်းသည် မည်ကဲ့သို့သော အကြောင်းရှိသည်မသိ။

လမ်းလျှောက်လာရင်း ဒီနေ့ အာကာ့အိမ်မှာစု၍ ယမ်းခွေအတွက် မီးရှူး၊ မီးပန်းရိုက်ရာမှာသုံးဖို့ စက္ကူကာဒ်ထူတွေ မဝယ်ရသေးတာကို သတိရသည်။ အိမ်ကို ဆိုင်ကယ်ပြန်ယူရမှာလည်း ပျင်းသဖြင့် အာကာ့ဆီ ဖုန်းလှမ်းဆက်ဖြစ်သည်။

"အေးပြော . . ပြည့်ဖြိုး . ."

"ငါ အခု လမ်းပေါ်မှာ . . လမ်းလျှောက်နေတာ . . အခုမှ စက္ကူကာဒ်ထူဝယ်ဖို့ သတိရလို့ မင်းထွက်ခဲ့ပါလား . ."

"အေး . . ဒါနဲ့ မင်းက ဘယ်လမ်းပေါ်မှာလဲ . ."

"ပုလဲတို့ အိမ်ရှေ့လမ်းပေါ်မှာ . ."

"တောက် . . မေးမိတာမှားပါတယ် . . လမ်းကိုတောင် လမ်း နာမည်နဲ့မပြောဘူး . . ပုလဲတို့အိမ်ရှေ့လမ်းတဲ့ . . ဘယ်ေ



www.burmeseclassic.com

www.burmeseclassic.com



လာတ်များ ပြောချင်နေတယ် မသိဘူး။ အေး . . စောင့်နေ . . ငါ အခုထွက် လာခဲ့မယ် . . ဒါပဲ . .

အာကာက ဗျစ်တောက်ဗျစ်တောင်ရွတ်ရင်း ဒါပဲဟုဆိုကာ ဖုန်းချသွားသည်မို့ ကျွန်တော် ပြုံးဖြစ်သည်။ ကျွန်တော်ကလည်း ကျွန်တော် စကားပြောရင် ပုလဲဆိုတာကြီးက အမြဲတမ်း ပါနေတတ်သည်တိုး။

***



"ဒါတွေက ဘာလုပ်ဖို့လဲ . ."

မသူက ကျွန်တော်တို့အုပ်စု ညှပ်ကာ ပုံထားသော ကဒ်ထူစက္ကူပုံကြီးကို လက်ညှိုးထိုးရင်းမေးသည်။

"မီးရှူးလုပ်ဖို့ . . ဒီမှာတွေ့လား . . ဒီ အနံ့နှစ်လက်မ၊ အလျား ငါးလက်မရှိတဲ့ စက္ကူကို လိပ်လိုက်တော့ ပြောင်းပုံစံ၊ ပိုက်ပုံစံလေးဖြစ်သွားရော . . အဲဒီအထဲကိုမှ ယမ်းရိုက်ထည့်ပြီးတော့ မီးရှူးမီးပန်း လုပ်တာ . ."

"သြော် . . အများကြီးပဲနော် . ."

စက္ကူပုံကြီးကိုကြည့်ရင်း မသူက တအံ့တသြဖြင့် ဆိုသည်။

"ကဲ . . ကဲ . . ကျွန်တော် ပုံဆွဲပြီး ထပ်ရှင်းပြမယ် . . ဒါမှ သဘောပေါက်မှာ . ."


ကျွန်တော် မသူလက်ထဲမှ စာအုပ်နှင့်ဘောလ်ပင်ကို လှမ်းယူရင်း ပုံဆွဲပြရသည်။

"ဒါက အနံနှစ်လက်မ၊ အလျား ငါးလက်မရှိတဲ့ စက္ကူကဒ်ထူ၊



www.burmeseclassic.com

သူ့ကို ကော်နဲ့ကပ်ပြီး လိပ်ရတယ်။ အဲဒီမှာ ပိုက်ပုံစံစက္ကူလိပ်လေး ရလာရော . ."




အဲဒီစက္ကူလိပ်ထဲကို ကိုယ်လိုချင်တဲ့ အရောင်၊ ဥပမာ- အနီ အနီ၊ အဝါဆို အဝါ၊ အစိမ်းဆို အစိမ်း၊ အဲဒီလို အရောင်တွေကို ရဖို့ ယမ်းပျော့တွေနဲ့ ရိုက်ထည့်ရတယ်။ စနက်တံတပ်ပြီးတော့မှ အရောင်တူတဲ့ အဲဒီဟာတွေကို အခုသုံးဆယ်လောက်စီ စည်းတယ်။ ဒီပုံစံမျိုး . . ."






အခုသုံးဆယ်ခန့် စု၍စည်းသည်။

"အဲဒီလို စုစည်းထားတာမျိုးက မျိုးစုံရှိတယ်။ လောက်ထုပ်ဆိုတာရှိတယ်။ ခိုပျံတို့၊ ငရှဉ့်တို့ ဆိုတာရှိတယ်။ မိုးကြိုးလို လျှပ်စီးလိုလင်းတဲ့ အလင်းထုပ်ဆိုတာတွေ ရှိတယ်။ သူတို့ကအောက်ကို ဖြာကျတဲ့ အမျိုးအစား။ မီးရှူးတို့၊ ပုံးကဒ်ကျတော့ သူကဘေးကိုဖြာထွက်တာ။ ဒီတော့ သူတို့အတွက် သုံးရတဲ့ အဲဒီလိုစက္ကူလိပ်လေးတွေက ထောင်ပေါင်းများစွာလိုတယ်လေ။ အရောင်စမ်းဖို့အတွက်ကလည်း အပိုလုပ်ရသေးတာကိုး"

"သူက မိန်းကလေးလည်း မိန်းကလေး၊ မီးပုံးပျံယမ်းခွေနဲ့လည်း စိမ်းတဲ့ဧည့်သည်ဆိုတော့ ရှင်းပြလည်း သိပ်နားလည်မှာ မဟုတ်ဘူးထင်တယ် . ."





အာကာက မသူကိုကြည့်ရင်း ကျွန်တော့်ကိုဆိုသည်။ မသူက

"အင်း . . အနည်းအကျဉ်းတော့ နားလည်ပါတယ်။ ဒီလို လုပ်ရအောင် ဒီလိုယမ်းရိုက်ပြီး မီးရှူး၊ မီးပန်းတွေလုပ်နေတာကို မသူ ဗီဒီယိုရော၊ ဓာတ်ပုံပါ ရိုက်ထားမယ်။ နောက် ဧည့်သည်တွေကို ပွဲမလာခင်မှာ ကြိုရှင်းပြထားလိုက်မယ် . . မကောင်းဘူးလား . ."

"ကောင်းတာပေါ့ . . ဒါမှ ဒီလိုဟာက ဘယ်လိုအရောင်နဲ့ ဘယ်လိုဖြာကျတယ်ဆိုတာ သူတို့လည်း သဘောပေါက်သွားမှာ . ."

နောက်ပိုင်းမှာ ကျွန်တော်တို့ မသူကို ရှင်းပြသောပုံစံကို ပြောင်းရသည်။ ပစ္စည်းတွေကို တစ်ခုပြီးမှ တစ်ခု စမ်းပြရသည်။ ဥပမာ- ရေတံခွန်ဟုခေါ်သော ရေများစီးကျနေသလို ငွေရောင်အလင်းမှုန်များ ဖြာကျနေသော မီးပန်းမျိုးကို ယမ်းပျော့နှင့် မီးခြစ်ကျောက်နှင့် ရိုက်ရကြောင်း၊ ပုံးကဒ်ဟုခေါ်သော မီးပန်းထုပ်တွင် အရောင်များရဖို့အတွက် ဥပမာ- အနီရောင်ကိုလိုချင်လျှင် ပိုတက်ဆီယမ်၊ စတွန်တီယမ်၊ အလျူမီနီယမ် စသည်တို့ကို ရောစပ်၍ လုပ်ရကြောင်း။ လက်တွေ့ရောပြ၊ မီးရှူးရိုက်ပြပြီး အနီရောင်အလင်းတန်းဖြာသည့် အကြောင်းပြရသည်။ ပြီး . . အစိမ်းရောင်ဆိုဘာသတ္တုမှုန့်နှင့် ဘာနှင့်ရော၊ အဖြူရောင်ဆို မည်သို့၊ အပြာရောင်ဆို မည်ပုံ။ စသည်ဖြင့် တစ်ခုချင်း လုပ်ပြကာ စမ်းသပ်ပြရသည်။

နောက်တော့ မသူတစ်ယောက် ပစ္စည်းတစ်ခုကို ကိုင်ကြည့်လိုက်တာနှင့် ဒါက မည်သည့်ပစ္စည်း။ ၎င်း၏ ဖြာကျပုံက မည်သို့စသည်ဖြင့် သူမ ကောင်းကောင်းသဘောပေါက်သွားသည်။ ထို့ပြင် ၎င်းပစ္စည်းများမှာ ပါဝင်သော ဓာတ်သတ္တုတို့နှင့်ရိုက်ပုံရိုက်နည်းတွေတိုပါ သဘောပေါက်သွားသည်။ ပြီး . . မလွယ်ဘူးနော် ဟု ခဏခဏ ညည်းသည်။

"မင်းတို့ ဥစ္စာက တကယ်မလွယ်ဘူး။ မသူက ဘေးကနေ



www.burmeseclassic.com

www.burmeseclassic.com



မှတ်တမ်းတင်ရင်းကြည့်နေလို့သာ ဘယ်လိုလုပ်တယ်ဆိုတာ သိနေတယ်။ ယမ်းစပ်ပုံစပ်နည်း။ ရိုက်တဲ့အခါမှာ အသုံးပြုတဲ့အချိန်အဆ။ ဒါတွေကို သိဖို့တတ်ဖို့က လုံးဝကိုမလွယ်တဲ့ ကိစ္စပဲ။ မကျွမ်းကျင်လို့ တတော့ လုပ်သမျှသဲထဲရေသွန်ပဲနော့ . . ”

မသူက ခေါင်းကိုယမ်းရင်း ကျွန်တော့်ကိုဆိုသည်။

“ဒါပေါ့ မသူရ။ ကျွန်တော်တို့တောင် လုပ်လာတာကြာပြီ။ အကုန်လုံး မလုပ်တတ်သေးဘူး။ အဲဒါကြောင့် ယမ်းစပ်တဲ့ ဆရာတွေခေါ်ပြီး လုပ်ရတယ်။ သူတို့ကပဲ အသစ်အဆန်းတွေ တီထွင်ပေးတာ။ ပြောရမယ်ဆိုရင် ကျွန်တော်တို့က အောက်ခြေသိမ်းလောက်ပဲ လုပ်တတ်တာ။ ပစ္စည်းအမျိုးတစ်ရာမှာ ကျွန်တော်တို့လုပ်တတ်ရင် အမျိုးပေါင်း ခြောက်ဆယ်ပေါ့ . . ”

ကျွန်တော့်စကားကို မသူက ခေါင်းညိတ်ကာ ညိတ်ကာဖြင့် နားထောင်သည်။

ရက်ကြာလာသည်နှင့်အမျှ မသူတစ်ယောက် ညမီးကျီမီးပုံးပုံ၏ အသုံးပြုသော မီးရှူးပန်းရောင်စုံ၊ လျှပ်စစ်ရောင်စုံ၊ လေထီးရောင်စုံ၊ ကဒ်ပေါက် (ခေါ်) ပုံးကဒ်ရောင်စုံ၊ ဝေ့ကာဝိုက်ကာဖြင့် ကောင်းကင်မှာ ရောင်စုံဝေ့ဝဲနေတတ်သော ကာလိုက်တာ၊ ခိုပျံ၊ ငါးရှဥ့်အုပ်စု စသော မီးရှူးမီးပန်းတို့၏ အမျိုးအစားများကို တစ်ခုချင်းစီနှင့် ယင်းတို့ကို ပြုလုပ်ရပုံအဆင့်ဆင့်၊ ပါဝင်သောပစ္စည်း စတာတွေကို တစ်စထက်တစ်စ ပိုနားလည်လာတော့သည်။

သူမက ယင်း Data များကို စနစ်တကျဖြင့် ဧည့်သည်များအလွယ် တကူ သိရှိနိုင်အောင် ရှင်းပြနိုင်ဖို့ စာတမ်းတွေပြုစုသည်။ လိုအပ် လျှင် ပြသနိုင်အောင် ဗီဒီယိုနှင့်ဓာတ်ပုံများကို မှတ်တမ်းတင်ထားသည်။ မကြာဆိုသော ကာလအတွင်းမှာပင် အာကာနှင့်မသူလည်း သမီးရည်းစားဖြစ်သွားခဲ့ကြပြီဖြစ်သည်။

✷ ✷ ✷



“ဘာ ဖြစ်လို့လဲ . . ”

“မသိပါဘူးကွာ . . မိဘတွေကောင်းမယ်ထင်လို့ လုပ်တာဆိုတော့လည်း ဘာပြောလို့ရမလဲ . . ”

ကျွန်တော့်အမေးကို မင်းမင်းက မျက်နှာကြီးရှုံ့မဲ့ကာဖြေသည်။ မစု၏ အမေနှင့်မင်းမင်း၏ အမေနှစ်ယောက်သား ဗေဒင်သွားမေးကြရာ ဗေဒင်ဆရာက မင်္ဂလာရက်ကို ရွှေ့နှစ်ထဲမှာပိုကောင်းသည်ဟု အခါတော်ပေးလိုက်သည်တဲ့။ ထို့ကြောင့် မင်္ဂလာဆောင်ရက်က နောက်ထပ် နှစ်လခန့်နောက်ဆုတ်သွားသဖြင့် မင်းမင်းစိတ်လေနေခြင်းဖြစ်သည်။

“မင်းအဖြစ်က ထီပေါက်ပြီး ထီလက်မှတ်ပျောက်သလိုဖြစ်နေတာပေါ့ . . ”

“အေးပေါ့ . . ”

အာကာ၏ ရယ်ကျဲကျဲအမေးကို မင်းမင်းက ‘အေးပေါ့’ ဟု အရယ်တစ်ဝက်ဖြင့် ဖြေသည်။



www.burmeseclassic.com

"သဘောလည်းတူပြီးသား၊ မင်္ဂလာရက်လည်း သတ်မှတ်ထားပြီးကာမှ ခိုးပြေးပြန်ရင်လည်း လူရယ်စရာက ဖြစ်ဦးမယ် . ."

ပြောရင်း အာကာက တခွီးခွီးရယ်သည်။ မင်းမင်းကပါ မချိရယ်လိုက်ရသည်။ ပြုံးရုံသာပြုံးဖြစ်သော ကျွန်တော့်ကိုကြည့်ရင်း အာကာက . . .

"မင်းမင်းရေ . . ဆိုင်သူကိုယ်စီရှိလို့ တဟားဟားရယ်နေတဲ့ ငါတို့ကို ကြိုက်မယ့်သူမရှိတဲ့ ဒီကောင်ကြည့်နေတဲ့ အကြည့်က ဘာအကြည့်လဲ သိလား . ."

"အင်း . . လုပ်စမ်းပါဦး . . အာကာရ . ."

မင်းမင်းနှင့် အာကာက လူပြက်များလို တစ်ယောက်နာမည် တစ်ယောက်ခေါ်ရင်း ကျွန်တော့်ကို နှိပ်ကွပ်ရန် အစပျိုးသည်။

"ငါတို့လို ချစ်သူကိုယ်စီနဲ့ ပျော်မြူးနေတဲ့ ဆရာကြီးတွေကို ရည်းစားသနာလေးတောင်မရှိရှာလို့ မပျော်နိုင်တဲ့ ဒီကောင်က အားကျတဲ့အကြည့်၊ လေးစားတဲ့အကြည့်တွေနဲ့ ကြည့်နေတာကွ။ သူ့စိတ်ထဲမှာ ငါတို့ကို ကြိတ်ပြီး လေးစားအားကျနေတာ ငါ့ကောင်ရဲ့ သူ့ကြည့်ရတာ . . သနားစရာပါကွာ . ."

အာကာ၏ ကချော်ကချွတ်စကားကြောင့် မင်းမင်းက ဟတ်ခနဲရယ်သည်။ ပြီး . . ကျွန်တော့်ကို မေးဆတ်လျက် . . .

"မင်းကရော . . ပုလဲနဲ့ ဒီအတိုင်းပဲလား . ."

မင်းမင်း၏ အမေးက မနေ့ညက အဖြစ်ကို ဖျတ်ခနဲ သတိရမိစေသည်။ မနေ့ညက ကျွန်တော် ဖုန်းဆက်တော့ . .

***



ကျွန်တော် ဖုန်းဆက်တော့ သူမချက်ချင်းကိုင်သည်။ ဖုန်းကိုင်မည်မဟုတ်ဟု ယူဆပြီး စိတ်မပါလက်မပါဆက်သော ကျွန်တော်တော်တော်ကြီး အံ့အားသင့်သွားရသည်။

"ဟဲလို . . ပုလဲ . . ပုလဲ . ."

အထစ်ထစ်အငေါ့ငေါ့ဖြင့် ဝမ်းသာအားရမေးသာ ကျွန်တော့်အမေးကို သူမက 'အင်း' ဟုဖြေသည်မို့ လှိုက်ခနဲ ဝမ်းသာသွားရသည်။

"ငါ ဝမ်းသာလိုက်တာဟာ . ."

"ဘာဖြစ်လို့လဲ . ."

သူမ၏ အမေးကို ရုတ်တရက်ဖြေလိုက်ရန် ကျွန်တော့်မှာ အဖြေမရှိ။

"နင် ဖုန်းကိုင်လို့ပေါ့ဟ . ."

"မပိုပါနဲ့ . ."

'မပိုပါနဲ့' ဆိုသော အသံမျိုးက ကျွန်တော့်နားထဲသို့



www.burmeseclassic.com

www.burmeseclassic.com



ငြိမ့်ညောင်းစွာ ဖြတ်စီးဝင်လာသည်။ 'ချစ်လိုက်ရတာ ပုလဲရာ' ဟု စိတ်ထဲမှာ မချင့်မရဆိုဖြစ်သည်။

"တကယ်ပါဟာ . . နောက်ညတွေလည်း ကိုင်ပါဟာ . . နော် . . ပုလဲ . ."

"စိတ်ကူးပေါက်ရင်တော့ ကိုင်မယ်လေ . ."

အထက်စီးမှနေဆိုသော သူမစကားကြောင့် ကျွန်တော် နင်တင်တင်ကြီး ဖြစ်သွားရသည်။ ကိုယ်က ချစ်ရသူဆိုတော့လည်း အပြစ်မမြင်သာပြန်။

"နင့်စိတ်ကူးကလည်း ညတိုင်းပေါက်လို့ မရဘူးလား . ."

"ဒါတော့ ဘယ်ပြောလို့ရမလဲ . ."

ဂကျိုဂကျောင်ဆိုသော ကျွန်တော့်စကားကြောင့် သူမ ဟက်ခနဲရယ်ရင်း အရယ်တစ်ဝက်ဖြင့် 'ဘယ်ပြောလို့ရမလဲ' ဟုဆိုသည်။

"ညတိုင်းပေါက်ပေးစမ်းပါဟာ . ."

"အာ . . ဇွတ်ကြီးပါလား . . ငါ ဖုန်းချလိုက်မှာနော် . ."

အရယ်တစ်ဝက်ဖြင့်ပင် သူမက ခြိမ်းခြောက်သည်။ ရယ်ရယ်မောမောဖြင့် ဆိုလေသောကြောင့် 'စိတ်တော့ ဆိုးမနေ' ဟု မရဲတရဲတွေးဖြစ်သည်။ သူမစိတ်ကလည်း ခုဖုန်းကိုင်လိုက်၊ ခု မကိုင်လိုက်နှင့်ခန့်မှန်းရခက်သည်မို့ အရဲကိုးကာ အရမ်းကြီးလည်း သွားမအီရဲ . . တော်ကြာ အဟုတ်ကြီးမှတ်ပြီး ဖုန်းချသွားမှာလည်း စိုးရသေးသည်။

"ခုလိုအချိန်မှာ နင်ဖုန်းချလိုက်ရင်တော့ . . နင်ငါ့ကို သတ်လိုက်တာနဲ့ အတူတူပဲ . ."

"ပိုတယ် . ."

"မပိုပါဘူးဟာ . . ငါ့မှာ နင့်အသံလေးကြားရဖို့ ညတိုင်း ဖုန်းဆက်ရတာအမော၊ နင်က တစ်ခါမှလည်း မကိုင်ဘူး . ."





"နင်မှ စကားအကောင်းမပြောတာ . ."

"ဟောဗျာ . . စကားအကောင်းမပြောလို့ . . ငါက ဘိုလို မှတ်နေလို့လား . . ကဲ . ."

"ဟော် . . ကြည့် . . အခုပဲ စကားကို ကန့်လန့်ပြောနေပြီ"

"ကဲ . . . ဒါဆိုလည်း ငါဘာမှမပြောတော့ဘူး။ နင်ပြောတာကိုပဲ နားထောင်တော့မယ် . . ကဲ . . ပြော . ."

"ဘာလဲ . . နင်က ကောက်တဲ့ သဘောလား . ."

"ဟာ . . မကောက်ရဲပါဘူးဟာ . . တကယ်ပါ . . ငါနင့် အသံလေးကြားချင်လို့ . ."

"ဘာပြောရမလဲ . ."

"ပြောချင်တာသာ ပြော . ."

"ဒါဆို ပြောမယ် . ."

"အေး . . ပြော . ."

"ငါပြောမှာ . . က . . ."

"ပြောမှာသာ ပြောပါ ပုလဲရာ . . ."

အရေးထဲ . . 'ငါပြောမှာက . .' ရဲ့နောက်မှာ ဘာမှဆက်မပြောသည်မို့ ကျွန်တော်က ပြောမှာသာပြောပါ . ဟု ဆိုရသည်။ နားထောင်နေသော်လည်း အတန်ကြာသည်အထိ ရယ်သံသဲ့သဲ့ကိုသာ ကြားနေရသည်။ ဘာစကားမှမပြော။ အတန်ကြာတော့မှ အရယ်တစ်ဝက်လေသံဖြင့် . . .

"ဖုန်းချလိုက်တော့မယ်လို့ ပြောမလို့ . ."

"အာ . . ပုလဲ . . ဟဲလို . . ဟဲလို . ."

ပြောပြောဆိုဆိုပင် ဖုန်းချသွားသော သူမ၏ဖုန်းကို ထပ်ခါထပ်ခါခေါ်သော်လည်း ဖုန်းမှ 'လူကြီးမင်းခေါ်ဆိုသော GSM



www.burmeseclassic.com

www.burmeseclassic.com



တယ်လီဖုန်းမှာ စက်ပိတ်ထားပါသဖြင့် ခေါ်ဆို၍ မရနိုင်ပါရှင်' ဆိုတာကြီးကို သာ အခါခါအထပ်ထပ် ကြားရသည်။

ဖုန်းပြောလို့ကောင်းတုန်းHalf Feel ကြီးနှင့် ကျွန်တော် မချင့်မရဲကြီး ဖုန်းခေါ်ခြင်းကို လက်လျှော့လိုက်ရသည်။

***



ကျွန်တော့် စကားကို ဝိုင်းနားထောင်နေရာမှ အာကာ ခေါင်းကို တထဆတ်ဆတ်ညိတ်ရင်း ဆရာကြီးအထာဖြင့် မေးစေ့တို ပွတ်ကာ . . .

"ဒီအတိုင်းဆိုရင်တော့ အခြေအနေက အရင်အနေအထား ထက် ရာနိုင်နှုန်းနည်းနည်းတော့ ပိုကောင်းလာတယ်လို့ ယူဆလို့ရ တယ် . . ဒီတော့ မင်းက ဆက်ပြီးတော့သာ ဖိလုပ်ပေး။ ငွဲဆုရ မရ တော့ မသိဘူး။ ရုံးတော့ အတိုင်ခံရလိမ့်မယ် . ."

အပုတ်ကြီးမှတ်၍ နားထောင်နေသော ကျွန်တော်၊ အာကာ ၏ အဖျားရှူးသွားသော စကားကြောင့် ခွေးကောင်ဟု ဆိုဖြစ်သည်။ မင်းမင်းက တခွီးခွီးရယ်နေသော အာကာ့နောက်လိုက်ရယ်ရင်း . .

"သွားမလုပ်ပါနဲ့ အာကာရာ။ နဂိုကတည်းကမှ မင်းကောင် က ယဉ်ယဉ်လေးရူးနေတာ။ တော်ကြာ သွက်သွက်ခါအောင် ရူးသွား ပါဦးမယ် . . ."

"ဒါနဲ့ မင်းတို့ကို ငါတစ်ခုတိုင်ပင်ရဦးမယ် . ."

ရယ်နေရင်းက မျက်နှာကြီးတည်ရင်းဆိုသော အာကာ့ စကားကြောင့် သကောင့်သား အရေးကြီးအကြောင်းအရာ တစ်ခုခု တော့ ပြောတော့မည်ဆိုတာ ကျွန်တော်နှင့်မင်းမင်းသိလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မနေ့က မသူက သူ့အမေကို ငါနဲ့သမီးရည်းစားဖြစ်နေကြပြီဆိုတဲ့ အကြောင်း ပြောပြလိုက်တယ်တဲ့ . ."

"အဲဒီတော့ . . ."

"သူ့အမေက သဘောမတူဘူးတဲ့ . . ရန်ကုန်မှာ မသူနဲ့ပေးစားဖို့ မိဘချင်း ပြောထားတာရှိတယ်ဆိုပဲ . ."

"မင်းဥစ္စာကလည်း ဓာတ်ရှင်တွေထဲက အတိုင်းကြီးပါလား"

မင်းမင်း၏ အဆိုကို အာကာက အေးကွာဟုဆိုသည်။ တကယ်တော့ မသူက ကျွန်တော်တို့အိမ်မှ နောက်ဆယ်ရက်လောက်ဆိုပြန်တော့မှာဖြစ်သည်။

"အဲဒါ . . ငါကလည်း မသူကို မခွဲနိုင်ဘူး။ မသူကလည်း အဲဒီအတိုင်းပဲ။ ငါ့အိမ်က ပြဿနာမရှိပေမယ့် မသူတို့အိမ်က ဝူးဝူးဝါးဝါးလုပ်လာပြီဆိုတော့ ငါက ခိုးပြေးကြဖို့ မသူကိုပြောသေးတယ်။ မသူက သူ့မှာတိုးရစ်တွေနဲ့ ချိတ်ထားတဲ့ရက်တွေကိုလည်း အပျက်မခံချင်ဘူး။ နောက် . . ပြည့်ဖြိုးတို့ အိမ်မှာနေရင်းက ခိုးရာလိုက်ပြေးတာဆိုရင် ပြည့်ဖြိုးတို့ မိဘတွေအတွက်လည်း မကောင်းဘူး တဲ့ . . ဒီတော့ ငါတို့နှစ်ယောက် တရားရုံးတက်ပြီးတော့ လက်မှတ်ထိုးထားရအောင်တဲ့ . ."

"အေးလေ . . အဲဒါကောင်းတာပဲ . . သူလည်း အလုပ်မပျက်တော့ဘူး . . မင်းလည်း ရင်မပူရတော့ဘူး . . တစ်ချက်ခုတ်၊ နှစ်ချက်ပြတ် . ."

မင်းမင်းက အထက်ပါအတိုင်း ကောက်ချက်ချသည်။

"အေး . . ငါလည်း စိတ်မြန်လက်မြန်ပဲ။ မနက်ဖြန် လက်မှတ်ထိုးမလို့ အဲဒါ အသိသက်သေနေရာမှာ လက်မှတ်ထိုးဖို့ မင်းတို့ နှစ်ယောက်နဲ့ နှုတ်လုံမယ့် ကလေးမနှစ်ယောက် ငါစီစဉ်ထားတယ်"

"ဘယ်က ကလေးမတွေလဲ . ."





ငါ့အသိရဲ့စတိုးဆိုင်က အရောင်းစာရေးမလေးနှစ်ယောက်ပါကွာ . . ငါတို့ အသိုင်းအဝိုင်းထဲက၊ ငါတို့ဘော်ဒါတွေထဲက သွားခေါ်လို့ ဘယ်ဖြစ်မလဲ . . ဒီကိစ္စက ဘယ်သူမှမသိလေ ကောင်းလေပဲ . . မင်းတို့လည်း ဒီကိစ္စကို လျှို့ထားပေးကြဦး . . ငါထင်တယ် . . မင်းမင်းတို့မင်္ဂလာဆောင်ပြီး သိပ်မကြာခင်မှာ ငါတို့လည်း မင်္ဂလာဆောင်ဖြစ်လိမ့်မယ် . . အဲ . . လက်မှတ်ထိုးတာကတော့ မနက်ဖြန်ထိုးမယ် . ."

"ဇွတ်ကြီးပါလား . ."

ရယ်ကျဲကျဲနှင့်ဆိုသော ကျွန်တော့်စကားကြောင့် ဆရာသမားက ဟက်ခနဲရယ်ရင်း . . .

"ဘာဖြစ်လဲကွ . . မင်းမင်းဆိုရင်လည်း အိုနေပြီလို့ ပြောလို့ရတယ် . . ငါကလည်း မနက်ဖြန်ဆို လက်မှတ်ထိုးပြီးရင်လူအို ဖြစ်ပြီ။ မင်းပဲ ကြိုက်မယ့်လူမရှိ ဘာမရှိနဲ့ လူပျိုကြီးမဖြစ်အောင်ကြိုးစား . ."

"အောင်မာ . . လေသံက . ."

"ဘာဖြစ်လဲ . . . လေသံက လေးစားချင်စရာကြီး မဟုတ်လား . . ကြိတ်ပြီး ကြည်ညိုမနေပါနဲ့ကွာ . . ပေါ်တင်ပြောစမ်းပါ။ အားကျတယ်ဆိုလည်း အားကျတယ်ပေါ့ . . အချင်းချင်းတွေပဲ ဥစ္စာ"

ပြောရင်း အာကာက တခွီးခွီးရယ်သည်။ မင်းမင်းကပါ လိုက်ရယ်သည်။

"ငါတို့က စင်ပေါ်ကလူဆိုတော့ . . ဒီလိုရယ်နေတာ သူ့ကို လှောင်သလိုများ ဖြစ်နေမလား . . အာကာ . ."

အရေးထဲ မင်းမင်းကပါ ကြံဖန်ပြီး နှိပ်ကွပ်နေပြန်သည်မို့ ကျွန်တော် မချိရယ်ရယ်ဖြစ်သည်။ ဩော် . . စင်ပေါ်က လူတွေတဲ့လား . .။

***

www.burmeseclassic.com

www.burmeseclassic.com



“မင်း တို့က မီးပုံးပျံအတွက် ပစ္စည်းလုပ်တာ ငါးဆယ်ရာခိုင်နှုန်းလောက် ပြီးသွားပြီဆို . .”

“အဲဒါ ဘာဖြစ်လဲ . .”

“ငါတို့ကတော့ အခုမှစမှာ . . ပွဲရောက်ဖို့ နှစ်လလောက် လိုသေးတာပဲကွာ . . အေးဆေးပေါ့ . . ကြောက်ချီးပါပြီး အမြန်လုပ်နေဖို့ မလိုပါဘူး . .”

သတိုးက လည်သာအင်္ကျီကော်လံကို ထောင်ကာ နေကာမျက်မှန်ကို ပုံစံကျအောင်ပြင်ရင်းဆိုသည်။

မင်းသားထက်ပင် ကျော့မော့နေအောင်နေသော သကောင့်သားက ရုပ်နှင့်မလိုက်သော အပေါစားစကားများဖြင့် ခတ်ရှင်ထဲက လူကြမ်းလို ရန်လာရှာနေသည်။

“ငါတို့ မီးပုံးပျံကို ငါတို့ဘာသာ ငါတို့ဘယ်လိုပဲ စီစဉ်၊ စီစဉ် မင်းနဲ့မဆိုင်ဘူး သတိုး . . လာပြီး အာမနေနဲ့ မျက်စိနောက်လို့ . .”

ကျွန်တော့်စကားကို သတိုးက ဟက်ခနဲ စတိုင်လ်အပြည့်ဖြင့်ရယ်သည်။ ပြီး . .





“မင်းလို ဆုမချိတ်ဖူးသေးတဲ့ အသင်းခေါင်းဆောင်အသစ်တစ်ယောက်ကို ငါလို ဆုရဖူးတဲ့ ဝါရင့်အသင်းခေါင်းဆောင်က မမှားသင့်တာ မမှားရအောင် ကရုဏာရှေ့ထားပြီး ပြောပေးနေတာပါ။ ဖြည်းဖြည်းနဲ့ မှန်မှန်လုပ်ရမယ့် အလုပ်တစ်ခုကို မြန်မြန်လုပ်ပြီး များများမှားနေမှာစိုးလို့ ပြောတာ . .”

“မလိုပါဘူးကွာ . . ဘယ်သူက ‘ဇ’ ပိုရှိတယ်ဆိုတာ . . ပွဲရောက်မှ ဆုံးဖြတ်ကြတာပေါ့ . . လာပြီး သကြန်အမြောက်လို ပေါက်ပေါက်ဖောက်မနေနဲ့ . . ပျင်းစရာကောင်းလွန်းလို့ . . .”

“အေးပါ . . ငါက ပထမဆုကို ယူပြီး နောက်လှည့်ကြည့်တဲ့အချိန်မှာ နှစ်သိမ့်ဆုလောက်တော့ မင်းယူနေတာမြင်ချင်လို့ပါ။ First, Second, Third ကိုတော့ မမျှော်လင့်နဲ့ပေါ့ကွာ။ မရနိုင်တာကြီးကို မျှော်လင့်နေရင် ပင်ပမ်းမှာစိုးလို့ ကဲ . . သွားပြီ တာ့တာ”

ပြောချင်တာတွေ စွတ်ပြောပြီး ဆရာသမားက ဆိုင်ကယ်ကို ဝေါခနဲစီးထွက်သွားသည်။ ဘလိုင်းကြီးလူကို လာဖြဲနေသော သကောင့်သားကို လိုက်ကြည့်ရင်း ကျွန်တော် ခေါင်းခါဖြစ်သည်။ ထိုစဉ်မှာက အာကာ့ကားက ဝေါခနဲ ထိုးဆိုက်လာသည်။

“စောင့်နေတာ ကြာပြီလား . .”

“အေး . . မင်းကိုစောင့်နေတုန်း . . ဟိုကောင် သတိုး တောင်လာပြီးတော့ ငါ့ကို ဖွဲ့သွားသေးတယ် . .”

“ဘာတဲ့လဲ . . .”

“အလကားပါကွာ . . အရှုးချီးပန်းနဲ့ ဘာတွေလျှောက်ပြောမှန်းလည်း မသိဘူး . .”

“ငါ့ မမ ရော . .”

အာကာက ကျွန်တော့်နောက်ဘက်ကို မျှော်ကြည့်ရင်းမေးသည်။



www.burmeseclassic.com

"အလှပြင်နေတာနေမှာပေါ့ကွာ . ."

"မမကလည်းကွာ . . မပြင်ဘဲနဲ့လည်း လှနေတဲ့ ဥစ္စာ . . ဒီတ တောင်ကို ရှူးသထက်ရှူးအောင် ပြုစားချင်နေပြန်ပြီ . ."

"တောက် . . မင်းမင်းဆိုတဲ့ ကောင်ကလည်း အခုထိ မလာသေးဘူး . . အရေးထဲ ဘေးကအရှူးကလည်း ပွစိပွစိနဲ့ ဇာတ်ထဲက စကားတွေ ထရွတ်နေတယ် . ."

ကျွန်တော် ဖြတ်၍ဆိုသော စကားကြောင့် အာကာကရယ်သည်။ ပြီး . . ရယ်ဖြဲဖြဲဖြင့် . . .

"သစ်ပင်မြင့်တော့လည်း လေတိုက်တာပေါ့ကွာ . . အေးလေ . . ကိုယ့်ထက်သာ မနာလိုဖြစ်မယ်ဆိုရင်လည်း ဖြစ်လောက်စရာ . . ရည်းစားသနာမှ မရှိရှာတာကိုး . ."

သကောင့်သား၏ စကားကြောင့် ကျွန်တော် အရယ်တစ်ဝက်ဖြင့် 'ခွေးကောင်' ဟု ဆိုဖြစ်သည်။ မကြာမီမှာပင် ကျွန်တော့်အိမ်ထဲမှ မသူထွက်လာသလို မင်းမင်းလည်း သူ၏ဆိုင်ကယ်ဖြင့် ရောက်ချလာသည်။

"မြန်မြန် လိုက်လာကြနော် . . ငါက အမြန်ကြီးကို အိုချင်နေပြီ . ."

'မသူ'ကို ကားတံခါးဆင်းဖွင့်ပေးရင်း အာကာက ပြောင်ချော်ချော်ဖြင့်ဆိုသည်။ မသူက အာကာ့ကို ရှက်ရှက်ဖြင့် မျက်စောင်းကြီးထိုးသည်။

"တောက် . . ဘာလိုလိုနဲ့ အိုရတော့မှာပါလားနော် . . တွေးရင်းနဲ့ ရင်တွေပန်းတွေတောင် တုန်တယ် . ."

ကားပေါ်အတက်မှာ ဆရာသမားက ကျွန်တော်တို့ဘက်လှည့်ကာ နောက်နေသေးသည်။ ဒါ . . အသက်နှစ်ဆယ်ကျော်လာ





တာတောင် အူကြောင်ကြားဖြစ်နေသေးသော ကျွန်တော်တို့အုပ်စုမှာ ပျော်ပျော်နေတတ်သော စတိုင်လ်ဖြစ်သည်။

အာကာက သူကြိုချိတ်ထားသော ကလေးမနှစ်ယောက်တို့ ပတ်ခေါ်သည်။ ပြီး တရားရုံးမှာ နှစ်ဦးသဘောတူ လက်မှတ်ထိုးသည်။ မင်းမင်းက တစ်ယောက်တည်းဆိုင်ကယ်ဖြင့် ကားနောက်မှာ လိုက်လာသည်။ ကျွန်တော်တို့ တောင်းဆိုသဖြင့် ဆိုင်တစ်ဆိုင်မှာ မုန့်တွေလိုက်ကျွေးပြီးနောက် အသိသက်သေ လက်မှတ်ထိုးပေးသော ကလေးမနှစ်ယောက်ကို ပြန်ပို့သည်။ ပြီး . . ကျွန်တော်နှင့်မင်းမင်းကို အာကာက . . .

"ကဲ . . ငါနဲ့ မမနဲ့ ပန်းခြံဘက်ကို လေညှင်းခံထွက်ဦးမယ် . . မင်းတို့နှစ်ကောင်လည်း သင့်ရာမှာအချိန်ဖြုန်းလိုက်ကြဦး။ ပြည့်ပြီး . . ငါ ဖုန်းဆက်လိုက်မယ် . . မမ ပြန်ပို့တဲ့အချိန်ကျရင် မင်း မပါရင်မကောင်းဘူး . . သိတယ် မဟုတ်လား . ."

"အေးပါကွာ . ."

ဆရာသမားက ပြောင်ချော်ချော်ဖြင့် မျက်စိတစ်ဖက် မှိတ်ပြရင်း ကားကိုဝေါခနဲ မောင်းထွက်ကာသွားသည်။

"သူတို့နှစ်ယောက် လျှောက်လည်လို့ဝတဲ့အထိ ငါတို့က အချိန်ဖြုန်းနေရမှာဆိုတော့ မထူးဘူး . . ငါတို့လည်း ဂိမ်းသွားဆော့ရအောင် . ."

မင်းမင်း၏အကြံကို 'ကောင်းသားပဲ' ဟု ထောက်ခံရင်းနှစ်ယောက်သား လူရှင်းသည့်ဂိမ်းဆိုင်ဘက်သွား ဖြစ်သည်။

ဘာလိုလိုနှင့် အာကာတစ်ယောက် ကောက်ကာငင်ကာဖြင့် လက်မှတ်ထိုးဖြစ်သွားသည်။

တကယ်တော့ မသူတို့ အမေဘက်ကသာ သဘောတူပြည့်ဖြူခဲ့လျှင် အာကာတို့မင်္ဂလာဆောင်ကို ရန်ကုန်မှာ တစ်ခါ ဆောင်



www.burmeseclassic.com

www.burmeseclassic.com



ကြီးမှာ တစ်ခါ၊ ခမ်းခမ်းနားနား ဆောင်ဖို့စီစဉ်ထားပြီးသားဖြစ်သည်။ အာတာတို့ဘက်မှ ဘာရှောခ်မှမရှိ။ အခုတော့ အခြေအနေတွေက ဇောက်ထိုးမိုးမျှော်တွေ ဖြစ်ကုန်သည်။ ကြည့်ရတာ ဤလက်မှတ်ထိုးသည့်ကိစ္စကို ကျွန်တော်တို့ ဘော်ဒါနှစ်ကောင်မှလွဲ၍ ဘယ်သူမှမသိ။ အာကာ့အိမ်ကလည်း ဘာမှသိမည်မဟုတ်။

မသူက ရန်ကုန် ခပ်တည်တည်ဖြင့်ပြန်ပြီး သူမအမေကို မရမက စည်းရုံးမှာဖြစ်သည်။ OKပြီဆိုမှ မင်္ဂလာဆောင်ကို နောက်နှစ်ထဲမှာလုပ်မည်။ အကယ်၍ မသူတို့အမေက တဇွတ်ထိုးကြီး သူထင်ရာ စီစဉ်ခဲ့လျှင်လည်း မသူတစ်ယောက် လက်ထပ်စာချုပ် ထုတ်ပြဖို့ပဲ ရှိတော့သည်။

ဘာရယ်မဟုတ်။ မသူပြန်ဖို့ရက်ပင် သိပ်မလိုတော့။

ထို့အတူ . . .

တန်ဆောင်တိုင် မီးပုံးပျံပွဲတော်ကြီးသည်လည်း နှစ်လခန့်သာလိုတော့သည်။

***



ဒို့ရေး

မီးပုံးပျံပြိုင်ပွဲများ မဲနှိုက်ကျသည်။ မီးပုံးပျံပြိုင်ပွဲဝင်ရမည့်ရက်နှင့် အလှည့်နံပါတ်ကို နှိုက်ရခြင်းဖြစ်သည်။ ထိုသို့ မဲနှိုက်ရာတွင် ယခင်နှစ်မှ First, Second, Third နှင့် နှစ်သိမ့်ဆုနှစ်ဆုဖြစ်သော Fourth နှင့် Fifth တို့က မဲနှိုက်ရန်မလို။ ၎င်းချန်ပီယံအသင်းများက ပွဲတော်၏လပြည့်ညတွင် ယှဉ်ပြိုင်ခွင့်ကိုရမည်ဖြစ်သည်။ ကျန်အသင်းများက ပွဲတော်စသည့် တန်ဆောင်မုန်းလဆန်းမှ အဖိတ်နေ့အတွင်းကျသည့်ရက်နှင့် အလှည့်ကို နှိုက်ကြရသည်။

ပွဲတော်၏ ညလွှတ်မီးပုံးများ စတင်လွှတ်ချိန်မှာ ညခုနစ်နာရီဖြစ်သည်။ ကျွန်တော်တို့၏ မီးပုံးပျံအတွက် မဲနှိုက်ရာတွင် ကံကောင်းထောက်မစွာ အဖိတ်နေ့တွင် ကျသည်။ အလှည့်က နံပါတ် ၅၊ ကျွန်တော်တို့ရှေ့မှာ စိန်နားပန်မီးပုံးပျံ။ ၎င်းစိန်နားပန်မီးပုံးပျံ၏ ရှေ့မှာကျသော ညမီးကျိုက ကြံကြံဖန်ဖန် သတိုးတို့၏မီးပုံးပျံဖြစ်ကာနေသည်။ ယခင်နှစ်က သူတို့အသင်းဝင်မပြိုင်သဖြင့် ဒီနှစ်မှာ သူတို့အသင်းဝင်မပြိုင်ဖြစ်သဖြင့် ဒီနှစ်မှာ သူတို့အသင်းတ



www.burmeseclassic.com

www.burmeseclassic.com



အသစ်ဖြစ်သည်မို့ သူတို့လည်း မဲနှိုက်ရသည်။ လပြည့်နေ့တွင် လွှတ်ရသော ချန်ပီယံအသင်းများကလည်း သရဖူကို ဆက်တိုက်ဆောင်းခွင့်ရအောင် အကြိတ်အနယ် ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ဤရက်များမှာ လွှတ်တင်ယှဉ်ပြိုင်ကြရမည့် ကျွန်တော်တို့ ဆုမရဖူးသေးသော အသင်းများကလည်း တီထွင်မှုဆန်းသစ်မှုများကို အစွမ်းကုန်ကြိုးစားတာ သရဖူကို ရယူနိုင်အောင် ကြိုးပမ်းကြရမည်ဖြစ်သည်။

ပြိုင်ပွဲများပြီးဆုံးပြီးနောက်ရက်မှာပင် ဆုကြေညာကာ တစ်ခါတည်း ဆုချီးမြှင့်မည်ဖြစ်သည်။ မဲနှိုက်ပြီးထွက်လာသော ကျွန်တော့်ကို သတိုးကလှမ်းခေါ်သည်။

"စိုင်းပြည့်ဖြိုး . . မင်းရဲ့ မီးပုံးပျံနာမည်က 'ကြယ်စီးသံ' မီး ဟုတ်လား . . တိုက်တိုက်ဆိုင်ဆိုင်ပဲကွနော် . . ငါ့ရဲ့ 'တိမ်ထက်ပျော်' မီးနဲ့ တစ်ရက်တည်းပဲကွနော် . . 'ကြယ်စီးသံ' ကို 'တိမ်ထက်ပျော်' က မကျော်သွားပါစေနဲ့ ဆုတောင်းပေါ့ကွာ . ."

"ငါက ဆုတောင်းတတ်တဲ့ ကောင်မဟုတ်ဘူး။ ဆုရအောင် အလုပ်နဲ့သက်သေပြတဲ့ကောင်။ ငါ့ရဲ့ 'ကြယ်စီးသံ' မီး ပထမဆုယူတာကို မင်းလက်ခုပ်တီးပြီး ချီးမြှင့်ဖို့ ပြင်ထား . . OK?"

ကျွန်တော့်၏ တုံ့ပြန်စကားကို သတိုးက 'အလာကြီးပါလား' ဟု ခနဲ့တဲ့တဲ့ဆိုရင်း ဟက်ခနဲ ရွဲ့တဲ့တဲ့ရယ်သည်။

"အေးလေ . . ဘယ်သူက ကျား . . ဘယ်သူက သမင်ဆိုတာ ဆုပေးတဲ့နေ့ရောက်ရင် အဖြေပေါ်မှာပါ။ မီးပုံးပျံကို အလုံးအဝန်းညီညာအောင် တိုင်းနော် . . ရွဲ့တဲ့တဲ့ကြီးဆိုရင် Balance မညီလို့ မီးလောင်တတ်တယ်။ ပြောမယ့်သာပြောနေရတာပါ . . အရင်နှစ်က မင်းရဲ့မီးပုံးပျံက မီးလောင်သွားတာဆိုတော့ တစ်ခါသေဖူးလို့ ပျဉ်ဖိုးနားလည်မှာပါ . ."

လေတိုက်လို့ မီးလောင်သွားမှန်း သိသိကြီးနှင့် သကောင့်





သားက မီးပုံးပျံပုံစံမမှန်၍ ဟန်ချက်မညီ၍ မီးလောင်သွားသည့်ပုံစံမျိုး လာပြောနေသည်။ ဆက်လက်မငြင်းခုန်လိုတော့သည်မို့ မကြားယောင်ပြုပြီးနေလိုက်သည်။

သကောင့်သားက 'ကြိုးစားပေါ့ကွာ' ဟုဆိုရင်း ကျွန်တော့်ပခုံးကို ပုတ်ဖြစ်အောင် ပုတ်သွားလိုက်သေးသည်။

လုပ်သွားသော စတိုင်လ်က လုံးဝဆရာကြီးစတိုင်လ်၊ ကျွန်တော် ဘာမှပြောမနေတော့။ မဲနှိုက်ပြီးထွက်လာသော ကျွန်တော့်ကို အာကာက လာကြိုသည်။ မင်းမင်းကတော့ ဒီနေ့ မအားသဖြင့် မလာနိုင်။

"ပြည့်ဖြိုး . . ငါတို့ ဘယ်နေ့ကျလဲ . . ."

"အဖိတ်နေ့ . . အလှည့်နံပါတ်က ၅ . ."

"ဟိုကောင် . . သတိုးရဲ့ မီးကရော . ."

မီးပုံးပျံကို ကျွန်တော်တို့ဆီက အတိုကောက်ခေါ်နေကျအတိုင်း 'မီး' ဟု ဆိုရင်း အာကာမေးသည်။

"အဖိတ်နေ့ပဲ . . အလှည့်နံပါတ်က ငါတို့နဲ့ တစ်လုံးခြား"

"ဟေ . ."

***

www.burmeseclassic.com

www.burmeseclassic.com



မသူ

ပြန်မည့်နေ့မို့ အာကာ့မျက်နှာလုံးဝမကောင်း။ တန်ဆောင်တိုင်ပွဲရောက်မှ ပြန်တွေ့ရမည့်ကိန်းမို့ မသူကိုယ်တိုင်လည်း မျက်နှာညှိုးနေသည်။

"ရော့ . . ဒါ နေ့လွှတ် . . မီးပုံးပျံတွေနဲ့ ညလွှတ်ထဲက စိန်နားပန်မီးပုံးပျံပုံတွေ . ."

အာကာက နေ့လွှတ်မီးပုံးပျံများ၏ ပုံအချို့နှင့် ညလွှတ်မီးပုံးပျံများထဲမှ ကောင်းနိုးရာရာပုံများကို မသူ လက်ထဲထည့်ပေးသည်။

သူတို့နှစ်ယောက် လက်မှတ်ထိုးထားသည်ကို မသိဘဲ ချစ်သူများဖြစ်နေသည်ကိုသာ သိသော မမက ကျွန်တော့်ကို မျက်ခုံးပင့်ရင်း မျက်စပစ်ပြသည်။ 'အလွမ်းသယ်နေကြတယ်ဟဲ့' ဟူသောသဘော။

"လေယာဉ်ပေါ် ရောက်မှပဲကြည့်တော့မယ် . . ဖုန်းဆက်နော် . ."

ပြောရင်း မသူ၏ မျက်ဝန်းမှာ မျက်ရည်တို့ဝေ့ဝဲကာနေသည်။ အာကာက မျက်နှာချင်းဆိုင်မှ မသူ၏ လက်ချောင်းလေးများကို ဆုပ်ကိုင်ထားရာက မလွှတ်တော့။





"ကဲ . . လေယာဉ်ချိန်လည်းနီးနေပြီ . . သွားတော့မယ်"

[illegible]ညှင်းသောလေသံဖြင့် ဆိုရင်း မသူက အာကာ့လက်ထဲမှ သူမ၏ လက်ကိုပြန်ဆွဲယူသည်။ ပြီး . . ကျွန်တော်နှင့်မမဘက်ကို လှည့်ကာ . . .

"ဖုန်းဆက်မယ်နော် . . ပြည့်ဖြိုးနဲ့ပြည့်ဖူး . . တန်ဆောင်တိုင်ရောက်ရင် ပြန်တွေ့ကြတာပေါ့ . . ဩော် . . ပြည့်ဖြိုး . . . မင်းမင်းတို့ကိုလည်း နှုတ်ဆက်သွားတဲ့အကြောင်း ပြောလိုက်ဦးနော်"

ကျွန်တော်တို့မောင်နှမ ခေါင်းညိတ်ပြဖြစ်သည်။ ခရီးဆောင်အိတ်ကိုဆွဲကာ တဖြည်းဖြည်းဝေးသွားသော မသူကိုကြည့်ရင်း အာကာတစ်ယောက် ကြက်လည်လိမ်ထားသလို ခေါင်းကြီးငိုက်စိုက်ကျကာနေသည်။ အတန်ကြာသည်အထိ သကောင့်သားမလှုပ်မရှားကြီး ရပ်ကာနေသည်။ ကျွန်တော် အာကာ့ပခုံးကို လှမ်းဖက်ရင်း ခပ်ဖွဖွရိုက်ဖြစ်သည်။

"ပြန်ရအောင် . ."

ကျွန်တော့် စကားကို ကြားဟန်မတူသော အာကာက မိုးတိမ်များကိုထိုးခွဲရင်း တက်သွားသော လေယာဉ်ကြီးကို လိုက်ကာဝေးနေသည်။ လေယာဉ်က မြင်ကွင်းမှလုံးလုံးပျောက်ကွယ်သွားခါမှ သက်ပြင်းကိုခပ်ကြမ်းကြမ်းချရင်း 'ပြန်ရအောင်' ဟု အာကာဆိုသည်။

သူ့ Feel နှင့်သူမို့ ကျွန်တော် သူ့ကို 'ပိုသည်' ဟုလည်း မဆိုရက်။ ဟဲဟိုးလေယာဉ်ကွင်းမှ တောင်ကြီးသို့ ပြန်လာသော လမ်းတလျှောက် ဆရာသမားက ဆိတ်ငြိမ်စွာလိုက်ပါလာသည်။

မမကတော့ သူမ၏ Mp3 ကို နားမှမချတမ်းတပ်ကာ နားထောင်ရင်း မျက်လုံးကို တစ်ချိန်လုံးမှိတ်ထားသည်။

ဟဲဟိုးတောင်ကြီး ကားလမ်းကား မြွေလိမ်မြွေကောက်



www.burmeseclassic.com

တောင် တက်တောင်ဆင်းများသော လမ်းဖြစ်သည်။ တစ်တောင်တက်၊ တစ်တောင်ဆင်းသောလမ်းမကြီးက စိမ်းညို့သော တောင်တန်းများကြားဝယ် တွန့်ခေါက်စွာဖြင့် လှပနေသည်။

လမ်းဘေးဝယ် တွေ့ရသော တောပန်းများကိုကြည့်ရင်း ဘာရယ်မဟုတ် သူမကို သတိရမိသည်။ တောပန်းများကို ခုတုံးလုပ်ပြီး ကျွန်တော်ပြောသော ရည်းစားစကားကို မကြားယောင်ပြုဖူးသော သူမ။

အခုလိုအချိန်ဆို သူမဘာတွေ လုပ်နေမည်မသိ။

ခုနောက်ပိုင်းမှာတော့ ဘာစိတ်ကူးပေါက်သည်မသိ။ ကျွန်တော်ဖုန်းဆက်တိုင်း ခဏတဖြုတ်တော့ ဖုန်းကိုင်ပေးတတ်သည်။ ပြီး . . 'ဘာလုပ်စရာရှိသည်' 'ညာလုပ်စရာရှိသည်' ဟုဖြီးပြီး ဖုန်းချချသွားတတ်သည်။

မင်းမင်းကတော့ ကျွန်တော့်ကို 'Do or Die' အကြံပေးသည်။ ရည်းစားဖြစ်ခွင့်အတွက် ကြိုးစားမလား။ ထိုသို့ ကြိုးစားရာတွင် သူမ မုန်းသွားလျှင်လည်း ရှိစေတော့ . .။ 'တစ်ခုခုတော့ ဆုံးဖြတ်သင့်ပြီ' ဟု ဆိုသည်။ ပြီး . . ဆိုသေးသည်။

"ဒီအတိုင်းကြီး ဆက်သွားနေရင်တော့ ဇာတ်မျောကြီးဖြစ်သွားမှာတော့ သေချာတယ်" တဲ့။

ဟုတ်တော့လည်း ဟုတ်သည်။ သူမ မုန်းသွားမှာစိုးရင်းထပ် ဖွင့်မပြောခြင်းသည် တကယ်တော့ အကျိုးမရှိ။ ဖွင့်ကို ဖွင့်ပြောရမည်။ သူမဘက်က အပြတ်ငြင်းလိုက်လျှင်လည်း ခံမည်။ ခေါင်းညိတ်ခဲ့လျှင်လည်း စံမည်။ ကျွန်တော် ရဲရင့်မှဖြစ်တော့မည်။

* * *



## "ပုလဲ . . ."

"ဘာတုံး . ."

ကျွန်တော့် ခေါ်သံက တော်တန်ရုံကောင်ကလေးဆို ပစ်ကျသွားလောက်သော ကရုဏာသံ အပြည့်ပါသည့် နူးညံ့မှုအတိပြီးသော ခေါ်သံ။ သူမ၏ 'ဘာတုံး' ကတော့ ရုတ်တရက်ထပေါက်သော ကားဘီးသံလို အလန့်တကြားကြီး။ ဘာပဲဖြစ်ဖြစ် ကျွန်တော်ကတော့ ကြံဖန်၍ ချစ်နေသည်။ ဤ 'ဘာတုံး' လေးသည်လည်း ကျွန်တော့်အတွက်တော့ နားဝင်ချိုပါသည်။

"ငါ ရူးတော့မယ် . ."

"ဘာဖြစ်လို့ . ."

သူမ၏ မေးသံက ဒီတစ်ခါတော့ ခပ်ချွဲချွဲလေးဖြစ်သည်။ ရင်တွေပင် ကတုန်ကရင်ဖြစ်သွားလောက်အောင်ကို ညင်သာသည်။

"နင်က အရမ်းလှတာကိုး . ."

"အဲဒါနဲ့ ဘာဆိုင်လဲ . ."

လှတယ်လို့ပြောတာကို မကြိုက်သော မိန်းကလေး မျက်နှာပေါ်မှာ မွေးသေးမည်မထင်။ အရယ်တစ်ဝက်နှင့် ပီတိဖြာနေသော

www.burmeseclassic.com



အသံ ကြားမြင့် သူမ 'ဘာဆိုင်လဲ' ဟုမေးသည်။ ကျွန်တော့်အထင် ဒီအချိန် မှာ သူမ မိန့်မိန့်ကြီး ပြုံးချင်ပြုံးနေနိုင်သည်။

"ဆိုင်တာပေါ့ဟ . . နင်က အရမ်းလှတော့ သူများဦးသွားမှာ ရင်ပူရတယ် . . နောက်တခြား ယောကျာ်းတွေကြည့်ရင် မဆီမဆိုင် သဝန်တိုရတယ် . . ကြာတော့ ရူးချင်လာတာပေါ့ဟ . ."

"အဲဒီအကွက်တွေက ရိုးနေပြီ . . နင် ငါ့ကို လူလည်ကျပြီး ရည်းစားစကားပြောဦးမှာ မဟုတ်လား . ."

ပက်ခနဲပြောချလိုက်သော သူမ၏စကားက ကျွန်တော့်ကို နင်ခနဲ ဖြစ်သွားစေသည်။ သူမ ကျွန်တော့်ကို ကိုင်တွယ်နေသော ပုံစံက ကြွက်တစ်ကောင်ကို ပိတ်လှောင်ထားပြီး ထွက်ပေါက်တစ်ခု ပေးထားကာ . . . ထိုထွက်ပေါက်မှထွက်မည်ကြံတိုင်း ဖြတ်ဖြတ်ရိုက်နေသည်နှင့်တူသည်။ ဖုန်းပြောခွင့်ကိုသာပေးပြီး ရည်းစားစကားပြောမည်ကြံတိုင်း ရှေ့ကနေ ကြိုပိတ်ထားသည်။ ပြောခွင့်ကိုလုံးဝမပေး။

"အဲဒါတို လူလည်ကျတယ်လို့ ခေါ်လို့ရမလား ပုလဲ။ ငါက နင်ပြောသလို လူလည်ဖြစ်မယ်။ လူညာတော့ မဟုတ်ဘူး။ မချစ်တာကို ချစ်ပါတယ်လို့ ညာမပြောဘူး . . နောက်ပြီးတော့ ငါ လူကြောက်မဖြစ်ချင်ဘူး . . 'ချစ်တယ်' ဆိုတဲ့ စကားပြောလိုက်လို့ နင် ဖုန်းမပြောတော့မှာ မုန်းသွားမှာကြောက်ပြီး ကိုယ့်ရင်ထဲက အမှန်စကားကို မပြောရဲတဲ့ လူကြောက်မဖြစ်ချင်ဘူး . . နင့်ကိုငါ နင့်နေအောင် ချစ်တယ် ပုလဲ . . ဒါ ဘယ်တုန်းကမှ မပြောင်းလဲခဲ့တဲ့ ဘယ်တော့မှလည်း ပြောင်းလဲမှာမဟုတ်တဲ့ မှန်သောသစ္စာစကားပဲ။ ဒီစကားကြောင့် ငါခံမယ်။ နင်မုန်းသွားမယ်ဆိုရင်လည်း ငါ့ထိုက်နဲ့ငါကံရှိပါစေတော့ သေချာတာတစ်ခုကတော့ နင့်ကိုငါ အရမ်းချစ်တာပဲ ပုလဲ"

". . . . . . . . . ."





ကျွန်တော့်စကားအရှည်ကြီးကြောင့်လား ဘာလားတော့ မသိ။ သူမဘက်က ဘာစကားသံမှထွက်မလာတော့။ ဖုန်းချသွားသည်လည်း မဟုတ်။

"ပုလဲ . . ."

". . . . . . . . . ."

သူမဘက်က ဘာထူးသံမှထွက်မလာ။ ဖုန်းချမသွားသဖြင့် သူမ နားထောင်နေဆဲဆိုတာ သိရသည်။

"ဘာလဲ . . နင်စိတ်ဆိုးသွားပြီလား . . နင် . . နင်မကြိုက်ဘူးဆိုတာ သိပေမယ့် ငါဖွင့်မပြောဘဲ မနေနိုင်တော့လို့ ဘယ်လိုမှ မအောင့်နိုင်တော့လို့ပါဟာ။ နင် အခုလို ဘာမှပြန်မပြောတာ ငါ ဘယ်လောက်ခံစားရလဲ သိလား။ နင် တစ်ခုခုပြောလိုက်ပါ ပုလဲရာ . . မုန်းတယ်ဆိုရင်လည်း ပြောပါ အားမနာပါနဲ့ . . တစ်ခုခု နင်ပြောလိုက်တာကမှ ငါ ခံသာဦးမယ်။ အခုလို ဘာမှပြန်မပြောတာ။ အရမ်းခံရခက်တယ် . . ဟ . ."

". . . . . . . . . ."

ကျွန်တော့်ဘက်က ပြောသမျှကို သူမဘာမှမတုံ့ပြန်။ သေချာသွားပြီလား . . ?

ဖျတ်ခနဲ ကျွန်တော့်ရင်ဘတ်မှာ မှန်းကြွင်းကာသွားသည်။ သွားပြီ . . သူမ ကျွန်တော့်ကို ပြောဖို့ စကားလုံးတွေများ ရွေးနေသလား မသိ။

'မုန်းတယ်' လို့ပဲ ပြောလိုက်ပါတော့။

တကယ်တော့ 'မုန်းတယ်' ဆိုသောစကားသည် ဘာအဘိဓာန်နှင့်မှ ဘာသာပြန်နေစရာမလိုအောင် ပြီးပြည့်စုံသော စကားတစ်ခု ဖြစ်သည်။

"ပုလဲ . . . ."

www.burmeseclassic.com



" . . . . . . . "

သူမဘက်က တကယ်ကြီးကို တုံ့ပြန်မှုမရှိတော့။ ကျွန်တော့်ရင်ထဲမှာ တဆတ်ဆတ်ခါကာ နာကျင်မှုတို့က တဝုန်းဝုန်းဖြင့် ရုန်းထတာလာသည်။

"နင် ငါ့ကို အားမနာပါနဲ့။ ပြောပါ . .။ မုန်းတယ်ဆိုရင်တောင်မှ နင့်နှုတ်ကထွက်လာတဲ့ မုန်းတယ်ဆိုတဲ့ စကားလေးတော့ ငါကြားပါရစေဟာ . ."

" . . . . . . . "

ကျွန်တော် မည်မျှပင် အောက်ကျို့၍ဆိုစေကာမူ သူမထံမှ ဘာစကားတစ်ခွန်းမှထွက်မလာ။ ဖုန်းတော့လည်း ချမသွား။

တမင်များနှိပ်စက်နေတာလား ပုလဲရယ်။ ကျွန်တော့်ရင်ထဲမှာ အတိုင်းအဆမဲ့ လှိုက်စားနာကျင်လို့နေသည်။

"ကျေးဇူးပါပဲဟာ . . မုန်းတယ်ဆိုတဲ့စကားလေးကိုတောင် မပြောချင်လောက်အောင် တွန့်တိုနေမှတော့ နင်ငါ့လို ဘယ်လောက်ထိ ခါးသီးနေတယ်ဆိုတာ ငါသဘောပေါက်လိုက်ပါပြီဟာ . . ဒီဖုန်းကို နားထောင်ပေးနေတာကိုပဲ ကြီးမားတဲ့နင့်ရဲ့ဆုလာဘ် တစ်ခုအနေနဲ့ ငါကျေနပ်လိုက်ပါ့မယ်။ နောက်ညတွေမှာ ငါ ဖုန်းမဆက်တော့ဘူးလို့ ကတိပေးပါတယ်ဟာ . . ဒါပဲနော် ပုလဲ . ."

"နေဦး . . ."

ဆက်ခံစားနိုင်စွမ်းမရှိတော့သည်မို့ ကျွန်တော် ဖုန်းချမည်ကြံကာမှ သူမက ရုတ်ခြည်းဆိုသလို နေဦးဟု တားသည်။ ပိုးစိုးပက်စက် တစ်ခုခုတော့ ပြောချင်ဦးမည် ထင်၏။

"ဘာလဲ . . အရမ်းမုန်းတယ်လို့ ပြောမလို့လား . ."

"အရှုး . ."

"ဘာ . . ."





ကျွန်တော် ထင်ထားသောစကားလုံးမဟုတ်သဖြင့် ကျွန်တော် ကြောင်သွားရသည်။ 'အရှုး' တဲ့။ ဘာအဓိပ္ပါယ်မှန်းမသိ။ 'ဘာ' ဟု ကျွန်တော် အံ့အားတသင့် ရေရွတ်မိသည်။

"အရှုးလို့ နင့်ကိုပြောနေတာ . ."

"ဘာ . . ဘာဖြစ်လို့လဲ . ."

"ကိုယ် Propose လုပ်ထားတဲ့ မိန်းကလေးတစ်ယောက်က ညတိုင်းဖုန်းလက်ခံ စကားပြောနေတာတောင် ဘာဆိုတာ မတွေးမိဘူးလား . ."

လှိုက်ခနဲ ကျွန်တော် မိုးပေါ်မြောက်တက်သွားသည်။

"ဘယ်လို . . ဘယ်လို . ."

"သိဘူး . ."

ဖတ်ခနဲ သူမဖုန်းချသွားသည်။ ကျွန်တော့်ရင်ထဲမှာ အပျော်မုန်တိုင်းကြီးတစ်ခု ပတ်မွှေနေသည်။ ဖုန်းအထပ်ထပ်ခေါ်သော်လည်း သူမ ဖုန်းလုံးဝမကိုင်တော့ . . .။

***

www.burmeseclassic.com

www.burmeseclassic.com



'သီဘူး' တဲ့ . . ရှက်ဝဲဝဲအသံလေး . . .

တကယ်တော့ အဲဒီ သီဘူး ဆိုတဲ့ ရှက်ဝဲဝဲအသံရဲ့နောက်မှာ 'ချစ်တယ်' ဆိုတဲ့ စကားလေးပါနေတယ်ဆိုတာ . . နှလုံးသားမှာရှိတဲ့ လူတိုင်း . . ရင်ဘတ်နဲ့ ဆတ်ဆတ်ကြီး . . ကြားလိုက်မှာပါ . . ကြားလိုက်တယ် မဟုတ်လား? ကျွန်တော့်ကောင်မလေးက ကျွန်တော့်ကို 'အရမ်းချစ်တာပဲ' တဲ့ဗျာ . . .။

***



# နှစ်လခန့်ကြာသော် . . . . . . . . . .

www.burmeseclassic.com

www.burmeseclassic.com



**တန်ဆောင်တိုင်**

မီးပုံးပျံပွဲတော်ကြီးမှာလည်း ရက်ပိုင်းမျှသာလိုတော့သည်။ ကျွန်တော်တို့၏ 'ကြယ်စီးသံ' အသင်းက ဝင်ရောက်ယှဉ်ပြိုင်မည့် 'ကြယ်စီးသံ' မီးပုံးပျံကြီးသည်လည်း ပြုလုပ်၍ ပြီးစီးသွားခဲ့ပြီဖြစ်သည်။ စက္ကူဖြင့်တိုင်းတာပြုလုပ်ထားသော မီးပုံးပျံ၏ကိုယ်ထည်မှာ 'ကြယ်စီးသံ' ဟူသော အသင်း၏ Logo အနီရောင်ဖြင့် တောက်ပရဲရင့်စွာ ခြယ်သထားသည်။

မီးပုံးပျံ၏ အောက်ဆွဲယမ်းခွေအတွက် မီးရှူးမီးပန်းမျိုးစုံတို့သည်လည်း အားလုံးအဆင့်ဆင့်စမ်းသပ်ထားပြီးဖြစ်သည်။ ယမ်းခွေအတွက် ဝါးဖရိန်ကိုလည်း ပြီးစီးသွားခဲ့ပြီဖြစ်ပြီး ဝါးခွေတွင်ကျွန်တော်တို့ ကျစေလိုသောပုံစံအတိုင်း မီးရှူးများကောင်းကင်မှဖြာကျစေရန် တွက်ချက်ကာ မနက်ဖြန်မှ မီးရှူးများကို ဝါးခွေအဆင့်ဆင့်မှာ တပ်ဆင်ကြမည်ဖြစ်သည်။

ကိုယ်လိုချင်သော ဖြာကျမှုအတိုင်း ကောင်းကင်မှ မီးရှူးမီးပန်းမျိုးစုံတို့ကို ဘယ်အချိန်မှာ ဘယ်အရောင်နှင့် ဘယ်မီးရှူးအမျိုးအစားကျအောင်၊ ဘယ်အချိန်မှာ ဘယ်ပုံးကဒ်က ဘယ်လိုဖြာ



ကျအောင် စသည်ဖြင့် တွက်ချက်ကာစနစ်တကျ တပ်ဆင်ရမည်ဖြစ်သည်။ တပ်ဆင်ရမည့် မီးရှူးမီးပန်းအရောင်စသည်တို့ကလည်း အလွန်များပြားလှသည်။

မီးပုံးပျံကိုယ်ထည်ကိုလည်း ပေါက်ပြဲမှုရှိမရှိ ရှေးဦးစွာ မှိုင်းဖြူ ဟုခေါ်သော မှိုင်းဖြင့် မီးပုံးပျံကို မှိုင်းသွင်းကြည့်ရသည်။

မှိုင်းဖြူဆိုသည်မှာ ကောက်ရိုး၊ လွှစာမှုန့် စသည်တို့မှထွက်သော မီးခိုးမှိုင်းကိုခေါ်သည်။ ၎င်းမှိုင်းဖြူဖြင့် မှိုင်းသွင်းကြည့်ရာတွင် မီးပုံးပျံမှအပေါက်အပြဲတို့ကို ရှိခဲ့ပါက ကြိုတင်သိကာ ဖာထေးနိုင်မည်ဖြစ်သည်။

မှိုင်းဖြူဖြစ်သဖြင့် အဖြူရောင်စက္ကူဖြင့် တိုင်းတာပြုလုပ်ထားသော မီးပုံးပျံကိုယ်ထည်မှာ မှိုင်းမည်းကြောင့် မည်းညစ်သွားခြင်းမရှိအသစ်အတိုင်း ဖြူစင်စွာပဲရှိနေမှာဖြစ်သည်။ မီးရှူးမီးပန်းများတိုလည်း အရောင်အလိုက်၊ အမျိုးအစားအလိုက် သပ်ရပ်စွာဖြင့် ခွဲထားပြီးသား။ အားလုံးပြီးစီးနေပြီမို့ အောက်ဆွဲဝါးခွေတွင်ကောက်တပ်လိုက်ရုံသာ။ အာကာက မည်မျှအသပ်အရပ်ကြိုက်သည်မသိ။ မီးရှူးမီးပန်းများတို ခရီးဆောင်အိတ်များဖြင့် အချို့ကို ကျပ်ဖာဖြင့် သပ်ရပ်စွာ စီစီရီရီထည့်ကာထားသည်။ အားလုံးလည်း ပြီးစီးနေပြီမို့ကျွန်တော်တို့ အဖွဲ့သားများအားလုံး ပွဲတော်ရက်ကို စောင့်စားရင်းအသင့်အနေအထားဖြင့် . . . စိတ်လက်ပေါ့ပါးကာနေသည်။

***

www.burmeseclassic.com

www.burmeseclassic.com



## တောင်ကြီး

မီးပုံးပျံပွဲတော်ကြီးသည် ကမ္ဘာကျော်ပွဲတစ်ခုဖြစ်သည့်အားလျော်စွာ တောင်ကြီးကထိန်ပွဲတော်သည်လည်း ကြုံဖူးသမျှသော သူတို့အတွက် အံ့ဩဘနန်းဖြစ်ရသော ပွဲတော်ပင်ဖြစ်သည်။

ကထိန်သင်္ကန်းများနှင့် သံဃာတော်များ၏ အသုံးအဆောင်များဖြစ်သော ထီး၊ ဖိနပ်နှင့် အခြားအိုးခွက်၊ ပန်းကန်စသော အသုံးအဆောင် လှူဖွယ်ပစ္စည်းများကို လှူဒါန်းကြရာ၌ ၎င်းပစ္စည်းများကို ပဒေသာပင်များအဖြစ် ပြုလုပ်ကာ အများပြည်သူကြည်ညိုသဒ္ဓါပွားများနိုင်ရန် မြို့တွင်းသို့ လှည့်လည်ပွဲပြုလုပ်ကြသည်။ ထိုကဲ့သို့ မြို့လုံးကျွတ် ပဒေသာပင်လှည့်ပွဲကို နှစ်စဉ်တန်ဆောင်မုန်းလ အဖိတ်နေ့တွင် ကျင်းပသည်။

ထိုလှည့်လည်ပွဲတွင် ပဒေသာပင်များမှာ ရပ်ကွက်အလိုက်၊ အချို့လည်း မိတ်ဆွေများ စုပေါင်း၍ ပြုလုပ်ထားသော ပဒေသာပင်၊ ကျောင်းများမှလည်း အတန်းအလိုက် ပဒေသာပင်များ၊ ဌာနဆိုင်ရာအလိုက် ပဒေသာပင်များ၊ စတိုးဆိုင်နှင့် လုပ်ငန်းရှင်များ ပြုလုပ်ကြသော ပဒေသာပင်များ စသည်ဖြင့် ရာပေါင်းများစွာသော ပဒေသာပင်များ ပါဝင်သည်။





ထိုတန်ဆောင်မုန်းလ အဖိတ်နေ့တွင် လှည့်လည်သော ပဒေသာပင်တန်းကြီးမှာ လွန်စွာရှည်လျားလှသည်။ ပဒေသာပင်တိုင်းမှာ ရှမ်းအိုးစည်စသော အတီးအမှုတ်များ ပါဝင်သည်။

ပဒေသာပင်များကိုလည်း ရင်သပ်ရှုမောရအောင် အဆန်းတကြယ် ပြုလုပ်ကြသည်။ တချို့က ပစ္စည်းများဖြင့်သာ ပဒေသာပင်ကို ဆင်ယင်ပြုလုပ်ကြသလို အချို့က ငွေစက္ကူတစ်မျိုးတည်းဖြင့် ပြုလုပ်ကြသည်။ ဒိုင်နိုဆော၊ ဆင်၊ ဧရာမလိပ်ပြာ၊ ရှဉ့်၊ ယုန်စသော ချစ်စရာသတ္တဝါများ၏ ပုံသဏ္ဌာန်များအရုပ်များတွင် ငွေစက္ကူများတို လှပစွာပုံဖော်ကပ်ရင်း ပြုလုပ်ထားသော ပဒေသာပင်များကို ဆိုင်ရာအလှူရှင်များက ထမ်း၍သော်လည်းကောင်း၊ အချို့က ကားဖြင့် တင်ဆောင်၍လည်းကောင်း လှည့်လည်နေကြသည်မှာ ရှုမဆုံးနိုင်အောင်ဖြစ်ရသည်။

အများပြည်သူများကလည်း မြို့လုံးကျွတ်မျှ ကြည့်ရှုအားပေးရင်း မုဒိတာကပွားကြသည်မို့ ထိုပဒေသာပင်လှည့်လည်သော အဖိတ်နေ့တွင် တောင်ကြီးမြို့ရှိ ပဒေသာပင်လှည့်လည်ရာ လမ်းသေးဝဲယာတစ်လျှောက် ပရိသတ်များဖြင့် ကြက်ပျံမကျစည်ကားလှသည်။

ကျွန်တော်တို့ရပ်ကွက်မှလည်း ပဒေသာပင် နှစ်စဉ်ပါဝင်လှူဒါန်းမြဲဖြစ်သည်မို့ရပ်ကွက်ခမ္ဘာရုံမှာ ပြုလုပ်သော ပဒေသာပင်တို ကျွန်တော်တို့သုံးယောက် ဝိုင်းကူလုပ်ပေးဖြစ်သည်။

ရပ်ကွက်ထဲမှ စေတနာရှင် အသီးသီးတို့ လှူဒါန်းထားသော လှူဖွယ်ပစ္စည်းအမျိုးမျိုးတို့ကို ပဒေသာပင်မှာ သင့်သလို ဆင်ယင်ပေးကြရသည်။ တစ်ရပ်ကွက်လုံးမှ ကျားမကြီးငယ်မရွေး လာရောက်လုပ်ကိုင်ပေးကြသည်။ များသောအားဖြင့်တော့ လူငယ်လူရွယ်တွေများသည်။

ထိုလူငယ်လူရွယ်များထဲတွင် ကျွန်တော်တို့သုံးယောက်



www.burmeseclassic.com

www.burmeseclassic.com



ပါသလို ကျွန်တော့် ပုလဲလည်းပါသည်။ ပဒေသာပင်မှာ ပစ္စည်းများ ချည်နေသော ကျွန်တော့်ကို ပုလဲက အောက်မှနေပစ္စည်းများ ကမ်းပေးသည်။ ကျွန်တော်နှင့်ပုလဲကိုကြည့်ရင်း အာကာက စပ်ဖြီးဖြီးကြီး လုပ်နေသည်။

"ဘာလဲ. . . အားကျနေတာလား . . ဖုန်းဆက်ခေါ်လိုက်လေ"

ကျွန်တော့်စကားကြောင့် အာကာက 'အောင်မာ . . အခုတော့ ကျယ်နိုင်ပြီပေါ့ . .' ဟု အောင့်သက်သက်ဖြင့်ဆိုသည်။ ပုလဲက. .

"အာကာ့ကောင်မလေးက ဘယ်သူလဲ . ."

"အဲဒါ လျှို့ဝှက်ချက် ပုလဲရေ . . ငါ့မင်္ဂလာဆောင်ကျရင်လည်း နင်သတို့သမီးအရံလုပ်ပေးဦး . . ."

အာကာက မဖြေဘဲ စကားလမ်းကြောင်းကို လွှဲသည်။

"ပုလဲကလည်းကွာ . . ငါတို့ မင်္ဂလာဆောင်က အရင်ဖြစ်နေရင်ကောလို့ မေးလိုက်ပါလား . ."

ရယ်ကြဲကြဲဖြင့်ဆိုသော ကျွန်တော့်စကားကြောင့် ပုလဲမျက်နှာကြီး နီတက်ကာသွားသည်။ ပြီး ရှက်ဝဲဝဲဖြင့် 'မေးစရာလား' ဟု မျက်စောင်းထိုးရင်းဆိုသည်။

"ဒါနဲ့ မင်းနဲ့ရည်းစားလုပဖက် . . သတိုးတစ်ကောင် မတွေ့ပါလား . . ."

မင်းမင်းက ပဒေသာပင်မှ ခေတ်ဘူးကို ချည်ရင်း ကျွန်တော့်ကိုလှမ်းမေးသည်။ 'ရည်းစားလုပဖက်' ဆိုသော စကားကြောင့် ပုလဲက မင်းမင်းကို ဘုကြည့်လှမ်းကြည့်သည်ကို မင်းမင်းက မမြင်ချင်ယောင်ဆောင်သည်။

"ရှူး . . တိုးတိုး . . ငါနဲ့ပုလဲ ချစ်သူတွေဖြစ်သွားတာ





ဒီကောင် မသိသေးဘူးကွ . . ဒီကောင် အခုထိ ပုလဲကို ကြောင်လို့ကောင်းတုန်း။ သနားပါတယ်ကွာ . ."

ပြောရင်း တဟားဟားရယ်သော ကျွန်တော့်ကို ပုလဲက မျက်စောင်းထိုးရင်း . . .

"လွန်ခဲ့တဲ့ နှစ်လလောက်တုန်းက လေသံက ဒီလေသံမျိုး မဟုတ်ပါဘူး . ."

"အဲဒီတုန်းက ဘယ်လိုလေသံမျိုးလဲ . ."

အာကာက ချွန်တွန်းဝါသနာပါသူပီပီ စကားကို ထောက်သည်။ ပုလဲက ဘာမှတော့ မပြော။ ကျွန်တော့်ကို မြတ်မြတ်နိုးနိုး လှမ်းကြည့်ရင်း ရယ်လို့သာနေသည်။

"တောင်းပန်တိုးလျှိုးတဲ့ ညောင်နာနာ အသံကြီးမဟုတ်လား။ ပုလဲ . . အဲ . . အဲ . . အဲ . . ဆိုတဲ့အသံမျိုး . . ."

မင်းမင်းက ဝင်ဆိုရင်း တဟားဟားရယ်သည်။ ကျွန်တော်က ခွေးကောင်ဟု အရယ်တစ်ဝက်ဖြင့် ဆိုဖြစ်သည်။

ပဒေသာပင်ကို အချောသတ်အားလုံး ပြင်ဆင်ပြီးသွားသော အခါ ပုလဲက သူမအိမ်ကို ဖုန်းလှမ်းဆက်ကာ လာကြိုခိုင်းသည်။

"ပုလဲ . . ငါလိုက်ပို့ပေးမယ်လေဟာ . ."

"ရပါတယ် . ."

ကျွန်တော့် ပုလဲက ဤသို့သော ပုလဲဖြစ်သည်။ 'ရည်းစားသက်တမ်း နှစ်လလောက်မှာ တစ်ခါမှ ချိန်းမတွေ့ဖူးဘူး' ဟုဆိုသော ကျွန်တော့်စကားကို 'မယုံဘူး' ဟု ဖွင့်ငြင်းခဲ့ကြသော ဆရာသမား နှစ်ကောင်က အခုမှ 'ဟုတ်လောက်တယ်ကွ' ဟူသော သဘောဖြင့် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်သည်။

ခဏကြာတော့ သူမအိမ်မှလာကြိုသော ကားပေါ် တက်ရင်း သူမ တာ့တာ လုပ်ပြသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"လမ်းလျှောက်ရင်တောင် ဆယ့်ငါးမိနစ်မလျှောက်ရတဲ့ခရီးကိုတောင် ကားလာကြိုခိုင်းတယ်တဲ့ကွာ . . ငါ့ကောင် မင်းရဲ့ပုလဲကို လမ်းဘေးဘာလေး လျှောက်ခိုင်းဦး . . မင်းနဲ့ရမှ လမ်းမလျှောက်တတ်လို့ လမ်းအလျှောက် သင်ပေးနေရဦးမယ် . ."

မင်းမင်းက အရယ်တစ်ဝက်ဖြင့် ကျွန်တော့်ကိုနောက်သည်။

"တော်ကြာ . . သူ့အိမ်က ကားလောက် မော်ဒယ်မမြင့်လို့ မင်းအိမ်ကကားကို မစီးချင်ဘူးဆို ဘယ်လိုလုပ်မလဲ . . ပြည့်ဖြိုး"

"သူ့အမေအိမ်က ကားပါ တစ်ခါတည်းယူခဲ့လို့ ခိုင်းလိုက်မှာပေါ့ . ."

အာကာက မေးသောအမေးကို ကျွန်တော့်အစား မင်းမင်းက ဝင်ဖြေသည်။ ကျွန်တော်က ရယ်ရင်းနှင့် 'အာ' ဟု ရေရွတ်ဖြစ်သည်။

"ငါ့အိမ်က ကားမှမစီးချင်ရင်လည်း သူ့ကို ဆိုက်ကားပဲစီးခိုင်းမှရမယ် . ."

ကျွန်တော့်အပြောကြောင့် သကောင့်သားနှစ်ကောင် တဟားဟားဖြင့် ရယ်သည်။ မင်းမင်းက . . . .

"မင်းကတော့ လုပ်တော့မယ် . . တောင်ကြီးမှာ ဘယ်က ဆိုက်ကားရှိလို့တုံး . . မင်းလုပ်ပုံက ဟိုစာရေးဆရာမလိုဖြစ်နေပြီ . . တောင်ကြီးမြို့အကြောင်း ဝတ္ထုထဲထည့်ရေးတဲ့ဥစ္စာကို ကြံကြံဖန်ဖန် မြင်းလှည်းဂိတ်တွေဘာတွေ ထည့်ရေးထားတယ်။ ကြည့်ရတာ မှန်းရမ်းပြီး ရေးလိုက်တယ်နဲ့တူပါတယ်။ သူ့စိတ်ထဲမှာ မြင်းလှည်းရှိတယ်လို့ ထင်နေလားမှ မသိတာ။ မင်းလည်း အခု ဆိုက်ကားတွေဘာတွေ လျှောက်ပြောနေတယ် . . မင်းတောင် ဆိုက်ကားစီးဖူးလို့လား . ."

မင်းမင်း၏ အပြောကြောင့် 'ဒါလည်း ဟုတ်တာပဲ' ဟု





ဆိုရင်း ကျွန်တော် ရယ်ဖြစ်သည်။ ဟုတ်တော့လည်း ဟုတ်သည်။ ကျွန်တော် တစ်သက် ဆိုက်ကားမစီးဖူး။ တောင်ကြီးမြို့မှာက ဆိုက်ကားမရှိ။ ရန်ကုန်ဘာညာ အလည်သွားစဉ်ကလည်း မစီးခဲ့ဖူး . .။

"အဲဒီ စာရေးဆရာမက ဘယ်သူလဲ . ."

အာကာက မင်းမင်းကို ကောက်ကာငင်ကာ ထမေးသည်။

"ငါ နာမည်မေ့နေတယ် . ."

"အေး . . . အဲဒါပဲ ကောင်းတယ် . ."

သုံးယောက်သား စကားပြောရင်းဆိုရင်း လမ်းလျှောက်ရင်းဖြင့် အာကာ့အိမ်စပ်သို့ ရောက်လာကြသည်။ သူ့အိမ်ဘက်ကိုကြည့်ရင်း အာကာတစ်ယောက် ခြေလှမ်းကို တုန့်ခနဲရပ်သည်။

အာကာကြည့်ရာဆီ ကျွန်တော်တို့ပါလိုက်ကြည့်ရင်း . . . ကျွန်တော်တို့ပါ ပါးစပ်ဟောင်းလောင်း ဖြစ်သွားရသည်။

လူတစ်ယောက်က အာကာ့အိမ်ဝင်းအပြင်ဘက်ကနေ အထုပ် တစ်ထုပ်ကို လှမ်းယူနေသည်။ တစ်ယောက်က အိမ်ဝင်းအတွင်းမှနေ နောက်အထုပ်တစ်ထုပ်ကို လှမ်းပေးသည်။ ပြီး ဝင်းအပြင်ဘက်ကို ဖျတ်ခနဲ ခုန်ချသည်။ ပြီး အထုပ်နှစ်ထုပ်ကို တစ်ယောက်တစ်ထုပ်ဆီ မ,သည်။ သေသေချာချာကြည့်လိုက်တော့ ထိုအထုပ်များက ကျွန်တော်တို့ ရက်ပေါင်းများစွာပြုလုပ်ခဲ့သော မီးရှူးမီးပန်းများ ထည့်ထားသည့် အာကာတို့ ဂိုဒေါင်ထဲမှ လက်ဆွဲအိတ်တွေဖြစ်နေသည်။

သုံးယောက်သား ကြောင်ကြည့်နေရာမှ အရင်ဆုံးသတိဝင်လာသူက 'အာကာ'။ အာကာက ရုတ်တရက် အသံကျယ်ကြီးဖြင့် လှမ်းအော်သည်။

"ရပ်စမ်း . . သူခိုးတွေ . ."



www.burmeseclassic.com

www.burmeseclassic.com



'ရုပ်စမ်း . . ' ဟု အော်လိုက်ကာမှ တော်တော်အမိန့်နာခံတတ်ဟန်တူသော သူခိုးနှစ်ကောင်က နောက်ကိုပင်လှည့်မကြည့်တော့ဘဲ လုံးနေအောင်ကို ပြေးသည်။

"သူခိုးဗျို့ . . သူခိုး . . "

ထိုအခါမှ သတိဝင်လာပြီး သုံးယောက်သား အသံကုန်ဟစ်ကာ သူခိုးများနောက်ကို အပြေးလိုက်ဖြစ်သည်။ အခြေအနေမဟန်မှန်း သိသည်မို့ သူခိုးနှစ်ကောင်ကလည်း နှစ်ယောက်သား အထုပ်ကိုယ်စီကိုထမ်းရင်း တစ်ယောက်တစ်လမ်းစီ ခွဲပြေးသည်။ အတော်လှမ်းနေသော်လည်း ကျွန်တော်တို့အမြန်လိုက်ခဲ့ဖြစ်သည်။ ရက်ပိုင်းမျှသာ လိုတော့သော ပွဲတော်ကြီးအမီကို ထိုမီးရှူးမီးပန်းတို့ ပြန်လုပ်ရန်မှာ ဘယ်လိုမှ မမီနိုင်တော့။ ကြည့်ရသည်မှာ ခရီးဆောင်အိတ်ဖြင့် သေချာစွာထည့်ထားသည်မို့ အဖိုးတန်ပစ္စည်းဟုထင်ပြီး မှောင်နှင့်မည်းမည်းမှာ စမ်းရမ်းပြီး ဆွဲလာဟန်တူသည်။

သူခိုးတစ်ယောက်နောက်ကို အာကာက အပြေးလိုက်သွားပြီး ကျန်သူခိုးတစ်ယောက်နောက်ကို ကျွန်တော်ခွဲလိုက်ခဲ့သည်။ နောက် လှည့်ကြည့်လိုက်တော့ မင်းမင်းက ကျွန်တော့်နောက်မှာ ကပ်ပါလာသည်။

"သူခိုးဗျို့ . . သူခိုး . . "

အော်ရင်းလိုက်ရင်းဖြင့် သူခိုးကို ကျွန်တော်တို့ မီလုမီခင်မှာ ရှေ့လမ်းချိုးမှ ပတ္တာရောင်လှည့်သော ရဲကင်းကားကြီးပေါ်လာသည်။ သူခိုး ရုတ်တရက်ကြောင်သွားသည်။

အခြေအနေကို သဘောပေါက်သော ရဲကင်းက ပြေးလာသော သူခိုးကို ဖမ်းထားလိုက်သည်။ ထို့နောက် ယောဟဲဆိုက်ကာပါလာသော ကျွန်တော်တို့ကို အကျိုးအကြောင်းမေးသည်မို့ ခပ်တိုတိုဖြင့် အကျဉ်းချုံးပြီး ရှင်းပြရသည်။ ပြီး . . .





"ဟိုဘက်ကို တစ်ယောက်ပြေးဝင်သွားတယ်။ ကျွန်တော်တို့သူငယ်ချင်းတစ်ယောက် လိုက်သွားတယ် . . "

"မြန်မြန်လိုက် . . အဲဒီကောင်မှာ ဓားပါတယ် . . ဒီကောင်သွေးဆိုးတယ် . . "

ဘာစိတ်ကူးပေါက်သည်မသိ ပက်ခနဲ ထပြောသော ရဲကင်းလက်ထဲမှ သူခိုး၏စကားကြောင့် ကျွန်တော်တို့ အားလုံး ဟာယာခတ်သွားရ သည်။

"တက် . . တက် . . ကားပေါ် အမြန်တက် . . "

ကားပေါ် အားလုံးတက်ကြရင်း အာကာပြေးသွားသည့်ဘက်ကို လိုက်ကြသည်။ ကျွန်တော်ရော၊ မင်းမင်းပါ အာကာ့အတွက် စိတ်ပူပြီး နှစ်ယောက်သား အလိုလိုမောဟိုက်နေကြသည်။

ကား . . 'ကျွီ' ခနဲ ရပ်လိုက်သည်နှင့် ကျွန်တော်တို့အားလုံး ကားပေါ်မှ ခုန်ဆင်းဖြစ်ကြသည်။

လမ်းပေါ်မှာ သူခိုးနှင့် အာကာက လုံးရင်းထွေးရင်း အိတ်တိုလုနေကြသည်။

"ဟေ့ . . ရပ်လိုက်စမ်း . . "

ရဲအရာရှိတစ်ယောက်က လှမ်းအော်လိုက်သည်။ ကားမီးထိုး ထားသော ရှေ့မှာ သူတို့နှစ်ယောက်၏ တိုက်ခိုက်မှုကို မြင်နေရသည်။ အားလုံးပြေးသွားချိန်မှာ အာကာက ကျွန်တော်တို့အုပ်စုကို ကြည့်ရင်း တစ်ချက်ကြောင်သွားသည်။ ထိုအခိုက်မှာပင် သူခိုးလက်ထဲမှ ဓားက လက်ခနဲ အာကာ့ရင်အုံထဲသို့ . . .

"အာကာ . . . "

အော်ရင်း ကျွန်တော်နှင့် မင်းမင်း အာကာ့ဆီပြေးသွားကြရန်သည်။ ဓားနှင့် သူခိုးကို လှည့်ကင်းရဲက ဖမ်းလိုက်သည်။ ပြီး . . . လူနာတင်ယာဉ်ကို ရဲအရာရှိတစ်ယောက်က လှမ်းခေါ်နေသည်။



www.burmeseclassic.com

"အာကာ . . . ."

အာကာက လက်တစ်ဖက်က သွေးထွက်နေသော ရင်အုံကို နှိပ်ထားရင်း ကျန်လက်တစ်ဖက်ကမူ မီးရှူးများပါသော ခရီးဆောင်အိတ်ကို ကျစ်နေအောင် ဆုပ်ကာထားသည်။ ဤမြင်ကွင်းကို ကြည့်ရင်း ရင်မှာ နင့်ခနဲခံစားလိုက်ရသည်။

"မင်း သက်သာရဲ့လား သူငယ်ချင်း . ."

"ငါ . . မျက်စိတွေ ပြာလာသလိုလိုပဲ . . အ . . အား . ."

"ကားခေါ်ထားပြီ သူငယ်ချင်း မင်း ဘာမှမဖြစ်ဘူး . . ရှ . . ရှပ်ထိ . . ရှပ်ထိတာ . ."

ကျွန်တော့်နှုတ်မှ စကားတို့က ထစ်ငေါ့စွာထွက်လာသည်။ ကျွန်တော် မျက်လုံးများထဲမှ မျက်ရည်တို့က တားဆီးမရအောင်ပင် တပေါက်ပေါက်ကျလာသည်။ ဓားရှပ်ထိရုံထိသော လူတစ်ယောက်က ဤမျှဝေဒနာမခံစားရဆိုတာ ကျွန်တော်တို့ အားလုံးသိနေကြသည်။

အာကာက ပြုံးရင်း ခေါင်းကိုခါသည်။ မင်းမင်းက အံကြိတ်ကာ မျက်ရည်တွေ တပေါက်ပေါက်ကျနေသည်။ ရှိုက်သံကို အာကာကြားသွားမည်စိုး၍ နှစ်ယောက်သား အသံကို ရင်နင့်စွာပင် ထိန်းကြရသည်။

"သူ . . သူငယ်ချင်းတို့ . . ဒီမီးပန်းတွေနဲ့ . . အ . . အဖိတ်နေ့ညမှာ . . ဘုရားကို ပူဇော်ဖို့ . . မီးပုံးပျံလွှတ်တင်တဲ့ . . အ . . အချိန်ကျရင် တော်တော်လှမှာပဲ . . နော် . . ငါ . . ငါ . . မ . . မသူကို . . အတူတူပူဇော်ရအောင်လို့ . . က . . ကတိ . . ပေး . . ပေးထားတယ် . ."

"အေးပါကွာ . . အခုလည်း မင်းဘာမှဖြစ်တာမှ မဟုတ်တာ"





ငိုသံပါကြီးနှင့် အားပေးစကားပြောသော မင်းမင်း၏ စကားကို အာကာက ခေါင်းခါပြသည်။

"ငါ့ . . မျက်လုံး . . တွေ . . ပြ . . ပြာလာပြီ . . သ . . သူငယ်ချင်း . . ချင်းတို့ . . ငါတို့ မီးရှူးမီးပန်းတွေ ဘယ်လောက် . . လှ . . လှတယ် . . ဆို . . တာ . . မ . . မသူ . . ကို . . ပြ . . ပြလိုက်စမ်း . . ပါ . . ကွာ . ."

ပြောနေရင်းက ဆတ်ခနဲ လည်ကာကျသွားသော အာကာ့ကို ကြည့်ရင်း ကျွန်တော် အသံနစ်ဝင်သွားသည်အထိ အော်ဖြစ်သည်။

"အာကာ . . ."

ဥဩဆွဲသံဖြင့် ရောက်လာသော လူနာတင်ယာဉ်ကို မြင်သောအခါ ကျွန်တော်ဒေါသတို့က ဓားကိုင်သူခိုးပေါ်ကို ကျရောက်သွားသည်။

လက်ထိပ်ခတ်ခံထားရသော ဋ္ဌင်းသူခိုးက ရဲနှစ်ယောက် ချုပ်ထားသည့်ကြားက သွေးရူးသွေးတန်းဖြင့် ရုန်းကာနေသည်။ ကြည့်နေရင်းက ကျွန်တော့်မုန်းတီးစိတ်တို့ ချုပ်ထိန်း၍မရတော့၊ ဆတ်ခနဲ ပြေးသွားရင်း သကောင့်သား၏ မျက်နှာဆီ လက်သီးနှစ်လုံး ဆင့်ကာကျွေးဖြစ်သည်။

"ခွပ် . ."

"ခွပ် . ."

ရုတ်တရက်မို့ အားလုံးကြောင်သွားကြသည်။ သူခိုး၏ နှာခေါင်းနှင့် နှုတ်ခမ်းမှ သွေးတို့ စီးကျလာသည်။

"မလုပ်နဲ့ ညီလေး . . ."

ရဲအရာရှိတစ်ယောက်က ကျွန်တော့်ကို လှမ်းအော်သည်။ မင်းမင်းက ကျွန်တော့်ကို နောက်မှသိုင်းဖက်ကာ ချုပ်ထားသည်။

"ပြည့်ဖြိုး . . စိတ်ထိန်းစမ်း . . ."

www.burmeseclassic.com



မင်းမင်း၏ အသံကို ကျွန်တော်မကြား။ ကျွန်တော့်မျက်လုံးထဲမှာ မီးရှူးတွေ ထည့်ထားသော ခရီးဆောင်အိတ်ကို ကျစ်နေအောင် ဆုပ်ရင်း အသက်ငင်နေသော အာကာ့ကိုသာ မြင်နေသည်။

"ဘာဖြစ်လို့ အာကာ့ကိုမှ သတ်ရတာလဲကွာ . . ငါ့သူငယ်ချင်းမှာ ဘာအပြစ်ရှိလို့လဲ . . အာကာရာ . ."

ပြောရင်း နစ်ဝင်သွားသော ကျွန်တော့်အသံအဆုံးမှာ . . . မင်းမင်း၏ 'ပြည့်ဖြိုး စိတ်ထိန်းပါကွာ' ဟူသော အသံက ပေါ်လာသည်။

ကျွန်တော် အံကိုကြိတ်ရင်း ရင်ထဲမှနေ ဆို့နင့်စွာ ဟစ်အော်ဖြစ်သည်။

"အာကာရေ . . ."

***



"သူငယ်ချင်း တစ်ယောက်လုံး အဆုံးရှုံးခဲ့လိုက်ရတဲ့ မီးပုံးပျံကို ကျွန်တော် လွှတ်တောင်မလွှတ်ချင်တော့ဘူး မသူ . .။ ဒါပေမယ့် သူကိုယ်တိုင် လက်နဲ့လုပ်ခဲ့တဲ့ မီးပုံးပျံရယ်၊ သူကိုယ်တိုင် အသက်နဲ့လဲခဲ့ရတဲ့ မီးရှူးမီးပန်းတွေနဲ့ ဘုရားကိုပူဇော်ပြီး ရောက်တဲ့ဘဝကနေ သူ့ကို ကုသိုလ်တွေရစေချင်တယ်။ နောက်ပြီး သူချစ်တဲ့ မသူကို သူလုပ်ခဲ့တဲ့ မီးပုံးပျံရဲ့အလှအပတွေ မြင်အောင်ပြလိုက်စမ်းပါဆိုတဲ့ သေခါနီးဆဲဆဲမှာ မှာသွားတဲ့ သူ့စကားတွေ သူ့ဆန္ဒတွေကိုဖြည့်ဆည်းပေးချင်တာတွေကြောင့် ကျွန်တော်ဒီမီးပုံးပျံကို လွှတ်မှာပါ . ."

ကျွန်တော့်စကားကြောင့်နားထောင်ရင်း မသူ ရှိုက်ကာ ရှိုက်ကာ ငိုသည်။

"ကျွန်တော်ခံစားရတာက သူ့ကို ကားပေါ်တင်တဲ့အထိ သူ့လက်ထဲမှာ ခရီးဆောင်အိတ်ကြီးကို မလွှတ်ခဲ့ဘူး။ အခု အဲဒီမီးရှူးမီးပန်းတွေကို ယမ်းခွေမှာ စနစ်တကျဆင်ပြီးသွားပြီ မသူ လိုက်ကြည့်ဦးမလား . ."

ကျွန်တော့်အမေးကို မသူခေါင်းခါသည်။ ပြီး ရှိုက်ရင်းငို . .



www.burmeseclassic.com

www.burmeseclassic.com



"လွှတ်တဲ့နေ့မှာပဲ မသူကြည့်တော့မယ်။ အခုချိန်မှာ မသူ အဲဒါတွေအားလုံးမကြည့်ရက်ဘူး။ အခုထိလည်း သူဆုံးသွားတယ်ဆိုတာကို မသူ လက်မခံနိုင်သေးဘူး . . "

ပြောရင်း မသူငိုသည်။ ဧည့်သည်များကိုစွက် အရင်ဖြတ်နေရသဖြင့် မသူ အခုမှပဲရောက်လာခဲ့သည်။

"ပြီးတော့ သူပြောသွားသေးတယ် . . ဒီမီးနဲ့ပူဖော်တဲ့အချိန်မှာ . . မသူနဲ့ နှစ်ယောက်အတူတူပူဖော်ရအောင်လို့ ကတိပေးထားတာ . . တဲ့ . . ။ သူ . . 'မသူ' ကို ဘယ်လောက်ထိချစ်လဲဆိုရင် ထွက်သက်ငင်နေတာတောင် မသူကိုပေးထားတဲ့ ကတိကိုသတိရနေတုန်း . . . "

"တော်ပါတော့ ပြည့်ဖြိုးရယ် . . မသူ မကြားရက်တော့ဘူး"

ပြောရင်း မသူက ခုံပေါ်မှောက်ကာငိုသည်။ အအေးဆိုင်အတွင်းမှာ လူရှင်းသည်ဆိုသော်လည်း ရှိနေသော လူအနည်းစုက ကျွန်တော်နှင့်မသူကို သို့လောသို့လောကြည့်နေကြသည်။ မသူက ငိုရှိုက်ရင်းက မော့လာပြီး . . .

"အခု . . . မသူ ဘယ်လိုလုပ်ရမလဲ . . မုဆိုးမဘဝနဲ့ဘယ်လို . . . "

ပြောရင်း မသူ အသံက ငိုသံကြားမှာ တိမ်ဝင်ကာသွားသည်။ ကျွန်တော် မေ့နေခဲ့သော ကိစ္စတစ်ခုကို မသူက ဆွဲထုတ်လာသည်။

"ဒါပေမယ့် မသူကလည်း ဒီလက်မှတ်ထိုးထားတဲ့ကိစ္စကို ဘယ်သူမှ မသိတာ . . အဲဒီကိစ္စကို ကျွန်တော်တို့အားလုံး မေ့လိုက်ရအောင်"

"ဘာ . . မေ့လိုက်ရအောင် . . . "

ကျွန်တော် အားပေးသောစကားက မသူအတွက်တော့ ရင်နင့်စေသော စကားများဖြစ်သွားသလားမသိ။ "ဘာ" ဟု ကြေကွဲသံကြီးနှင့်ဆိုသည်။ ကျွန်တော်၏ စေတနာက စေတနာအမှားဖြစ်သွားသည်လားမသိ။ ကျွန်တော် တောင်းပန်ရန်ပြင်တုန်း မသူက . .

"လက်မှတ်ထိုးထားတဲ့ကိစ္စကိုမေ့လို့ဖျောက်ပစ်လို့ ရချင်ရမယ် ပြည့်ဖြိုး . . မသူရဲ့ ရင်သွေးကိုတော့ ဘယ်လိုစိတ်ဓာတ်နဲ့ မသူ ဖျောက်ဖျက်နိုင်မှာလဲ"

"ဗျာ . . . "

မသူ၏ စကားက ကျွန်တော့်နားထဲ မိုးကြိုးသံကပ်ကြားလိုက်ရသလို။ ကမ္ဘာကြီးတောင် ချာချာလည်သွားသလားဟု ထင်လိုက်ရသည်။ ဘာတွေဖြစ်ကုန်ပြီလဲ . . ကျွန်တော့်ရှေ့တည့်တည့်မှ ရှိုက်နေနေသည်ကိုမြင်နေရသော မသူနှင့် သူမ၏ရှိုက်သံကို ကြားနေရသဖြင့်ဒါ . . အိပ်မက်မဟုတ်ဟု ကျွန်တော်သိလိုက်ရသည်။

"မသူ အရေးကြီးတဲ့ဧည့်သည်တွေကို မီးပုံးပျံပွဲအကြောင်း ဘယ်နေ့မှာ စရှင်းပြရမလဲ သိလား . . "

မသူ၏ အမေးကို ကျွန်တော် ဘာမှမတုံ့ပြန်မိ။

"ရင်နာစရာကောင်းလိုက်တာ ပြည့်ဖြိုးရယ် . . မသူ အစိတ်နေ့မှာ မင်းတို့လွှတ်တဲ့မီးပုံးပျံကို တာဝန်တစ်ဖက်နဲ့ ကြည့်ရမှာ . . "

မသူ စကားက ရင်မှာနင့်ခနဲ။ တာဝန်သိတတ်သူ တစ်ယောက်အဖို့ တာဝန်ရှိသည်ဆိုသော စကားအတိုင်း အလုပ်နှင့်ကိုယ်ပိုင်ခံစားမှု၊ ကိုယ်ရေးကိုယ်တာတို့ မရောထွေးအောင် ထားတန်နေရသော နုနယ်သေးသည့် မိန်းမသားတစ်ဦး၏ သတ္တိကို ကျွန်တော်လေးစားသွားရသည်။

"မသူ သူ့ရဲ့သတင်းကို ကြားကြားပြီးချင်း အတော်လေး ထုန်လုပ်သွားတယ်။ မသူ ချက်ချင်းလာချင်ပါတယ်။ ဒါပေမယ့် အခုမှာ ဧည့်သည်တွေရဲ့တာဝန်ကို ကျေပွန်ရမယ့် ဂိုက်တစ်ယောက်ရဲ့





တော်ဝင်မြို့မှ စာအုပ်တိုက်

www.burmeseclassic.com



ဝတ္တရားတာ ရှိသေးတယ်။ အခြားဂိုက်တစ်ယောက်ကို မသူလွှဲမယ်ဆိုရင်လည်းဖြစ်ပါတယ်။ ဒါပေမယ့် By Name နဲ့လာတဲ့မသူနဲ့ပဲ သွားချင်တယ်ဆိုပြီး အီတလီကနေ E mail နဲ့လှမ်းပြီး Request လုပ်ထားလို့ မသူက လက်ခံထားတဲ့ဧည့်သည်အယောက် သုံးဆယ်ကျော်ကို မသူ အားနာတယ်။ မသူ လက်ခံထားလို့ပဲ သူတို့က အီတလီကနေ မြန်မာနိုင်ငံကို ရောက် လာပြီ။ သူတို့ရောက်လာတော့မှ မသူ ဘက်က Cancel လုပ်လို့ ကောင်းပါ့မလား။ မသူ ရင်တွေဆတ်ဆတ်ခါအောင် အနာခံပြီးမှ မသူလာခဲ့တာပါ . . ."

"ကျွန်တော် နားလည်ပါတယ် မသူ . ."

တကယ့်တကယ်ပင် ကျွန်တော် စာနာနားလည်စွာ ရင်ထဲမှ လာသည့်အတိုင်း ဆိုဖြစ်သည်။ အလုပ်နှင့်ကိုယ်ရေးကိုယ်တာကို ခွဲစဉ်က မသူ ခံစားနေရမည့် ဒုက္ခ၏ အတိုင်းအတာကိုပါ ကျွန်တော် မှန်းဆမိနေသည်။

"အဲဒီလို စိတ်ထောင်းကိုယ်ကြေဖြစ်နေတဲ့အချိန်မှာ မသူ ကိုယ့်ကိုယ်ကိုယ် သက်ာမကင်းဖြစ်လို့ ဆီးစစ်ကြည့်တဲ့အခါကျတော့ ရလာတဲ့ Result က မသူကိုယ် မသူတောင် မယုံနိုင်ဘူး။ ဒီလိုမှန်းသိရင်လည်း လက်မှတ်ထိုးပြီးတဲ့နေ့က မသူ သူနဲ့လိုက်သွားမိမှာ မဟုတ်ဘူး . ."

မသူက စိမ်းညို့သောတောင်တန်းဆီ ခံစားချက်မဲ့စွာ လှမ်းကြည့်ရင်း ဆိုသည်။

"တစ်ဘဝလုံးမှာ တစ်ခါပဲ မှားဖူးပေမယ့် အဲဒီအမှားရဲ့ ရလဒ်က တစ်သက်စာပါပဲ။ ဒါပေမယ့် မသူ ကိုယ့်အမှားကြောင့် လူ့ဘဝထဲရောက်လာမယ့်ဒီကလေးကို မသူ . . မစွန့်ပစ် . . ရက်ဘူး"

ပြောရင်း မသူ ရှိုက်သည်။ အာကာ့မျက်နှာကို ကျွန်တော့် မျက်ဝန်းမှာ ပြန်၍မြင်ယောင်သည်။





"ဒါပေမယ့် အဖေမရှိဘဲ ကြီးပြင်းလာရမယ့် သူ့ဘဝလေးကို တွေးမိပြန်တော့လည်း သူကိုမွေးဖို့ မသူမှာ ခွန်အားမရှိပြန်ဘူး။ မသူတို့ လက်ထပ်ခဲ့တဲ့ လက်မှတ်ထိုးတဲ့ကိစ္စကို သိတဲ့လူကလည်း လက်တစ်ဆုပ်စာမှ မရှိတာ . ."

ဟုတ်တော့လည်း ဟုတ်သည်။ ဘာပဲပြောပြော . . ဒီကလေးလေးမွေးလာသည်နှင့် ကလေးသည် ဖအေမပေါ်သော ကလေးဟုသာ ပတ်ဝန်းကျင်က ဆိုကြလိမ့်မည်။ ပြီး . . မသူသည်လည်း ဘဝတစ်လျှောက်လုံး လူအထင်သေးခံရတော့မည်။

ဒီအတိုင်းတိုင်းဆိုလျှင် ကျွန်တော်အချစ်ဆုံးသူငယ်ချင်း၏ ရှား ရှားပါးပါး ရင်သွေးသည် လူ့ဘဝကို ဝင်ခွင့်မရှိတော့ပြီလား။ 'ဘာကို ဘယ်လိုဆုံးဖြတ်ရမှန်းတောင် မသူ မသိတော့ဘူး . .' ဟုဆိုရင်း မသူ သူမ၏နှုတ်ခမ်းကို အုပ်ကာငိုသည်။

ကျွန်တော် တွေးနေမြင်နေမိသည်က အပြစ်မဲ့သော သန္ဓေသား၏အသက် . . နောက် . . တမလွန်ဘဝမှအချစ်ဆုံးသူငယ်ချင်း။

"ဒီကလေးကိုလည်း မဖျက်ချရက်ဘူး။ မွေးပြန်ရင်လည်း မသူ တော့ တစ်ဘဝလုံး ခေါင်းဖော်နိုင်တော့မယ် မထင်ဘူး . ."

မသူ၏ ငိုသံတို့ကား ကျွန်တော့်နားဝယ် . . ကြားတစ်ချက် မကြားတစ်ချက်။

"မသူ အခုထိ အာကာ့ရင်သွေးကို လွယ်ထားတယ်ပေါ့"

ကျွန်တော့်အမေးကို မသူက ရှိုက်ရင်းခေါင်းညိတ်သည်။ ကျွန်တော် ရင်နာစွာပင် ဆုံးဖြတ်ချက်တစ်ခုကို မျက်လုံးအစုံမှိတ်ကာ ချပစ်လိုက်သည်။ တမလွန်က သူငယ်ချင်းအတွက် . . နောက် သူငယ်ချင်း၏အချစ်ဆုံးနှင့်သူငယ်ချင်း၏ ရင်သွေးလေးအတွက် ဖျတ်ခနဲ ကျွန်တော့်အတွေးမှာ ရင်နင့်အောင်ချစ်ရပါသော ဝှထဲ၏ ပုံရိပ်က ပေါ်လာသည်။ ကျွန်တော် ခေါင်းကိုခါရင်း မျက်စိကို မှိတ်



www.burmeseclassic.com

ထားဖြစ်သည်။ ပြီး . . ချထားသော ဆုံးဖြတ်ချက်ကို ရင်နင့်စွာပင် ဖွင့်ချဖြစ်သည်။

"မသူ . . . "

ကျွန်တော့်ကို မသူက မော့ကြည့်သည်။

"မသူကို ကျွန်တော် လက်ထပ်မယ် . . "

"ဘာ . . . "

အံ့ဩသော၊ ဝမ်းနည်းသော၊ အားနာသော ခံစားချက်မျိုးစုံ ပြွန်းတီးနေသည့်မျက်နှာဖြင့် မသူ ကျွန်တော့်ကိုကြည့်သည်။ ပြီး . . အိခနဲ ရှိုက်ချပြန်သည်။

"ရပါတယ် မောင်လေးရယ် . . မသူ ဘဝနဲ့မသူရှိပါစေတော့"

မသူ၏ စကားက ကျွန်တော့်ရင်ကို နာကျင်စေသည်။ ပုလဲနှင့်ကိစ္စကို နောက်မှကြည့်ရှင်းမည်။ ဘာပြောပြော ကျွန်တော့် အသိုင်း အဝိုင်းကြားမှာလည်း လောလောဆယ်ပြဿနာ တက်စရာ အကြောင်းမရှိ။ အားလုံးသိထားသော မသူသည် ထက်မြက်သော မိန်းမပျိုတစ်ယောက်။

"မသူ အဲဒီကလေးကို မီးဖွားပြီးသည်အထိ ကျွန်တော် မသူကို စောင့်ရှောက်ပေးပါမယ် မသူ။ ကျွန်တော့် သူငယ်ချင်းရဲ့ ရင်သွေးကို မသူ မွေးပေးပါ။ အဲဒီကလေးကို မွေးပြီးရင် မသူ ဘဝတစ်ခုကို လွတ်လွတ်လပ်လပ် ထူထောင်ပါ။ အဲဒီကလေးကို ကျွန်တော် ဆက်မွေးမယ် . . . "

ကျွန်တော့် စကားအဆုံးမှာ မသူက အကျယ်ကြီးရှိုက်မိမည်စိုး၍ထင့်။ သူမ၏ နှုတ်ခမ်းတို့ကို ကိုက်ကာထားသည်။ ပြီး . . ခေါင်းကို ဖြည်းညင်းစွာခါသည်။ အားနာနေသော အမူအရာများကို မသူ မျက်နှာပေါ်မှာ မြင်နေရသည်။





"ရပါတယ် . . ပြည့်ဖြိုးရယ် . . မသူ စဉ်းစားပါဦးမယ်"

"စဉ်းစားဦးမယ်ဆိုတာက ဘာလဲ မသူ။ ကျွန်တော့် သူငယ်ချင်းရဲ့ ရင်သွေးကိုယူဖို့၊ မယူဖို့လား . . "

ကျွန်တော့်အမေးကို မသူ ချက်ချင်းပြန်မဖြေ။ အတန်ကြာမှ

"မသူ . . ဒီရင်သွေးကို မွေးဖြစ်အောင်မွေးမယ် . . ပြည့်ဖြိုး . . ဒါပေမယ့် ဒီကိုယ်ဝန်ပေါ်မှာ တာဝန်မရှိတဲ့ ပြည့်ဖြိုးကို ဒုက္ခမပေးချင်ဘူး . . . . "

'အားနာနေတာကိုး' ဟုတွေးရင်း ကျွန်တော် ရင်နင့်သွားရသည်။ တာဝန်မရှိဘဲ ဘယ်နေပါ့မည်တဲ့လဲ။ တမလွန်က အချစ်ဆုံး သူငယ်ချင်းရဲ့ တာဝန်သည် ကျွန်တော်၏ တာဝန်ပဲဖြစ်သည်။

"အာ . . . အဲဒီလိုပဲ ဘယ်ဟုတ်မလဲ . . မသူရာ။ မသူရဲ့ ကိုယ်ဝန်အတွက် ကျွန်တော် လုံးဝ တာဝန်ယူတယ် . . "

မသူက ခေါင်းခါရင်း 'နေပါစေ' ဟုဆိုပြန်တယ်။ ပြီး အာကာ့ ကို သတိရသွားသည်လား မသိ။

"မသူ . . သေသေချာချာ စဉ်းစားပါဗျာ . . တကယ်တော့ ဒီကိုယ်ဝန်ကိစ္စကို ကျွန်တော်ပဲ တာဝန်ယူမှုဖြစ်မှာပါ။ ကျွန်တော့် အပြစ်တွေမှ မကင်းတာ မသူရယ် . . "

စားပွဲပေါ်မှာ တင်ထားသော တဆတ်ဆတ်တုန်ရင်နေသည့် မသူ၏ လက်ချောင်းတို့ကို အားပေးဆုပ်ကိုင်ရင်း ကျွန်တော် လေးလေးနက်နက်ဆိုနေစဉ်မှာပင် ဖျတ်ခနဲ ဘေးမှအရိပ်တစ်ခုပေါ်လာသည်။ ကြည့်လိုက်တော့ ၎င်းအရိပ်က ပုလဲ ဖြစ်နေသည်။

"ပုလဲ . . "

"ပုလဲရာ ကျွန်တော့်ကိုတစ်လှည့်၊ ငိုနေသော မသူတို့ တစ်လှည့်ကြည့်ရင်း အံ့အားသင့်နေသော မျက်နှာဖြင့် ကျွန်တော် ဆုပ်ကိုင်ထားမိသော မသူ၏ လက်တို့ကို ကြည့်သည်။



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



ပြီး . . ရွှံ့ရှာနေသည့်မျက်လုံးတို့ဖြင့် ကြည့်နေသော ပုလဲကို ကြည့်ရင်း မသူ၏လက်ကို အမှတ်တမဲ့လွှတ်ကာ . . . 'ပုလဲ' ဟု ကျွန်တော်အလန့်တကြားခေါ်ဖြစ်သည်။

"မခေါ်နဲ့ . ."

ပုလဲ၏အသံက လိုတာထက်ပိုကျယ်သည်။ သွားပြီ . . ပုလဲ ကျွန်တော့်ကို လုံးဝ အထင်လွဲသွားပြီဖြစ်သည်။ မသူက ကျွန်တော် တို့ကိုကြောင်ပြီး ကြည့်နေသည်။

"ရှင်ပြောနေတာတွေ ကျွန်မ နားနဲ့ဆတ်ဆတ်ကြားပြီးပြီ . . ဘာတဲ့ . . ဒီကိုယ်ဝန်ကိစ္စကို ကျွန်တော် တာဝန်ယူမှုဖြစ်မှာပါ။ ကျွန်တော့်အပြစ်တွေမှ မကင်းတာ ဟုတ်လား။ တကယ်တော့ ကျွန်မ က နှုတ်ဆက်မလို့ လာတာပါ။ ဒီလို အတွင်းရေးတွေ တိုင်ပင်နေမှန်း သိရင် ခြေဦးတောင် လှည့်ဖြစ်မှာမဟုတ်ဘူး . ."

"မဟုတ်ဘူး . ."

မသူက မျက်ရည်များနှင့် မျက်နှာကို လက်ဝါးနှစ်ဖက်ဖြင့် အုပ်ရင်း ခေါင်းကိုခါလျက် . . . မဟုတ်ဘူး ဟုငြင်းသည်။ နောက် လည်း ကြုံရတော့မည့် ဘေးတစ်ခုကို ကျွန်တော်ပြေးတွေ့ပစ်လိုက် သည်။

"ဟုတ်တယ် . . မင်းကြားတာအမှန်ပဲ ပုလဲ . . မသူရဲ့ ကိုယ်ဝန်ကိစ္စ ငါ့မှာ တာဝန်ရှိတယ်။ အဲဒါကြောင့် မသူကို ငါ . . ငါလက်ထပ်မယ် . ."

မျက်စိကိုစုံမှိတ်ကာ အားတင်းရင်း ရင်ခွင်တစ်ခုလုံးတဆတ် ဆတ်ခါကာ နာကျင်နေသည့်ကြားက ၎င်းစကားကို ဆုံးအောင် ပြောဖြစ်သည်။ မျက်လုံးကို ပြန်ဖွင့်ကြည့်လိုက်တော့ မျက်ရည်စများ ဝေသီနေသော မျက်ဝန်းတစ်စုံကို တွေ့ရသည်။ ထိုမျက်ဝန်းမှာ ယူကျုံးမရသော နားမလည်သော အမိပ္ပါယ်တို့ ပျော်ဝင်နေသည်။





"ဒါဆို . . နင်က ငါးရှုံ့နှစ်ကောင် ဖမ်းခဲ့တာပေါ့ . ."

ယူကျုံးမရသံကြီးနှင့်မေးသော ရှိုက်သံတစ်ဝက်နှင့်အမေးတို့ ကျွန်တော် နာကျင်စွာ ခေါင်းညိတ်ဖြစ်သည်။ 'ငါဖမ်းခဲ့တဲ့ငါးနှစ် ကောင်က သနားစရာကောင်းတဲ့ ငါးသားအမိပါ။ ပြန်လွှတ်ဖို့ဖမ်းခဲ့ တာပါဟာ' ဟု စိတ်ထဲမှ ဆိုဖြစ်သည်။

"ဟုတ်တယ် . . ငါ . . ငါးရှုံ့နှစ်ကောင် ဖမ်းခဲ့တယ် . ."

"ဖမ်းချင်ဦး . . ."

ဆတ်ခနဲ မြောက်တက်လာသော လက်ဝါးဖြူဖြူလေး၊ ဖြန်းခနဲ အသံနှင့်ပူသွားသော ကျွန်တော့်ပါးပြင်။ ကမ္ဘာကြီးပေါ်မှာ ရှိရှိသမျှ ရုတ်ခြည်းတိတ်ဆိတ်ကာသွားသည်။

ဒီအချိန်မှာ ပါးပြင်ထက်ပိုနာသွားသော ရင်ထဲကဒဏ်ရာ အကြောင်းကို သူမတစ်ယောက် သိတော့မည်မဟုတ်။ ကမ္ဘာကြီးက လည်း ကြောက်စရာကောင်းလောက်အောင် တိတ်ဆိတ်ဆဲ။ ပါးပြင် မှာလည်း ပူနွေးနွေးပင် နာကျင်နေဆဲ။

အသိစိတ်နှင့်ကိုယ် ကပ်မိသည့်အချိန်မှာ ပုလဲ ကျွန်တော့် ရှေ့မှာ မရှိတော့။ ကျွန်တော့်နားမှာ မသူ၏ ရှိုက်သံမှတစ်ပါး ဘာမှ ကြား။ ကျွန်တော့်အသိစိတ်အားလုံးကလည်း ဝေဝေ . . ဝါးဝါး . . ။

***

www.burmeseclassic.com

www.burmeseclassic.com



အတီးအမှတ်

အကအခုန်တို့ဖြင့် လှည့်လည်နေသော ပဒေသာပင်တန်းကြီးက ရှည်လျားလှသည်။ ကျွန်တော်တို့ရပ်ကွက်ပဒေသာပင်က လျှုဖွယ်ပစ္စည်းများသည်မို့ လူဖြင့်မထမ်းနိုင်။ ကားပေါ်တင်ပြီး ကားဖြင့် လှည့်လည်ရသည်။ တကယ်တော့ ပဒေသာပင်ဆိုသည်က လည်း ရှမ်းအိုးစည်၏ တီးသံအတိုင်း မြူးမြူးကြွကြွဖြင့် ထမ်းကာ လျှောက်ရမှအရသာရှိသည်။ အခုက ကားဖြင့်ဆိုတော့ ကျွန်တော်တို့ မလိုက်ဖြစ်တော့။

ကိုယ့်ပဒေသာပင် ကိုယ်ထမ်းရင်း ရှမ်းအိုးစည်မှ သံစဉ်တို့ဖြင့် မြူးကြွစွာလျှောက်နေကြသော ကျောင်းသူကျောင်းသားများကို ကြည့်ရင်း ဘာရယ်မဟုတ် ကြည်နူးနေမိသည်။ လမ်းလုံးပြည့်မျှ အားပေးနေသော ပရိသတ်ကလည်း ပဒေသာပင်တို့၏ လှပမှုတွေကို တီးတိုး တီးတိုး သဖန်းပိုးလုပ်နေကြသည်။

မင်းမင်းက ကျွန်တော့်ပခုံးကိုဖက်ထားရင်းက 'ပြန်ကြရအောင်' ဟုဆိုသည်။ ဒီနေ့ည ကျွန်တော်တို့၏ ကြယ်စီးသံမီးကို လွှတ်တင်မည်ဖြစ်သည်။ ထို့အတွက် ပြင်ဆင်စရာရှိသည်တို့ကို ပြင်ဆင်ရမည်ဖြစ်သည်။





မင်းမင်းနှင့်ကျွန်တော် အာကာတို့အိမ်ဆီ လာခဲ့ကြသည်။ ကျန်အဖွဲ့သားများလည်း စုံညီစွာရောက်နေကြပြီဖြစ်သည်။ အာကာ့မေမေ၏ဆန္ဒအရ မီးပုံးပျံအတွက် ပြင်ဆင်စရာရှိသည်တို့ကို အာကာ ရှိစဉ်ကလို သူတို့ ဂိုဒေါင်မှာပင် ပြင်ဆင်ကြသည်။

အာကာမရှိတော့သည်မို့ ကျွန်တော်တို့အသင်းသားများ၏ မျက်နှာမှာ လွမ်းရိပ်တွေကို ကိုယ်စီတွေ့ရသည်။ ဒါကို အာကာ့ဖေဖေ ကကြိုက်ပုံမရ။

"လာဟေ့ . . အိုးစည် ယူခဲ့ . . စလိုက်ရအောင် . ."

အာကာ့ဖေဖေက အိုးစည်ကိုလွယ်ရင်း . . မောင်း၊ ဝါးလက်ခုပ် နှင့် လင်းကွင်းတီးမည့်သူများကို ဖိတ်ခေါ်သည်။ ဝေဒနာတို့ကို မေ့ ရန် သူကပင် ပြန်လည်ဦးဆောင်ပေးနေသည်မို့ အာကာ့ဖေဖေကို ကြည့်ရင်း ကျွန်တော်တို့ရင်မှာမချိ။

နောက်တော့လည်း ရှမ်းအိုးစည်သံကြားမှ လူက မြူးကြွလာသည်။ အားလုံးလည်း တက်ကြွလာကြသည်။ ကျွန်တော်ကစပြီး သံချပ်ကို ထိုးလိုက်သည်။

"ပထမဆုကို ယူမယ့်မီး . ."

"ကြယ်စီးမီး . . . . ကြယ်စီးမီး . . . ."

ကျွန်တော်တို့ ကြယ်စီးသံမီးကို အတိုကောက် 'ကြယ်စီးမီး' ဟု ပေးထားသည်။ သို့မှသာ သံချပ်ထိုးရာတွင် အဆင်ပြေမည်ဖြစ်သည်။ သံချပ်၏ သဘောတရားအရ ထောင့်မနေအောင် စကားလုံးကို နှစ်လုံးတည်းဖြစ်အောင် ပြောင်းယူရသည်။

ကျွန်တော်က 'ပထမဆုကို ယူမယ့်မီး' ဟု ရှေ့မှအစချီတာ အော်လိုက်တိုင်း အနောက်မှအသင်းသားများက သံပြိုင် 'ကြယ်စီးမီး ကြယ်စီးမီး' ဟုအော်ကြသည်။

အစဉ်လိုက်ရပ်ထားသော ကားများအနက် ရှေ့ဆုံးမှအဖွဲ့



www.burmeseclassic.com

မပါသော ဟိုင်းလတ်ကားပေါ်တွင် ငှက်ပျောပင်နှင့်ဝါးရာဇမတ်ကာထားသော ဘုရားယာယီကျောင်းဆောင်၊ ဘုရားပုံတော်နှင့်မီးစာတိုင်ပါသည်။ ၎င်းမီးစာတိုင်ကို နှင်းများမစိုအောင် မိုးကာဖြင့်ပတ်ကာထားသည်။ ဒုတိယနေရာတွင် နေရာယူထားသော ကားပေါ်တွင်က ယမ်းခွေ။ တတိယကားပေါ်တွင်က မီးပုံးပျံကိုယ်ထည်နှင့် ကျန်ကားများပေါ်တွင် ဆင်တူအင်္ကျီများဝတ်ဆင်ထားသော အသင်းသားများလိုက်ပါလာကြသည်။ ယမ်းခွေနှင့်မီးပုံးပျံ ကိုယ်ထည်ကိုလည်းပဲ မိုးကာများဖြင့် နှင်းမစိုအောင် အုပ်ကာထားသည်။ ကားတိုင်းတွင် 'ကြယ်စီးသံမီး' ဟူသော ဗနိုင်းအကြီးကြီးကို ကပ်ချည်ထားသည်။ ကားများ၏ နောက်ဆုံးကားပေါ်တွင် ရှမ်းအိုးစည်ဝိုင်းက မြူးကြွစွာတီးမှုတ်ရင်းပါလာသည်။

ပွဲတော်ဆီသွားရာလမ်းတစ်လျှောက်လုံး ပွဲတော်လာ ပရိသတ်များကလည်း ပွဲတော်ဆီဦးတည်ရင်း ကားဖြင့်တစ်ဖုံ၊ ဆိုင်ကယ်ဖြင့်တစ်မျိုး၊ ခြေကျင်တစ်သွယ် သွားနေကြသည်။ ကျွန်တော်တို့ကားကိုမြင်သောအခါ ပျော်ရွှင်စွာလက်ဝှေ့ရမ်းပြကြသည်။

လူများအထူးစည်ကားသော ပွဲတော်ဝင်းတွင် ပရိသတ်များက ကြိတ်ကြိတ်တိုးရောက်ရှိနေကြပြီဖြစ်သည်။ ပွဲတော်ဆီမလာခင် အိမ်မှထွက်ခွာ အာကာအမေဖျန်းပေးလိုက်သော နံ့သာနံ့က ကားတစ်စီးလုံး သင်းပျံ့နေသည်။ ပွဲတော်ပရိဝုဏ်၏အစပ်မှာ လူများအလွန် များပြားလာပြီမို့ ကားက တစ်လိမ့်ချင်းသာလိမ့်၍ ရတော့သည်။ အသင်းသားများကလည်း ကျွန်တော်တို့၏ 'ကြယ်စီးသံ' မီးအဖွဲ့နှင့် အခြားအဖွဲ့သားများရောထွေးမှုမရှိစေရန် စည်းတစ်ခုအဖြစ် ကြိုးနှင့်ဝိုင်းပြီး ထိုကြိုးကိုငါးပေခန့်မှာ တစ်ယောက်နှုန်းကိုင်ကာ စည်းဝိုင်းအတွင်းမှာသာ အဖွဲ့သားများက နေရာယူကြသည်။





ထို့နောက် ကျွန်တော်တို့ အသင်း၏ရှေ့မှအလှည့် နံပါတ်(၄)ဖြစ်သော အသင်း၏နောက်မှာ အစဉ်အတိုင်းနေရာယူရသည်။ အချိန်ကား ညခုနစ်နာရီထိုးပြီမို့ နံပါတ်(၁)အသင်းက စလွှတ်တင်ယှဉ်ပြိုင်တော့မည်ဖြစ်သည်။ နံပါတ်(၁)က ညမီးကျီဖြစ်ကာ၊ နံပါတ်(၂)က စိန်နားပန်မီးဖြစ်သည်။ နံပါတ်(၃)က သတိုးတို့၏ 'တိမ်ထက်ပျော်' ညမီးကျီဖြစ်ကာ၊ နံပါတ်စဉ်(၄)က နောက်စိန်နားပန်မီး ဖြစ်သည်။ နံပါတ်စဉ်(၅)ကမှ ကျွန်တော်တို့၏ ကြယ်စီးသံမီး။ ပွဲစဉ်အရ စိန် နားပန်တစ်လုံး၊ ညမီးကျီတစ်လုံးဖြစ်ရာ၊ နံပါတ်ခြောက်က စိန်နားပန်ဖြစ်လျှင် နံပါတ်ခုနစ်က ညမီးကျီ။ ဤသို့ အစဉ်အတိုင်းဖြစ်သည်။ ညစဉ်မီးပုံးပျံ ဆယ်လုံးနှင့်အထက် ယှဉ်ပြိုင်ရာ၌ တစ်ဝက်က စိန်နားပန်၊ ကျန်တစ်ဝက်က ညမီးကျီ အကြမ်းဖျင်းအားဖြင့် ဤသို့ဖြစ်သည်။

အချိန်က ကုန်မှန်းမသိ ကုန်ကာလာသည်။ ပွဲတော်ကြီးကလည်း သီချင်းသံ၊ လူသံမျိုးစုံတို့ဖြင့် မြူးကြွဆူညံနေသည်။

ဒိုင်များနေရာယူထားသော စင်မြင့်ပေါ်မှ အသံချဲ့စက်က ကြေညာသံများနှင့်အတူ မီးပုံးပျံများလည်း တစ်လုံးပြီးတစ်လုံး မိုးပေါ်ထိုးတက်သွားကြသည်။ လွှတ်ပြီးအဖွဲ့များက မီးပုံးပျံလွှတ်ကွင်း၏ထွက်ပေါက်မှ ထွက်သွားကြပြီး နောက်လွှတ်တင်မည့် အသင်းများကလည်း တစ်သင်းပြီးတစ်သင်း မီးပုံးပျံလွှတ်ကွင်း၏ ဝင်ပေါက်မှ အလှည့်ကျ ဝင်ကြရသည်။

ဒိုင်တစ်ဦး၏ ကြေညာသံက လွင့်ပျံ့ကာလာသည်။

"အခု လွှတ်တင်ဖို့ အလှည့်ကျတဲ့မီးကတော့ 'တိမ်ထက်ပျော်' မီးဖြစ်ပါတယ်။ ညမီးကျီအမျိုးအစားဖြစ်ပြီးတော့ မီးပုံးပျံရဲ့ခေါင်းအချင်း (၂၄)ပေရှိပါတယ်။ အောက်ဆွဲယမ်းခွေရဲ့အလေးချိန်ကတော့ ပိဿချိန်လေးဆယ်လောက်ဖြစ်ပါတယ်။ ကုန်ကျငွေကတော့ ထောင်

www.burmeseclassic.com



ဆယ့်ငါးသိန်း တိတိဖြစ်ပါတယ်။ ဒီမီးပုံးပျံရဲ့ရည်ရွယ်ချက်ကတော့

× × × × × × × × × × × × × × × × × × × × × × × × ×”

ဒိုင်မှကြေညာစရာရှိသည်တို့ကို ကြေညာသွားသည်။ ဒိုင်အဖွဲ့ကြေညာနေချိန်မှာ ‘သတိုး’ အဖွဲ့က မီးပုံးပျံကို မှိုင်းသွင်းနေကြသည်။ မှိုင်းသွင်းရန် ဒိုင်အဖွဲ့မှခွင့်ပြုချိန်က မိနစ်နှစ်ဆယ်။ ထိုမိနစ်နှစ်ဆယ်အတွင်း မှိုင်းသွင်း၍မပြီးဘဲ အချိန်ပိုသွားပါက မိနစ်အလိုက်အမှတ်ကလျှော့သည်။ ထို့ကြောင့် အသင်းသားများအားလုံးညီညွတ်မှ မီးပုံးပျံလွှတ်တင်သော အဆင့်အားလုံးအဆင်ပြေသည်။ တော်တန်ရုံ မညီညွတ်သော အသင်းသည် မီးပုံးပျံလွှတ်တင်ရာ၌အဆင်ပြေမှုမရှိ။ ထို့ကြောင့် မီးပုံးပျံ ယှဉ်ပြိုင်သော အလေ့အထသည် စည်းလုံးညီညွတ်သော စိတ်ဓာတ်ကို ဖြစ်စေသည်မှာအမှန်။

ကျွန်တော်တို့လက်ရှိရောက်နေသောနေရာနှင့် သတိုးတို့မီးပုံးလွှတ်နေသော နေရာနှင့်က အတော်လေးလှမ်းသည်။ ထို့ကြောင့် ကြပ်သိပ်နေသော ပရိသတ်များအကြား၌ ဘာမှသဲသဲကွဲကွဲမမြင်ရ။

ခဏကြာတော့ ပရိသတ်များ၏ လက်ခုပ်သံကိုကြားရသည်။ မီးပုံးပျံက တအိအိနှင့် မိုးပေါ်သို့တက်ကာသွားသည်။ အမြင့်တစ်နေရာရောက်သောအခါ သတိုးတို့ မီးပုံးပျံ၏ ယမ်းခွေမှ ‘ရေတံခွန်’ဟုခေါ်သောမီးပန်းတို့ စကျသည်။ ရေတံခွန်ဆိုသည်မှာ တောက်ပသော အရောင်မပါသည့် အလင်းမှုန်များ ရေစီးကျသလို ပန်းထွက်နေသော မီးပန်းကို ခေါ်သည်။ ပြီး ပုံးကဒ်၊ လောက်ထုပ်၊ ငါးရှဉ့်၊ ခိုပျံ၊ ဂလိုက်ဒါ၊ ပုလဲပန်းခိုင်၊ လေထီး၊ ဖျောက်ဆိပ်စသည်ဖြင့် မီးရှူးမီးပန်းတို့က ဆင်ထားသော အရောင်အတိုင်း နီတချို့၊ စိမ်းတချို့၊ ဖြူတချို့ဖြင့် ညကောင်းကင် သတိုးတို့မီးပုံးပျံသည် အလှကြီးလှနေလေသည်။ ကောင်းကင်မှ မီးရှူးမီးပန်းများကျလာတိုင်း ပရိသတ်များက ဟာခနဲ ဟင်ခနဲ အံ့သြသွားကြရင်း လက်ခုပ်များတီးကာ အားပေးကြသည်။





“ဟာ . . . ကြည့်စမ်း . . . ခရမ်းပြာရောင်ကိုတောင်သုံးတယ်”

မင်းမင်းနုတ်မှ လွှတ်ခနဲရောက်လာသည်။ တကယ်တော့ မီးရှူးမီးပန်းပြုလုပ်ရာ၌ အပြာရောင်သည် တော်တန်ရုံကျွမ်းကျင်မှုဖြင့် လုပ်၍မရသော အန္တရာယ်များသည့် အရောင်ဖြစ်သည်။ အန္တရာယ်များသလောက်လည်း လှသောအရောင်ဖြစ်သည်။ တော်တန်ရုံအသင်းများက အန္တရာယ်များသော ခရမ်းပြာရောင်ကိုရှောင်ကာ အနီ၊ အစိမ်းနှင့်အဖြူရောင်အလင်းတို့ကိုသာ ဦးစားပေးထည့်သွင်းကြသည်။

ကျွန်တော် ကျေနပ်စွာပင် လက်ခုပ်တီး၍ အားပေးဖြစ်သည်။ မည်သို့ပင်ဖြစ်စေ သတိုး၏ ကြိုးစားအားထုတ်မှုကို အသိအမှတ်ပြု ရမည်။

‘တိမ်ထက်ပျော်’ မီးအဖွဲ့သားများခင်ဗျာ။ မီးပုံးပျံကို အောင်မြင်စွာလွှတ်တင်ပြီးသွားပြီဖြစ်တဲ့အတွက် ပြိုင်ပွဲကွင်းအတွင်းမှ စည်းကမ်းတကျပြန်လည်ထွက်ခွာပေးဖို့ မေတ္တာရပ်ခံပါတယ် ခင်ဗျာ”

နံပါတ်လေးအသင်းယှဉ်ပြိုင်တော့မည်ဖြစ်သဖြင့် နံပါတ်သုံးအသင်းဖြစ်သော သတိုးတို့အသင်းက ပြိုင်ပွဲကွင်းအတွင်းမှ ထွက်ပေါက်အတိုင်း ထွက်သွားကြသည်။ အိုးစည်ဗုံမောင်းများတီးကာ အလှည့်နံပါတ်သုံးအသင်းက ကွင်းစပ်မှကွင်းလယ်သို့ ဝင်ရောက်သွားသည်။ ကွင်းပြင်မှာရှိသော နံပါတ်စဉ်လေးဖြစ်သည့် ကျွန်တော်တို့အသင်းက ကွင်းထဲမှကွင်းစပ်၌နေရာယူသည်။

နံပါတ်သုံးမီးပုံးပျံကား စိန်နားပန်မီးပုံးပျံဖြစ်သည်နှင့်အညီ စိန်ပွင့်များ နားမှာပန်ထားသလို မီးပုံးပျံကိုယ်ထည်မှာ လင်းလင်းလက်လက်ဖြင့် ကြည့်ကောင်းလှသည်။ နှီးဆီခွက်ခန့်ရှိသော ရောင်စုံမီးပုံးငယ်များကို မီးပုံးပျံကိုယ်ထည်တွင်ရှိသော ချိတ်များအတိုင်း



www.burmeseclassic.com

www.burmeseclassic.com



မှန်ကန်စွာချိတ်ဖို့ရန်အတွက် ကူညီရလေသည်။ ချိတ်ရမည့် ချိတ်များမှာ မချိတ်လိုက်နိုင်ခဲ့လျှင် မီးပုံးပျံကိုယ်ထည်၌ နေရာလပ်ဖြစ်သွားပြီး သရုပ်ဖော်ပုံ၏ သရုပ်ဖော်အား မှေးမှိန်သွားတတ်သည်။ ထို့ကြောင့် ရာပေါင်းများစွာသော မီးပုံးပျံကိုယ်ထည်မှ ချိတ်များကို ချိတ်အလွတ်မကျန်အောင်နှင့် အရောင်မှန်ကန်စွာချိတ်နိုင်ဖို့ မီးပုံးငယ်များ၊ မီးပုံးပျံကိုယ်ထည်၌ ချိတ်ဆွဲစဉ် ဖယောင်းတိုင်မီးမငြိမ်းဖို့ အဖွဲ့သားအားလုံးက ညီညီညွတ်ညွတ်ဝိုင်းလုပ်ကြရတာဖြစ်သည်။ စိန်နားပန်မီးပုံးပျံ၌ အောက်ဆွဲကား ယမ်းခွေမဟုတ်။ မီးပုံးငယ်များသာဖြစ်သည်။ ထိုမီးပုံးငယ်များကို သရုပ်ဖော်စာသား၊ ပုံ စသည်ဖြင့် အရောင်စုံချိတ်ဆွဲရသည်မို့ မျက်စိပသာဒအလွန်အေးမြလေသည်။

စိန်နားပန်မီးပုံးပျံကား မိုးပေါ်သို့အောင်မြင်စွာ ထိုးတက်သွားပြီဖြစ်သည်။ ယခု လွှတ်ရမည်က ကျွန်တော်တို့အလှည့်။

"ဟုတ်ကဲ့ . . . အခု လွှတ်တင်ယှဉ်ပြိုင်မှာက 'ကြယ် . . စီး . . သံ' မီးဖြစ်ပါတယ်ခင်ဗျာ။ ညမီးကျီ အမျိုးအစားဖြစ်ပြီးတော့ ကုန်ကျငွေဆယ့်ခြောက်သိန်းရှိပါတယ်။ ခေါင်အချင်း (၂၄)ပေရှိပြီးတော့ အောက်ဆွဲယမ်းခွေရဲ့ အလေးချိန်က ယမ်းပိဿချိန်(၃၈)ပိဿာရှိပါတယ်။ လွှတ်တင်ရခြင်းရဲ့ ရည်ရွယ်ချက်ကတော့ . . . × × × × × × × × × × × × × × × × × × × × × × ×"

ဒိုင်မှ မီးပုံးပျံဆိုင်ရာ အချက်အလက်များကို ပရိသတ်များဆီသို့ ကြေညာပေးသည်။ ကျွန်တော်က ဒိုင်များရှိရာ စင်ဆီသို့ ရောက်ရှိကြောင်း သတင်းနှင့်မီးပုံးပျံဆိုင်ရာ အချက်အလက်များကို ရှေ့အသင်းခေါင်းဆောင်များအတိုင်း သွားပို့ခဲ့ပြီးဖြစ်သည်။

ကျွန်တော်တို့အသင်း၏ ယမ်းခွေကိုလည်း ကွင်းဒိုင်များက ချိန်သီးဖြင့်ချိန်ကာ ပိဿာချိန်(၃၈)ပိဿာဖြစ်ကြောင်းအတည်ပြုသည်။



မင်းမင်းတို့အုပ်စုက မီးပုံးပျံကို မှိုင်းသွင်းနေပြီဖြစ်သည်။ ကျွန်တော်က ယမ်းခွေအပိုင်းကို တာဝန်ယူထားသည်မို့ ယမ်းခွေအနီးတွင် ကျန်အဖွဲ့သားများနှင့်အတူ နေရာယူထားသည်။

ကျွန်တော့်ရင်ထဲမှာ အာကာ့ကိုလှိုက်လှိုက်လှဲလှဲသတိရနေမိသည်။ အခုချိန်ဆို မသူတစ်ယောက် နိုင်ငံခြားသားများအတွက် လုပ်ထားသည့်သီးသန့်ပွဲကြည့်စင်မှာ နေရာယူပြီး ရင်တထိတ်ထိတ်နှင့် ညည့်သည်များကို ရှင်းပြလိုက်၊ မီးပုံးပျံကို ရင်တမမဖြင့် ကြည့်လိုက်ရှိနေလိမ့်မည်။ သူမသည်လည်း အခုချိန်မှာ အာကာ့ကို ကောင်းကောင်းကြီး သတိရနေလိမ့်မည်။

ကျွန်တော်တို့၏ ကြယ်စီးသံမီးပုံးပျံကြီးသည် တဖြည်းဖြည်းနှင့် မှိုင်းများဝကာ လှပစွာဖောင်းကြွလာသည်။ မီးပုံးပျံ၏ မှိုင်းဝမှုကို ကြည့်ကာ မီးစာတိုင်တပ်ဆင်မှု၊ ယမ်းခွေတပ်ဆင်မှုတို့ကို အသင်း ခေါင်းဆောင်ဖြစ်သော ကျွန်တော်က ဆုံးဖြတ်ရမည်ဖြစ်သည်။ ယမ်းခွေကို အသာထားကာ မီးပုံးပျံကြီးဆီ ကျွန်တော် လာဖြစ်သည်။ မင်းမင်းက OK ဟူသော သဘောဖြင့် လက်ကိုဝိုင်းပြသည်။

အနည်းငယ်ရှန်းကြွစပြုနေသော မီးပုံးပျံကိုကြည့်ရင်း 'မီးစာတိုင်တပ်တော့' ဟု ကျွန်တော်အော်ရင်း အချက်ပေးလိုက်သည်။ မီးစာတိုင်တပ်ဆင်ရန် တာဝန်ယူထားသော အသင်းသားလေးဦးက မီးပုံးပျံ၏ ဒွါရပေါက်တွင် မီးစာတိုင်ကို သွက်လက်စွာ အန္တရာယ်မရှိအောင် တပ်ဆင်သည်။

"မီးညှိလိုက်တော့ . . ."

တပ်ဆင်ပြီးသော မီးစာတိုင်ကို မီးညှိလိုက်ရန် ကျွန်တော်အော်ကာ အချက်ပေးလိုက်သည်နှင့် အသင်းသားများက မီးစာတိုင်ကို မီးညှိလိုက်သည်။ ကျွန်တော့်ရင်ထဲမှာ တထိတ်ထိတ်ဖြင့် ခုန်နေသည်။ ဒီနှစ်တော့ မီးလောင်လို့မရ။ ဤမီးပုံးပျံ၏ ယမ်းခွေခံ

www.burmeseclassic.com



မီးပန်းတို့သည် အာကာ၏အသက်ဖြင့် ပြန်လည်လဲယူခဲ့ရသော အရာများဖြစ်သည်။ လွဲချော်စွာ အချက်ပေးမိ၊ ဆုံးဖြတ်ချက်ချမိလို့မဖြစ်။ တစ်ခုခုလွဲချော်သွားသည်နှင့် မီးပုံးပျံသည် ပြာဖြစ်သွားလိမ့်မည်။

မှိုင်းဝကာမိုးသို့တက်ရန် အားအင်များပြည့်နေပြီဖြစ်သော မီးပုံးပျံက အပေါ်သို့ရုန်းကြွကာ ဆွဲဆွဲတက်သည်။ ကျွန်တော် ယမ်းခွေကိုင်များဘက်လှည့်ကာ ယမ်းခွေကိုယူလာရန် အချက်ပြလိုက်သည်။

ယမ်းခွေကို အသင်းသားများက မီးပုံးပျံအနီးသို့ယူလာသည်။ ယမ်းခွေမှ မီးပုံးပျံကို ဆက်သွယ်သော ဆယ်ပေခန့်ရှိသည့် ကြိုးကို ယမ်းခွေကိုင်သော အသင်းသားများက မီးပုံးပျံ၏ဒွါရပေါက်မှ တံကူဘောင်မှာ ချည်လိုက်ကြသည်။

'ကြယ်စီးသံ' မီးပုံးပျံက အချိန်(၃၈)ပိဿာရှိသော ယမ်းခွေကို ပေါ့ပါးသွက်လက်စွာ မိုးပေါ်သို့ဆွဲတက်သည်။ ယမ်းခွေမှ စနက်တံကို မီးရှို့ရန် တာဝန်ယူထားသူများကို စနက်တံများအား မီးရှို့ဖို့ ကျွန်တော် ခေါင်းညိတ်ပြလိုက်သည်။ ကျွန်တော် ခေါင်းညိတ်ပြလိုက်သည်နှင့် ၎င်းတို့က စနက်တံကို မီးရှို့လိုက်ကြသည်။ ပြီး . . အားလုံးက မိုးပေါ်သို့ ရုန်းကန် ဆွဲတက်နေသော ကြယ်စီးသံကို လက်ဖြင့် ဆွဲထိန်းထားကြရာမှ လွှတ်လိုက်ကြသည်။

မိုးပေါ်သို့ တရှိန်ထိုးတက်သွားသော မီးပုံးပျံကိုကြည့်ရင်း ကျွန်တော့်ရင်မှာ တလှပ်လှပ်ခုန်ကာနေသည်။ မီးပုံးပျံတက်သွားချိန်မှာ ကျွန်တော်တို့အသင်းသားများက အိုးစည်ဗုံမောင်းများ တီးခတ်ကာ ပျော်ရွှင်စွာ ကခုန်နေကြသည်။ သူတို့၏အပျော်က ကျွန်တော့်ရင်ထဲသို့ ကူးစက်ကာလာသည်။ သို့သော် ရာနှုန်းပြည့်တော့ မပျော်နိုင်သေး။ စနက်တံမှ ယမ်းခွေသို့မီးကူးကာ အထက်ပေ ငါးရာလောက်မှာ မီးရှူးမီးပန်းများ ဖြာကျမကျ စောင့်ကြည့်ရဦးမည်။





ရင်တထိတ်ထိတ်ဖြင့် စောင့်ကြည့်နေစဉ်မှာပင် ကြယ်စီးသံမှ ဖြာခနဲလင်းလက်လှပစွာ မီးရှူးမီးပန်းများ ဖြာကျလာသည်။ ကောင်းကင်မှာ ရောင်စုံလင်းလက်တောက်ပကာ ဖြာကျနေသော မီးရှူးမီးပန်းများ၏ အလှကိုကြည့်ရင်း ပရိသတ်များက လက်ခုပ်များတီးကာ ဩဘာပေးကြသည်။

ကျွန်တော့်ရင်မှာ အလုံးစုံစိတ်မချနိုင်သေး။ ယခင်နှစ်တုန်းက အခုလို ပရိသတ်တွေ လက်ခုပ်တီးကာ အားပေးနေကြတုန်း လေပြင်းတစ်ချက်အဝှေ့မှာ မီးပုံးပျံမီးလောင်သွားတာ ကြုံခဲ့ဖူးသည်ကိုး။

ကျွန်တော့်သူငယ်ချင်းအသက်နှင့်လဲထားရသော ဤကြယ်စီးသံသာ မီးလောင်သွားခဲ့သည်ရှိသော် တမလွန်မှကြည့်ချင်ကြည့်နေနိုင်သော အာကာတစ်ယောက် စိတ်မကောင်း ဖြစ်လိမ့်မည်။

ရင်တထိတ်ထိတ်နှင့် ကြည့်နေစဉ်မှာပင် မီးပုံးပျံက ရုတ်တရက် တိုက်ခတ်လာသော လေနှင့်အတူ ကောင်းကင်ယံမှ ဘေးတိုက်ကြီးမြန်ဆန်စွာ ရွေ့လျားနေသည်မို့ ကျွန်တော့်ရင်ခုန်သံတို့ မြန်လာသည်။ တိုက်ခတ်သောလေကို ကြံ့ကြံ့ခံရင်း ကြယ်စီးသံက ပတ်ချာတွေလည်ကာနေသည်။ ယမ်းခွေမှ မီးရှူးမီးပန်းတွေက လှပစွာ ဖြာကျနေဆဲ။ ပရိသတ်တော်တော်များများလည်း အခြေအနေသိပ်မဟန်သော 'ကြယ်စီးသံ' မီးပုံးပျံကိုကြည့်ရင်း ရင်တမမဖြင့် ဟင်တွေ့ဟာတွေ ဖြစ်ကုန်ကြသည်။ လေပြင်းတစ်ချက်တစ်ချက် အဝှေ့မှာ 'ကြယ်စီးသံ' က ရိပ်ခနဲရိပ်ခနဲ လေနှင့်အတူပါသွားသည်ကိုး။

ကျွန်တော် မကြည့်ရက်တော့ပြီမို့ မျက်လုံးကို စုံမှိတ်ပစ်လိုက်သည်။ စောစောက ပျော်ရွှင်စွာ တီးမှုတ်ကခုန်နေကြသော အိုးစည်ဗုံမောင်းအသံများက ရုတ်ခြည်းငြိမ်ကျသွားသည်။ မှိတ်ထားသော ကျွန်တော့်မျက်လုံးတွေထဲမှာ အာကာ့ကို ကျွန်တော် ထင်ထင်ရှားရှား



www.burmeseclassic.com

www.burmeseclassic.com



ကြီးမြင်နေရသည်။ မီးပုံးပျံ၏ယမ်းခွေအတွက် ဘယ်အရောင် မီးရှူးကို ဘယ်နေရာမှာထားမည်။ ဘာအရောင်မီးပန်းကိုတော့ဖြင့် ဘယ်နေရာမှာထားမည်ဟု ကျွန်တော်တို့ ဝိုင်းပြီး Plan ချခဲ့သည်ကို မြင်နေမိသည်။

"ငါအစွမ်းကုန်ကြိုးစားခဲ့ပါတယ် သူငယ်ချင်းရာ။ လေတိုက်တယ်၊ မတိုက်ဘူးဆိုတဲ့ ကံတရားကိုတော့ ငါဘယ်လိုမှ မစွမ်းသာဘူး။ မိုးပေါ်တက်သွားဖို့အတွက်တော့ ငါတို့တာဝန်ကျေကျေ လွှတ်ခဲ့ကြပြီ အာကာရေ။ အခြေအနေကြည့်ရတာ ငါတို့ရဲ့ 'ကြယ်စီးသံ' ကြီး ဒီလေတိုက်နှုန်းကို ရေရှည်ဆက်တောင့်ခံနိုင်ပါ့မလား မသိဘူး"

ကျွန်တော် တဆတ်ဆတ်ခုန်နေသော ရင်ထဲမှနေ အာကာ့ကို လှမ်းပြောနေဖြစ်သည်။ မွန်းကြပ်ကာ နာကျင်နေသော ရင်ဘတ်မှာ ဝေဒနာတစ်မျိုးက တက်၍ဆောင့်သည်။

"ဟေး . . လေငြိမ်သွားပြီကွ . ."

ရုတ်တရက်ထအော်သော မင်းမင်း၏အသံကြောင့် ဖျတ်ခနဲ ကျွန်တော့်မျက်လုံးကို ဖွင့်ကြည့်ဖြစ်သည်။ လေငြိမ်သွားသော ကောင်းကင်ယံ၏ လရောင်အောက်မှာ ကျွန်တော်တို့၏ ကြယ်စီးသံက ခံ့ညားစွာ ငြိမ်သက်နေသည်။ စိတ်ဓာတ်ကျကာ ငြိမ်သက်သွားသော အိုးစည်ဝိုင်းမှ ရှမ်းအိုးစည်သံမြူးကြွစွာ ပြန်လည် ထွက်ပေါ်လာသည်။ ကျွန်တော်နှင့်မင်းမင်း ဝမ်းသာအားရဖြင့် တစ်ယောက်ကိုတစ်ယောက်ဖက်ရင်း အိုးစည်သံနှင့်အတူ ကဖြစ်သည်။

ထိုစဉ်မှာပင် ယမ်းခွေ၌တပ်ဆင်ထားသော ကျွန်တော်တို့၏ မြှုပ်ကွက်တစ်ခုဖြစ်သည့် မီးရှူးတစ်မျိုးက ဝင်းခနဲတောက်ပစွာ ဖြာကျသွားသည်။ ၎င်းမီးရှူးက ကျွန်တော်ရယ်၊ မင်းမင်းနှင့် အာကာရယ်၊ သုံးယောက်သား အသစ်တီထွင်ထားသော မီးရှူးဖြစ်သည်။ ကျွန်တော်



တို့ အသစ်တီထွင်ထားသော ၎င်းမီးရှူးကို ကြယ်စီးသံဟုပင် ကျွန်တော်တို့ နာမည်ပေးထားကြသည်။

ရုတ်တရက်ဝင်းခနဲ ဖြာကျလာသော ထူးခြားဆန်းသစ်သည့် ကြယ်စီးသံမီးရှူးကို ကြည့်ရင်း ပရိသတ်အားလုံး ဟင်ခနဲ၊ ဟာခနဲ အံ့သြကုန်ကြသည်။ ရုတ်တရက် မှင်သက်မိကာ အားလုံးတိတ်ဆိတ်သွားပြီးမှ ဝေါခနဲလက်ခုပ်တီးသံများ၊ လက်ခေါက်မှုတ်သံများ လျှံကျလာသည်။ လှလိုက်တာကွာ ဟူသော စုတ်သပ်သံများ ကွင်းလုံးပြည့်ညံသွားသည်။ အိုးစည်ဝိုင်းမှ အိုးစည်တီးသံက ပိုမိုမြူးကြွလာသည်။ ထိုစဉ်မှာပင် မင်းမင်းက သံချပ်ကို စထိုးသည်။

"ပထမဆုကို ယူမယ့်မီး . . ."

"ကြယ်စီးမီး . . . ကြယ်စီးမီး . . ."

မင်းမင်းရှေ့မှအော်သော အသံကို အသင်းသားများက သံပြိုင်ဝိုင်းပံ့ပိုးကြသည်။

"ကြယ်စီးမီးကို နိုင်ချင်ရင် . . ."

"ဆယ်နှစ်ဆယ်မိုး ကြိုးစားပါဦး . ."

"ပထမဆုကို ယူမယ့်မီး . . ."

"ကြယ်စီးမီး . . . ကြယ်စီးမီး . . ."

"ကြယ်စီးမီးကို နိုင်ချင်ရင် . . ."

"ဆယ်နှစ် . . . ဆယ်မိုး ကြိုးစားပါဦး . ."

ကျွန်တော်တို့နောက်မှာ အလှည့်ကျသော စိန်နားပန်မီးပုံးပျံအဖွဲ့က ကွင်းထဲဝင်ရောက်လာပြီမို့ ဒိုင်စင်မြင့်မှ အသံချဲ့စက်ဖြင့် ကြေညာသံထွက်လာသည်။

"ကြယ်စီးသံမီးကို အောင်မြင်စွာလွှတ်တင်ပြီးသွားပြီဖြစ်တဲ့ ကြယ်စီးသံအဖွဲ့သားများခင်ဗျာ . . ပြိုင်ပွဲကွင်းအတွင်းမှာ နေသတ်

www.burmeseclassic.com

www.burmeseclassic.com



ယှဉ်ပြိုင်မယ့် အသင်းဝင်ရောက်နေရာယူတော့မှာမို့ ကားများကို ပြန်လည်ထွက်ခွာပေးဖို့ မေတ္တာရပ်ခံပါတယ် . . . ”

ကျွန်တော်တို့အားလုံး ကားပေါ်ကိုယ်စီတက်ကြရင်း အိုးစည်တို့ ခပ်မြူးမြူးတီးကာ သံချပ်ထိုးရင်း ပြိုင်ပွဲကွင်းထဲမှ အတူတူထွက်လာဖြစ်ကြသည်။

ရင်ထဲမှာ ဝမ်းသာကျေနပ်မှုတို့က စီးဆင်းနေသည်။ အာကာတစ်ယောက်လည်း ဘုရားကို ပူဇော်ခဲ့ကြသော ကျွန်တော်တို့၏ ကြယ် စီးသံမီး၏လှပမှုကို တမလွန်ဘဝမှ ကြည့်နေခဲ့သည်ရှိသော် သူလည်း ကျွန်တော်တို့နှင့်ထပ်တူထပ်မျှ ကုသိုလ်ရကာ ဝမ်းသာနေပေလိမ့်မည်။

✶✶✶



## တောင်ကြီး

တန်ဆောင်တိုင်ပွဲတော်၏ လပြည့်ညသည် ပွဲတော်ရက်များတွင် အထူးခြားဆုံးရက်ဖြစ်သည်။ မြို့စွန်မှာရှိသော စူဠာမုဏိဘုရားဆီသို့ ရပ်ကွက်အလိုက် ဘုရားမီးများပူဇော်ကြသောရက်လည်းဖြစ်သည်။

ဘုရားမီးပူဇော်ပုံကလည်း ထူးခြားသည်။ ကျွန်တော်တို့ကတော့ ဤမီးပူဇော်လှည့်လည်ခြင်းကို မီးပဒေသာပွဲဟု ခေါ်သည်၊ ရောင်စုံမီးပုံးများဖြင့် စေတီပုံ၊ စောင်းတန်းပုံ စသည်ဖြင့် စိတ်ကူးရသလို အလှဆင်ထားသော ပဒေသာပင်များကို ရပ်ကွက်အလိုက် ကိုင်ဆောင်ကြကာ ဘုရားသို့ သွားရောက်ပူဇော်သော လူတန်း၏ အရှည်မှာ တစ်မိုင်ခန့်ရှည်လျားသည်။

ရပ်ကွက်နေ အပျို လူပျိုများနှင့် အိမ်ထောင်ရှင်များမတန် မီးကြာခွက်များ ကိုင်ဆောင်၍လည်း ပူဇော်ပွဲများ ဆင်နွှဲကြသည်၊ အချို့ရပ်ကွက်များက မီးကြာခွက်များကိုင်၍ မီးပူဇော်သူ အပျိုလူပျို များကို ငါးရာငါးဆယ်ဇာတ်နိပါတ်မှ ဇာတ်ကွက်တစ်ချို့ဖြင့်သည်း



www.burmeseclassic.com

ဝင်းခင်းကာ ပူဇော်ကြသည်။ တိုင်းရင်းသားပေါင်းစုံစည်းလုံးညီညွတ်စွာ ဘုရားမီးပူဇော်သော ဓလေ့ကို ပိုမိုထင်ရှားစေရန် ရိုးရာဝတ်စုံများဝတ်ဆင်ထားသော ရှမ်း၊ ပအိုဝ်၊ တောင်ရိုး၊ ဓနု၊ ပလောင် စသည့်တိုင်းရင်းသားမောင်မယ်များကလည်း မီးကြာခွက်များကိုင်ဆောင်၍ ညီညာစွာလမ်းလျှောက်ကြသည်။ အချို့ရပ်ကွက်များက ဘုရားထံသို့ လူမျိုးပေါင်းစုံ လာရောက်ပူဇော်သည့်သဘောကို ဖော်ဆောင်ရန် ဝတ်စုံပြည့်ဝတ်ဆင်ထားသော အိန္ဒိယစတိုင်လ် မောင်မယ်များကိုလည်း ထည့်သွင်းထားကြသည်။ စေတီပုံဖော်ထားသော မီးပုံးများမှ မီးများငြိမ်းသွားလျှင် ဖယောင်းတိုင်အသစ်များလဲလှယ်ရန် တာဝန်ကျသူများက စနစ်တကျလဲလှယ်ပေးကြသည်။ ရပ်ကွက်တိုင်း၏နောက်ဆုံးပိတ်မှာ ဓမ္မစကြာဝတ်အသင်းများကလည်း ဓမ္မစကြာတရားတော်များ ရွတ်ဖတ်ပူဇော်ရင်း ကားပေါ်မှာ ပါလာကြသည်။

အချို့ရပ်ကွက်များက ရက်ကန်းစင်များကားပေါ်တင်ဆောင်ကာ ဘုရားအား ပူဇော်ကပ်လှူရန် ကားပေါ်မှ ရက်ကန်းစင်မှာပင် သင်္ကန်းရက်လုပ်ပူဇော်ရင်း လှည့်လည်ပြသကြသည်။

ကျွန်တော်တို့ရပ်ကွက်သည်လည်း မီးပဒေသာပင် လှည့်လည်ပွဲ၌ နှစ်စဉ်ပါဝင်မြဲဖြစ်သည်မို့ ရပ်ကွက်မှလူငယ်အုပ်စုက ဘုရားတန်ဆောင်းပုံဖော်ထားသော ရောင်စုံမီးပုံးများ ချိတ်ဆွဲ ထားသည့် ပဒေသာပင်အတွဲလိုက်ကြီးကို မ,ရင်း ဘုရားဆီသို့ သွား သောအခြားရပ်ကွက်၏နောက်မှလိုက်ကြသည်။ ကျွန်တော်တို့ ရပ်ကွက်၏အမည်ကို ပိတ်ပေါ်တွင် ရေးသားထားပြီး ထိုပိတ်ကို အလံထူကာ ရှေ့ဆုံးမှနေ ကျွန်တော်နှင့်မင်းမင်းက လျှောက်ရသည်။

ကျွန်တော်အမှတ်တမဲ့နောက်လှည့်ကြည့်လိုက်တော့ ပအိုဝ်ဝတ်စုံကို ဝတ်ဆင်ကာ မီးကြာခွက်ကိုကိုင်ဆောင်ထားသော ပုလဲကိုတွေ့လိုက်ရသည်။ ပုလဲက ကျွန်တော့်ကို မမြင်။ သူမနှင့်ယှဉ်လျှောက်





အတူလျှောက်လာသော ပအိုဝ်ဝတ်စုံနှင့်ကောင်မလေးအား ရယ်ရယ်မောမောဖြင့် စကားတွေဖောင်ဖွဲ့ကာနေသည်။

ဘာရယ်မဟုတ် သူမကိုကြည့်ရင်း ကျွန်တော့်ရင်မှာ နွေးထွေးသာနေသည်။ ကျွန်တော်တို့ရပ်ကွက်ပေါင်းစုံမီးပဒေသာပင် လှည့်လည်ပူဇော်သူများက စူဠာမုဏိစေတီအား သုံးပတ်လှည့်လည် ပူဇော်ကာ ဘုရားမီးများကို ဆက်ကပ်လှူဒါန်းကြသည်။ ကျွန်တော်တို့လှူဒါန်းလိုက်သော ဘုရားမီးများက ပတ်ပတ်လည်မှထိုးထားသော ဆလိုက်မီးမောင်းများ၏အောက်မှာ သပ္ပာယ်စွာရှိနေသော စူဠာမုဏိစေတီအား ရှိခိုးပူဇော်ရင်း ကျွန်တော်ဆုတစ်ခုကို တောင်းဖြစ်သည်။

"ဘုရားတပည့်တော်ရဲ့ သူငယ်ချင်းအာကာတစ်ယောက် ကောင်းရာမွန်ရာ ဘုံဘဝကိုရောက်ပါစေ အရှင်ဘုရား။ တပည့်တော်ပြုလုပ်သော ကုသိုလ်ကောင်းမှု၏အဖို့ဘာဂကိုလည်း ထပ်တူထပ်မျှရပါစေ ဘုရား . . ."

***

www.burmeseclassic.com

www.burmeseclassic.com



ထိုလပြည့်ညမှာ ပွဲလည်တော့ ကျွန်တော်နှင့်မင်းမင်း လျှောက်လာသော လမ်းရှေ့မှသတိုးက ပိတ်ရပ်နေသည်။ များပြားလှသော ကြိတ်ကြိတ်တိုးနေသည့် လူတွေကြားထဲမှာ သကောင့်သားက 'မနက်ဖြန်ညဆို ဆုပေးပြီနော်' ဟုဆိုသည်။ ကျွန်တော် သက်ပြင်းကို ချလိုက်မိသည်။ ပြီး . . .

"မနေ့ညကလွှတ်တဲ့ မင်းတို့ရဲ့ 'တိမ်ထက်ပျော်' မီးက အရမ်းမိုက်တယ်ကွာ။ ငါတော်တော် သဘောကျတယ် သတိုး . ."

"ဘာလဲ . . မင်းက ငါ့ကို လှောင်တာလား . . ပြည့်ဖြိုး . . ."

သတိုးက ကျွန်တော့်ကိုစိုက်ကြည့်ရင်း ခပ်ဆတ်ဆတ်ဆိုသည်။ ကျွန်တော် ခေါင်းကိုခါပြဖြစ်သည်။

"ငါ အတည်ပြောတာပါကွာ . . တကယ်တော့ မနေ့က မင်းတို့ မီးကို အားပေးတဲ့လက်ခုပ်သံထဲမှာ ငါ့လက်ခုပ်သံလည်း ပါတယ်သတိုး . . ဘာပဲပြောပြော မီးပုံးပျံတစ်လုံးဖြစ်ဖို့က လွယ်လွယ်ကူကူမှ မဟုတ်ဘူးဆိုတာ . . ငါတို့ မီးပုံးပျံချစ်တဲ့လူတိုင်းသိနေတာပဲ မဟုတ်လား"





ကျွန်တော့်စကားကြောင့် သတိုးတစ်ချက်တွေသွားသည်။ ပြီး ကျွန်တော့်ကို လက်ကမ်းပေးသည်။ သဘောက ငါတို့ပြေပြေလည်လည် ခင်ခင်မင်မင်ပေါင်းကြစို့ ဆိုသည့်သဘော။

ကျွန်တော်တို့နှစ်ယောက် တစ်ယောက်လက်ကိုတစ်ယောက် တင်းကြပ်စွာဆုပ်၍ လက်ဆွဲနှုတ်ဆက်ဖြစ်ကြသည်။ သတိုးက . . .

"တကယ်တော့ ငါလည်း မင်းတို့ ကြယ်စီးသံမီးရဲ့ မီးရှူးအသစ် ကို တော်တော်သဘောကျသွားတယ်"

ဟုဆိုသည်။

"အဲဒါ အာကာ့ Idea တွေပေါ့"

ဟု ကျွန်တော့်ရင်မှ ဆိုဖြစ်သည်။

ထိုနေ့ညက သတိုးတို့နှင့်အတူ ပွဲလည်ရင်း မိုးလင်းသွားခဲ့သည်။ ကျွန်တော့်ရင်ထဲမှာ အာကာ့ကို အထူးသတိရနေမိသည်။

***

www.burmeseclassic.com

လပြည့်ကျော်

တစ်ရက်နေ့ညမှာ ဆုပေးပွဲကျင်းပသည်။ စင်မြင့်မှ ဆုကြေညာသံကို ပရိသတ်များအားလုံး နားစွင့်နေကြသည်။

"ယခုနှစ် ညမီးကျီမီးပုံးပျံများထဲမှ ပထမဆုရအသင်းကို ကြေ ညာပါ့မယ်"

ပရိသတ်များကြား အပ်ကျသံကြားရလောက်အောင် တိတ်ဆိတ်နေသည်။ ကျွန်တော် ရင်တထိတ်ထိတ်ဖြင့် နားစွင့်နေစဉ်မှာပင် . . .

"ညမီးကျီ . . ပထမဆုကို . . . 'ကြယ်စီး . . သံ' မီးက ရရှိ သွားပါတယ် ခင်ဗျား . . ."

"ဝေး . . ."

လက်ခုပ်သံများ ဆူညံကာသွားသည်။ ကျွန်တော်တို့ အသင်းက ဘာဆုရရ ဆုရခဲ့သည်ရှိသော် ရသောငွေများကို အာကာ့ အတွက်ရည်စူးပြီး အလှူလုပ်ရန် အားလုံးတိုင်ပင်ထားကြပြီး ဖြစ်သည်။

"Congratulation ပြည့်ဖြိုး . . ."

ခဏအကြာမှာ သတိုးရောက်လာပြီး ကျွန်တော့်ကို





နှုတ်ဆက် သည်။ ၎င်းတို့၏ 'တိမ်ထက်ပျော်'က တတိယဆုရသည်။ ဒုတိယဆုကို အခြားအသင်းက ရရှိသွားသည်။

"မင်းကို ဟိုးက ချယ်ရီပင်အောက်မှာ ပုလဲစောင့်နေတယ်"

နားနားကပ်ကာ ခပ်တိုးတိုးဆိုသော သတိုး၏စကားကြောင့် ကျွန်တော် အံ့အားသင့်သွားရသည်။ လှမ်းကြည့်လိုက်တော့ ပုလဲက လက်ပြသည်။

ရင်တထိတ်ထိတ်ဖြင့် ကျွန်တော်လျှောက်လာခဲ့ရင်း အတွေးပေါင်းစုံကို တွေးနေမိသည်။ ပုလဲက ရှက်ဝဲဝဲနှင့်ရပ်နေသည်မို့ ဘာကို နားလည်ရမှန်းမသိ။

"Congratulation ပါ . . မောင်"

လက်ဆွဲနှုတ်ဆက်ရင်း ကျွန်တော်နားကြား များလွဲသွားသလားဟု ကိုယ့်ကိုယ်ကိုယ်ထင်လိုက်သည်။

"ဘယ်လိုခေါ်လိုက်တာလဲ ပုလဲ . . ."

"သိဘူး . ."

ကျွန်တော့်အမေးကို သူမက 'သိဘူး' ဟု ရှက်ဝဲဝဲဆိုရင်း ခေါင်း ကြီးငုံ့ကာ ရှက်နေသည်။ ကြည့်ရတာ . . အရာအားလုံးတို့ သူမ သိ သွားပြီထင်သည်။ ဒီ 'သိဘူး' ဆိုသော စကားဖြင့် ကျွန်တော် သူမ၏အချစ်ကို ရခဲ့သည်။ အခုလည်း 'သိဘူး' ဟုသူမဆိုပြန်သည်။ ချက်ဆို နားခွက်က မီးတောက်နေသော ဒီကကောင်ကလည်း ခပ် တည်တည်ပင် သူမကို ဆွဲဖက်ပစ်လိုက်သည်။ ပြီး နှုတ်မှလည်း . . .

"ဝမ်းသာလိုက်တာ ပုလဲရာ . . ."

သို့သော် သူမက လူလည်ဖြစ်သည်။ ဆတ်ခနဲ တွန်းထုတ်ရင်း . . . .

"နောက်ထပ် ဝမ်းသာစရာ တစ်ခုပြောဖို့ ကျန်သေးတယ် ဒါပေမယ့် မပြောတော့ဘူး. . ."



www.burmeseclassic.com
BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ရယ်တဲ့ကဲ့ဖြင့်ဆိုသော သူမစကားကြောင့် ကျွန်တော် ကြောင် သွားရသည်။

"ဘာဖြစ်လို့လဲ . . ."

"ဘာဖြစ်ရမှာလဲ . . သူ ဝမ်းသာမှာကြောက်လို့ပေါ့။ သူက ဝမ်းသာရင်ကြောက်စရာကြီး . ."

"အာ . . ."

ပုလဲ၏ စကားကြောင့် ကျွန်တော် ရှက်သွားရသည်။ ဝမ်းသာချင်ယောင်ဆောင်ပြီး ဖက်တာကို သူမက ဆိုလိုခြင်းဖြစ်သည်ကိုး။ ပရိသတ်များ၏ အာရုံက စင်ပေါ်မှာမို့ ကျွန်တော်တို့ကို ဘယ်သူမှ သတိမထားမိကြ။

"ကဲပါ . . ပြောပြပါ ကြားချင်လို့ . . ."

"မသူရဲ့ ဆီးကို ပြန်စစ်ကြည့်တာ ဘာကိုယ်ဝန်မှမရှိဘူးတဲ့ . . ရှေ့တစ်ပတ်က Result က ဓာတ်ခွဲခန်းကလူက မှားသွားတာတဲ့။ အကြိမ်ကြိမ်ပြန်စစ်ကြည့်ပြီးပြီ။ အဖြေက No တဲ့။ သိရဲ့လား လူစွမ်းကောင်းကြီးရဲ့ . . မသူ ကိုယ်တိုင် ပုလဲကို ကြိတ်ပြီးလာရှင်းပြသွားတယ် . ."

ကျွန်တော် လှုပ်ခနဲ ဝမ်းသာသွားရသည်။

"ဒါ . . ဒါဆို . . ပုလဲ မောင့်ပါးကို တစ်ချက်ဆော်ထားတာ ဘယ်လို လျော်ကြေးပေးမလဲ . ."

"သိဘူး . ."

သူမက 'သိဘူး' ဟုဆိုရင်း ရှက်နေတော့သည်။ အတန်ကြာမှ . . .

"မျက်လုံးမှိတ် . . ."

သူမအလိုကျ မျက်လုံးကိုမှိတ်ရင်း ကျွန်တော်လှုပ်ခနဲ ရင်ခုန်သွားသည်။ ဒီအထာတွေကို ကြိုသိနေသလိုလိုရှိသည်ကိုး။ ကျွန်တော့်





ပါးပြင်မှာ နွေးခနဲ အနမ်းတစ်ခုကို ရလိုက်သည်။ ကျွန်တော် ရုတ်ခနဲ မျက်လုံးကို ပြန်ဖွင့်ချိန်မှာ သူမက ခေါင်းကြီးစွတ်ငုံ့ကာ အရှက်ကြီးရှက်နေသည်။

"ပုလဲ . . ."

"ဘာလဲ . . ."

"အရင်းပဲဆပ်ပြီး အတိုးမသတ်တော့ဘူးလား . . ."

"သိဘူး . . အာ . . ရှက်တယ်ကွာ . . မပြောနဲ့ . . ."

"ဒါပဲလား . ."

"ရော် . . ရှက်ပါတယ်ဆို . . မောင်နော် . . ."

"ဒါနဲ့ . . . မောင်တို့ရဲ့ 'ကြယ်စီးသံ' ပထမဆုရတဲ့အတွက် ရော ဆုမချတော့ဘူးလား . . ."

"ဘာဆုလိုချင်လို့လဲ . . . ."

သူမက ကျွန်တော်ဆင်ထားသော အကွက်ထဲ ဒဲ့ဝင်လာသည်။ စပ်ဖြီးဖြီးကြီးရယ်နေသော ကျွန်တော့်ကိုကြည့်ရင်း ဖျတ်ခနဲ သူမ မျက်နှာကြီးနီကာသွားသည်။ ပြီး . . .

"မညစ်နဲ့နော် . . ."

"ဘာညစ်လို့လဲ . . ပထမဆုရလို့ ပုလဲဆီကို ဆုချခိုင်းတာလေ . . ."

"မချနိုင်ပေါင် . . ."

"ပုလဲ မညစ်နဲ့ကွာ . . ဆုချ . . ."

" No "

သူမက ညစ်ကျယ်ကျယ်ဖြင့် ငြင်းသည်။

"ပုလဲ . . ဆုချလို့ မောင်ပြောနေတယ်လေ . ."

"ဒီကလည်း No လို့ ပြောနေတယ်လေ . . ."

"အပျော်မကြဲနဲ့နော် . . ."



www.burmeseclassic.com

www.burmeseclassic.com



"အောင်မာ ..လဲသေလိုက်"

"ဆုချဦးလို့ မောင်ပြောနေတယ် ..တယ်နော် ..."

"No မချဘူး .."

"ချကွာ ..."

"မချဘူး ..."

"ချ ..."

"ချဘူး .."

"ချ ..."

✱✱✱

BURMESE CLASSIC .com



ကျွန်တော် ဆိုတဲ့ကောင်ကလည်း တုံးမှမဟုတ်တာ ပရိသတ်ကြီးရယ်။ 'ဆုမချဘူး' ဆိုတဲ့ ကျွန်တော့်ကောင်မလေးကို ရင်ခွင်ထဲ ဆွဲသွင်းပြီး အနမ်းမိုးတွေ ပစ်ရွာပစ်တာပေါ့။

ပြောပေးပါဦးလား ပရိသတ်ကြီးရယ်။ ကျွန်တော့်ကောင်မလေးက အနမ်းလေးတစ်ပွင့်တစ်ဖူးလေး ဆုချရမှာတောင် မသထာဘူးဗျ။ ဒီတော့ ဝိုင်းပြောပေးကြပါဦးလား။ ဒါမှမဟုတ် အနမ်းလေးတစ်ပွင့်ရဖို့ကို.. ဒီလို အော်လိုက်ရမလား.. "အရပ်ကူပါ.. လူဝိုင်းပါဗျို့ ..." လို့ ....

www.burmeseclassic.com